## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏လူမှုစီးပွားဘဝလုံခြုံရေးအတွက်ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေး နှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေး လုပ်ငန်းများကို လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ် စနစ်ကိုအခြေခံသည့်ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကိုဆက်လက်ဆောင်ရွက် သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ISBN 978-99986-56-06-2



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၃ ခုနှစ်၊ ဇွန်လ )

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၃ ခုနှစ်၊ ဇွန်လ )

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ပြန်ကြားရေးဝန်ကြီးဌာန | – | စာအုပ်အမှတ်စဉ် ( ၅၄ / ၂၀၂၃ ) |
| ထုတ်ဝေသည့်ခုနှစ် | – | ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ |
| ထုတ်ဝေသည့်အကြိမ် | – | ပထမအကြိမ် |
| အုပ်ရေ | – | ၁၅၀၀ အုပ် |
| ပုံနှိပ် | – | ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန |

Online တွင်ဖတ်ရှုရန် Scan ဖတ်ပါ။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။


## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH, NUG, PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့် လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH, NUG, PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## Public Notice for Elimination of Violence

1. **Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.**
2. **Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.**
3. **Giving information secretly to the authorities on terrorists and on the possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၃ ခုနှစ်၊ ဇွန်လ )

# မာတိကာ


၁။ (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားတွင် ပြောကြားသည့်အမှာစကား ... ၇

၂။ ၂၀၂၃ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ပြောကြားသည့်အမှာစကား ... ၁၀

၃။ အောင်ဘာလေ အွန်လိုင်းသိန်းဆုထီစနစ်စတင်ခြင်း ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် အမှာစကား ... ၁၄

၄။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၃ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ၌ တွေ့ဆုံပြောကြားသည့်အမှာစကား ... ၁၈

၅။ တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (မြဝတီ) တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် ဝန်ထမ်းများအား တွေ့ဆုံပြောကြားသည့်အမှာစကား ... ၂၀

၆။ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) မှ နည်းပြအရာရှိကြီးများ၊ အမျိုးသမီး ဗိုလ်လောင်းသင်တန်းသူများနှင့် အမျိုးသမီးခြေလျင်တပ်စုမှူးသင်တန်းမှ သင်တန်းသူများအား တွေ့ဆုံပြောကြားသည့်အမှာစကား ... ၂၃

၇။ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ် သီလဝါဘက်စုံ စိုက်ပျိုးမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား ... ၂၆

၈။ အခြေခံစားသုံးကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ရေးအစည်းအဝေးသို့ တက်ရောက်စဉ် ပြောကြားသည့်အမှာစကား ... ၂၉

၉။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ရုံး၊ ဌာနအသီးသီးမှ အရာရှိငယ်များအား တွေ့ဆုံ ပြောကြားသည့်အမှာစကား ... ၃၅

၁၀။ (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲနှင့် (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှ (ဖိတ်ခေါ်) ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတို့တွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားတွင် ပြောကြားသည့်အမှာစကား ၃၉

၁၁။ (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၁၂) ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတို့တွင် နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သားအားကစား သမားများနှင့် အုပ်ချုပ်သူနည်းပြများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားတွင် ပြောကြားသည့်အမှာစကား ၄၃

၁၂။ ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဥဣာတော်အမြင့်ဆုံး ဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပြီးစီးမှုအခြေအနေများ ရှင်းလင်းပြသခြင်း အခမ်းအနားတွင် ပြောကြားသည့်အမှာစကား ၄၆

၁၃။ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအား စွမ်းဆောင်မှုဆိုင်ရာဘွဲ့ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ် ဂုဏ်ပြုချီးမြှင့်စဉ် ပြောကြားသည့်အမှာစကား ၅၂

၁၄။ နိုင်ငံ့စီးပွားမြှင့်တင်ရေးအစည်းအဝေးသို့တက်ရောက်စဉ် ပြောကြားသည့်အမှာစကား ၅၅

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ဦးတည်ချက် (၁၂) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကိုအခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင် တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

# (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားတွင် ပြောကြားသည့်အမှာစကား

( ၁ - ၆ - ၂၀၂၃ )



ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇွန်လ ၁ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ အိုလံပစ်ကောင်စီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများ၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ၊ အုပ်ချုပ်သူများ၊ နည်းပြများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆုတံဆိပ် ၁၁၄ ခု ရယူပေးနိုင်ခဲ့**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ယခုနှစ် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၁၉ နည်း၊ အားကစားသမား ၃၄၁ ဦး၊ အုပ်ချုပ်သူ/နည်းပြ ၁၀၄ ဦး၊ စုစုပေါင်း ၄၄၅ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ် ၂၁ ခု၊ ငွေတံဆိပ် ၂၅ ခု၊ ကြေးတံဆိပ် ၆၈ ခု စုစုပေါင်းဆုတံဆိပ် ၁၁၄ ခု ရယူပေးနိုင်ခဲ့ကြသည်ကို တွေ့ရှိရပါကြောင်း။

ဘောလုံးပြိုင်ပွဲ၌ မိမိတို့အမျိုးသား၊ အမျိုးသမီးအသင်း နှစ်သင်းလုံးသည် အကြိုဗိုလ်လုပွဲကို တက်ရောက်နိုင်ခဲ့ကြသည်မှာ ပြည်သူတစ်ရပ်လုံးအတွက် အားတက်ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာဖြစ်ပါကြောင်း၊ မြန်မာအမျိုးသမီး ဘောလုံးအသင်းမှာ အုပ်စုအဆင့်၌ ပြိုင်ဘက်အသင်းကောင်းများဖြစ်သည့် ဗီယက်နမ်၊ ဖိလစ်ပိုင်၊ မလေးရှား စသည့်အသင်းများနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး အကြိုဗိုလ်လုပွဲ၌ အာဆီယံတွင် အင်အားကြီးထိုင်းနိုင်ငံအသင်းကို ဂုဏ်သိက္ခာရှိရှိအနိုင်ရရှိကာ ၂၀၀၅ ခုနှစ်နောက်ပိုင်း ဗိုလ်လုပွဲကို ပြန်လည်တက်လှမ်းနိုင်ခဲ့သည့်အတွက် အားကစားဝါသနာရှင် မိဘပြည်သူများကို အတိုင်းအတာတစ်ခုအထိ ကျေနပ်မှုပေးစွမ်းနိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ မြန်မာအားကစားအဖွဲ့၏ ထူးခြားချက်အနေဖြင့် မြန်မာနိုင်ငံအနေနှင့် ၁၉၈၁ ခုနှစ်နောက်ပိုင်း အခြားအိမ်ရှင်နိုင်ငံများကို ဧည့်နိုင်ငံအဖြစ် သွားရောက်ယှဉ်ပြိုင်ခဲ့သည့် SEA GAMES ပြိုင်ပွဲများ၌ ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ် အများဆုံး ရယူပေးနိုင်ခဲ့သည့် ပြိုင်ပွဲဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

**ဝင်ရောက်ယှဉ်ပြိုင်**

ယခုနှစ်ပြိုင်ပွဲကို ပြိုင်ပွဲဝင်နိုင်ငံ ၁၁ နိုင်ငံက ပြိုင်ပွဲဝင်ကစားသမား အင်အား ၆၂၀၀ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြပြီး အိမ်ရှင်ကမ္ဘောဒီးယားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့အနေဖြင့် ပြိုင်ပွဲဝင်အင်အား ၈၀၀ ကျော်စီ၊ ဗီယက်နမ်နိုင်ငံအနေဖြင့် ပြိုင်ပွဲဝင်အင်အား ၇၀၀ ကျော်၊ မလေးရှားနိုင်ငံအနေဖြင့် အင်အား ၆၀၀ ကျော်၊ အင်ဒိုနီးရှား၊ လာအို၊ စင်ကာပူနိုင်ငံတို့အနေဖြင့် အင်အား ၅၀၀ ကျော်စီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး မြန်မာနိုင်ငံအနေဖြင့် ပြိုင်ပွဲဝင် အားကစားသမားအင်အား ၃၄၁ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

အလားတူ အားကစားနည်းအလိုက် ပါဝင်ယှဉ်ပြိုင်မှုအနေဖြင့်လည်း အိမ်ရှင်နိုင်ငံက ထည့်သွင်းကျင်းပသည့် အားကစားနည်း ၃၆ နည်းတွင် အိမ်ရှင်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံနှစ်နိုင်ငံက အားကစားနည်းအားလုံး ရာနှုန်းပြည့်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံတို့အနေဖြင့် အားကစားနည်း ၃၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၁၉ နည်းသာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းကြောင့် အားကစားနည်း ပါဝင်ယှဉ်ပြိုင်မှု ရာခိုင်နှုန်းအနေဖြင့် ၅၂ ဒသမ ၇၈ ရာခိုင်နှုန်း ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့သည်ကို တွေ့ရပါကြောင်း၊ အားကစားသမား ပါဝင်ယှဉ်ပြိုင်မှု အချိုးအစားကို တွက်ကြည့်လျှင်လည်း အာဆီယံနိုင်ငံအားလုံးက ပါဝင်ယှဉ်ပြိုင်သူအင်အား၏ ၅ ဒသမ ၅ ရာခိုင်နှုန်း ရှိသည်ကို တွေ့ရပါကြောင်း။

ထို့ပြင် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှစပြီး (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအထိ မိမိနိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်သူ အားကစားသမားဦးရေနှင့် ဆုတံဆိပ်ရရှိမှုရာခိုင်နှုန်း တွက်ချက်မှုအရ မြန်မာနိုင်ငံ၏ အောင်မြင်မှုရာခိုင်နှုန်းသည် (၂၇) ကြိမ်မြောက်ပြိုင်ပွဲ၌ ၂၈ ရာခိုင်နှုန်း၊ (၂၈) ကြိမ်မြောက်ပြိုင်ပွဲ၌ ၁၇ ဒသမ ၈ ရာခိုင်နှုန်း၊ (၂၉) ကြိမ်မြောက်ပြိုင်ပွဲ၌ ၉ ဒသမ ၆၈ ရာခိုင်နှုန်း၊ အကြိမ် (၃၀) မြောက်ပြိုင်ပွဲ၌ ၇ ဒသမ ၆၆ ရာခိုင်နှုန်း၊ (၃၁) ကြိမ်မြောက် ပြိုင်ပွဲ၌ ၂၁ ဒသမ ၅၂ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပြီး ယခု (၃၂) ကြိမ်မြောက်ပြိုင်ပွဲ၌ ၃၃ ဒသမ ၄၃ ရာခိုင်နှုန်းအထိ ရရှိခဲ့သည့်အတွက် အောင်မြင်မှု

> နိုင်ငံတကာပြိုင်ပွဲများတွင် နိုင်ငံတော်အတွက်
> ဆုတံဆိပ်များ ရယူပေးနိုင်ခြင်းသည်
> နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်ပေးရာ
> ရောက်သည့်အပြင် နိုင်ငံတကာအလယ်တွင်
> အမိမြန်မာနိုင်ငံတော်အလံကိုလွှင့်တင်ပြီး
> နိုင်ငံတော်သီချင်းသံ လွှင့်ပျံ့အောင်
> စွမ်းဆောင်ကြိုးပမ်းခဲ့သူများဖြစ်သည့်အတွက်
> အုပ်ချုပ်သူနည်းပြများအပါအဝင်
> နိုင်ငံ့ဂုဏ်ဆောင် အားကစား
> မောင်မယ်များအား ယခုကဲ့သို့
> ထိုက်ထိုက်တန်တန် ဂုဏ်ပြုရခြင်းပင်ဖြစ်။

ရာခိုင်နှုန်း အမြင့်မားဆုံး ပြိုင်ပွဲဖြစ်သည်ကိုလည်း မှတ်တမ်းတင်နိုင်ခဲ့ပါကြောင်း။

**ဦးတည်ကြိုးပမ်း**

အားကစားပြိုင်ပွဲများ၌ အောင်မြင်မှုရခြင်းအတွက် ဝမ်းသာဂုဏ်ယူမိသကဲ့သို့ မြန်မာနိုင်ငံသား အားလုံးက လိုလားတောင့်တနေသည့် ဘောလုံးပြိုင်ပွဲ ရွှေတံဆိပ်ဆု ရရှိရေးကိုလည်း အမျိုးသားရေးအဖြစ် ဦးတည်ကြိုးပမ်းကြရန် တိုက်တွန်းလိုပါကြောင်း၊ အလားတူ အရှိန်အဝါကြီးခဲ့သော အစဉ်အလာရှိခဲ့သည့် ဘော်လီဘော၊ ပြေးခုန်ပစ်၊ အလေးမနှင့် လက်ဝှေ့ပြိုင်ပွဲများတွင်လည်း ရွှေတံဆိပ်များလွှမ်းနိုင်အောင် ကြိုးပမ်းကြရန် အားကစားသမားများနှင့် အဖွဲ့ချုပ်များကိုပါ တိုက်တွန်းလိုပါကြောင်း။

နိုင်ငံတကာပြိုင်ပွဲများတွင် နိုင်ငံတော်အတွက် ဆုတံဆိပ်များရယူပေးနိုင်ခြင်းသည် နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်ပေးရာရောက်သည့်အပြင် နိုင်ငံတကာအလယ်တွင် အမိမြန်မာနိုင်ငံတော်အလံကိုလွှင့်တင်ပြီး နိုင်ငံတော်သီချင်းသံ လွှင့်ပျံ့အောင် စွမ်းဆောင်ကြိုးပမ်းခဲ့သူများဖြစ်သည့်အတွက် အုပ်ချုပ်သူနည်းပြများအပါအဝင် နိုင်ငံ့ဂုဏ်ဆောင် အားကစား မောင်မယ်များအား ယခုကဲ့သို့ ထိုက်ထိုက်တန်တန် ဂုဏ်ပြုရခြင်းပင်ဖြစ်ပါကြောင်း။

**ကြိုတင်ပြင်ဆင်**

ထို့ကြောင့် လာမည့် ၂၀၂၅ ခုနှစ် ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် အဆင့်မီမီ ယှဉ်ပြိုင်နိုင်မည့် အားကစားနည်း အရေအတွက်ရောအားကစားသမား အရေအတွက်ပါ တိုးမြှင့်ယှဉ်ပြိုင်နိုင်ရေးနှင့် ယခုထက်ပိုမိုအောင်မြင်မှုရရှိစေရေး ကြိုတင်ပြင်ဆင် စီမံဆောင်ရွက်သွားကြရန် ဝန်ကြီးဌာနနှင့် အားကစားအဖွဲ့ချုပ်များကို ကြိုတင်အသိပေး မှာကြားလိုပါကြောင်း။

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသည် အရှေ့တောင်အာရှဒေသအတွင်း ဂုဏ်သိက္ခာအမြင့်ဆုံး အားကစားပြိုင်ပွဲ၊ အာဆီယံနိုင်ငံများ၏ အားကစားအဆင့်အတန်းကို မှတ်ကျောက်တင်ရာ အားကစားပြိုင်ပွဲ၊ နိုင်ငံတစ်နိုင်ငံ၏ အားကစားအဆင့်အတန်းကို တိုင်းတာသည့် အားကစားပြိုင်ပွဲကြီးတစ်ခုလည်း ဖြစ်ပါကြောင်း၊ ထို့ကြောင့်လည်း အားကစားမောင်မယ်များအနေဖြင့် နောင်လာမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအပါအဝင် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင်လည်း ဆက်လက်အောင်မြင်မှုရရှိစေရေး မလျှော့သော ဇွဲ၊ လုံ့လ၊ အားမာန်၊ စိတ်ဓာတ်တို့ဖြင့် ယခုထက် ပိုမိုအားထုတ်ကြိုးပမ်းသွားကြရန် ထပ်မံပြီး အလေးအနက် တိုက်တွန်းမှာကြားလိုပါကြောင်း။

နိုင်ငံတကာပြိုင်ပွဲများတွင် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ယခုထက်ပိုမိုရရှိပြီး နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်နိုင်ရေး၊ လူငယ်လူရွယ်တိုင်း အားကစားကို စိတ်ပါဝင်စားပြီး လေ့လာလိုက်စားရာမှတစ်ဆင့် ပြိုင်ပွဲဝင်နိုင်သည်အထိ လေ့ကျင့်ယှဉ်ပြိုင်နိုင်ရေးနှင့် အရှေ့တောင်အာရှအဆင့်မှသည် အာရှအဆင့်၊ ကမ္ဘာ့အဆင့်ထိ ထိုးဖောက်နိုင်စေရေး ရည်မှန်းချက်ထားပြီး ဆက်လက်ကြိုးပမ်း အားထုတ်သွားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း ပြောကြားသည်။

■ ■ ■

# ၂၀၂၃ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ပြောကြားသည့်အမှာစကား

( ၅ - ၆ - ၂၀၂၃ )





၂၀၂၃ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနားကို ဇွန်လ ၅ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊လေ)ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဆုရရှိကြသူများ၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်နှင့် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများအားလုံး၏ ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ဝိုင်းဝန်းဖြေရှင်း ဆောင်ရွက်လာကြစေရန်အတွက် ၁၉၇၂ ခုနှစ်တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂအထွေထွေညီလာခံက ဇွန်လ ၅ ရက်နေ့ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ခဲ့ပါကြောင်း၊ ၁၉၇၃ ခုနှစ်မှစတင်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးတွင် နှစ်စဉ်ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကိုကျင်းပခဲ့သည်မှာ ယခုအခါ နှစ်(၅၀) ပြည့်မြောက်သည့် ရွှေရတုကိုရောက်ရှိခဲ့ပြီဖြစ်ပါကြောင်း၊ ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်အဖြစ် **"ပလတ်စတစ်ညစ်ညမ်းမှု တိုက်ဖျက်ဖို့ ပူးပေါင်းဖြေရှင်းဆောင်ရွက်စို့ (Solutions to Plastic Pollution)"** ဟု သတ်မှတ်ထားပါကြောင်း၊ ယခုနှစ်ဆောင်ပုဒ်၏ ရည်ရွယ်ချက်မှာ ကမ္ဘာတစ်ဝန်းလုံးရှိ လူသားတို့၏ ပြုမူဆောင်ရွက်ချက်များကြောင့် ဖြစ်ပေါ်လာသည့် ပလတ်စတစ်ညစ်ညမ်းမှုအန္တရာယ်ဆိုင်ရာ အကျိုးဆက်များကို နိုင်ငံများအားလုံးဖြေရှင်းဆောင်ရွက်ရန်၊ ပလတ်စတစ်

ညစ်ညမ်းမှု ကိုင်တွယ်ဖြေရှင်းခြင်းကို အရှိန်မြှင့်တင်ဆောင်ရွက်ရန်၊ စွန့်ပစ်ပစ္စည်းအနည်းဆုံးနှင့် ပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေသည့် ပတ်လည် စီးပွားရေးလုပ်ငန်း (Circular Economy) သို့ အသွင်ကူးပြောင်းရန် အချိန်ကျရောက်ပြီဖြစ်သည်ကို သတိပေးလိုက်ခြင်းပင် ဖြစ်ပါကြောင်း။

**ပလတ်စတစ်၏ဆိုးကျိုး**

ပလတ်စတစ်၏ဆိုးကျိုးနှင့်ပတ်သက်၍ပလတ်စတစ်သည် သဘာဝအလျောက် မပျက်စီးသည့်၊ ပြိုကွဲပျောက်ပျက်ရန်မလွယ်သည့်၊ ပတ်ဝန်းကျင်ကိုညစ်ညမ်းပြီး အန္တရာယ်ဖြစ်စေသည့် ပစ္စည်းများထဲမှတစ်ခုဖြစ်ပြီး နှစ်ပေါင်းများစွာကြာမှသာ ပြိုကွဲပျက်စီးနိုင်ပါကြောင်း၊ ကုန်းမြေနှင့်ရေလမ်းကြောင်း၌ ပလတ်စတစ် စွန့်ပစ်ပစ္စည်းများကို စည်းကမ်းမဲ့စွန့်ပစ်ခြင်းကြောင့် ရေမြောင်းများ၊ မြစ်ချောင်းများ၏ ရေလမ်းကြောင်းစီးဆင်းမှုများ ပိတ်ဆို့မှုဖြစ်ပွားပြီး ရေကြီးရေလျှံသည်အထိပါ ဖြစ်ပွားစေပါကြောင်း၊ ရေလမ်းကြောင်းအနီး၌ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို စည်းကမ်းမဲ့စွန့်ပစ်ခြင်းသည် ရေချိုသယံဇာတများကို ညစ်ညမ်းစေသည်သာမကပဲ ရေအရည်အသွေးကိုလည်း ကျဆင်းစေခြင်းဖြစ်ပါကြောင်း၊ အဆိုပါ စွန့်ပစ်ပလတ်စတစ်များသည် မြစ်ချောင်းများမှတစ်ဆင့် ပင်လယ်သမုဒ္ဒရာအဏ္ဏဝါပတ်ဝန်းကျင်ကို ရောက်ရှိပြီး အချိန်ကြာလာသည်နှင့်အမျှ သေးငယ်သည့် ပလတ်စတစ်အပိုင်းအစများ (မိုက်ခရိုပလတ်စတစ်) အဖြစ် ပြောင်းလဲဖြစ်ပေါ်ကာ အဏ္ဏဝါပတ်ဝန်းကျင် ညစ်ညမ်းမှုကိုလည်းဖြစ်ပေါ်စေပါကြောင်း။

**လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေ**

ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို ဖျောက်ဖျက်ပစ်ရန် မီးရှို့ဖျက်ဆီးမည်ဆိုပါကလည်း ကာဗွန်မိုနောက်ဆိုက်၊ ဒိုင်အောက်စင်၊ ဟိုက်ဒရိုဂျင်ဆိုင်ယာနိုက် စသည့် ဓာတ်ငွေ့များ ထွက်ရှိလာပြီး လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည့်အတွက် လူသားများ၏ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်ပါကြောင်း၊ ထို့ကြောင့် ပလတ်စတစ်သည် စတင်ထုတ်လုပ်သည့် အချိန်မှစ၍ အသုံးပြုပြီး စွန့်ပစ်သည့်အချိန်အထိ ၎င်း၏သက်တမ်းတစ်လျှောက်လုံးတွင် သဘာဝပတ်ဝန်းကျင် လေထု၊ မြေထု၊ ရေထုကို ညစ်ညမ်းစေသည်သာမကပဲ ကုန်းနေရေနေသတ္တဝါများကိုပါ အန္တရာယ်များစွာ ကျရောက်စေပါကြောင်း၊ ကမ္ဘာပေါ်ရှိလူတစ်ဦးချင်းစီသည် ယေဘုယျအားဖြင့် တစ်နှစ်လျှင် ပျမ်းမျှပလတ်စတစ်အမှုန်ပေါင်း ၅၀၀၀၀ နှင့်အထက် ခန္ဓာကိုယ်အတွင်းကို အကြောင်းအမျိုးမျိုးနှင့် ရောက်ရှိလျက်ရှိကြောင်းကို ကုလသမဂ္ဂပတ်ဝန်းကျင် အစီအစဉ်က ထုတ်ပြန်သည့်သတင်းအချက်အလက်များအရ သိရှိရပါကြောင်း၊ အဆိုပါ ကိစ္စရပ်သည် မည်မျှအန္တရာယ်ကြီးသည်ကို စဉ်းစားကြည့်ပါက သိနိုင်ပါကြောင်း။

မြစ်ချောင်းများသည် ပလတ်စတစ်အမှိုက်များကို ကုန်းတွင်းပိုင်းမှ ပင်လယ်ထဲကို သယ်ဆောင်ပြီး သမုဒ္ဒရာညစ်ညမ်းမှုကို အဓိကဖြစ်စေပါကြောင်း၊ လက်ရှိသမုဒ္ဒရာများအတွင်း ပလတ်စတစ်တန်ချိန် ၇၅ သန်းမှ ၁၉၉ သန်းခန့်အထိ တွေ့နိုင်သည်ဟု လေ့လာချက်များအရသိရှိရပါကြောင်း၊ ပလတ်စတစ်ထုတ်လုပ်မှု၊ သုံးစွဲမှုနှင့် စွန့်ပစ်မှုပုံစံများကို မပြောင်းလဲပါက ရေနေဂေဟစနစ်အတွင်းကို ပလတ်စတစ်အမှိုက်ဝင်ရောက်မှုပမာဏသည် တစ်နှစ်ကို တန်ချိန် ၁၉ သန်းမှ ၂၃ သန်းအထိရှိနေပြီး ၂၀၄၀ ပြည့်နှစ်တွင် သုံးဆနီးပါးတိုးလာနိုင်သည်ကို ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်၏ ဖော်ပြထားချက်များအရ လေ့လာသိရှိရပါကြောင်း။

၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (Food and Agriculture Organization– FAO)က ထုတ်ပြန်သည့် **“၂၀၂၂ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ငါးလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေးလုပ်ငန်းအစီရင်ခံစာ (The State of World Fisheries and Aquaculture 2022)”** အရ ပင်လယ်နေသတ္တဝါများကို အလွန်အကျွံဖမ်းဆီးခြင်း၊ ရေထုညစ်ညမ်းခြင်း၊ စီမံခန့်ခွဲမှုညံ့ဖျင်းခြင်းနှင့် အခြားအကြောင်းများကြောင့် ရေနေသတ္တဝါများနှင့် ရေသယံဇာတများဆက်လက်ကျဆင်းနေသည်ကိုတွေ့ရှိရပါကြောင်း၊ စွန့်ပစ်ထားသည့်ငါးဖမ်းပိုက်များ၊ ပျောက်ဆုံးသွားသည့် ငါးဖမ်းပိုက်များ၊ အသုံးပြု၍မရတော့သည့် ငါးဖမ်းပိုက်များစသည့် အဏ္ဏဝါပလတ်စတစ် အမှိုက်သရိုက်များ၏ စိန်ခေါ်မှုသည် ကမ္ဘာလုံးဆိုင်ရာပြဿနာတစ်ခုဖြစ်နေသည်ကို ဖော်ပြထားပါကြောင်း။

အာဆီယံဒေသတွင်း အဏ္ဏဝါအမှိုက်သရိုက် တိုက်ဖျက်ရေးဆိုင်ရာ ဘန်ကောက်ကြေညာစာတမ်းနှင့် အာဆီယံမူဘောင်ကို ၂၀၁၉ ခုနှစ်တွင် အတည်ပြုခဲ့ရာ မြန်မာနိုင်ငံက

ပူးပေါင်းပါဝင်ခဲ့ပြီး အဏ္ဏဝါအမှိုက်သရိုက်တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံဒေသတွင်း (၂၀၂၁-၂၀၂၅) လုပ်ငန်းအစီအစဉ်၌ မြန်မာနိုင်ငံအနေဖြင့် အခြားအာဆီယံနိုင်ငံများနှင့်အတူ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄၅ နှင့် ပုဒ်မ ၃၉၀၊ ပုဒ်မခွဲ(ခ)တို့တွင် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းရေးနှင့်ပတ်သက်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏ တာဝန်ရှိမှုကို သတ်မှတ်ပြဋ္ဌာန်းထားပါကြောင်း၊ ထို့ကြောင့် မိမိတို့တစ်တွေသည် မူလကတည်းက သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးသူများဖြစ်ကြသည့် အားလျော်စွာ နိုင်ငံတော်၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများတွင် မိမိတို့တတ်နိုင်သည့် ကဏ္ဍမှ တာဝန်သိတတ်သည့်စိတ်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

**ပလတ်စတစ်ညစ်ညမ်းမှုကို အဓိကဦးစားပေး ဖြေရှင်းရန် သတ်မှတ်ထား**

မြန်မာနိုင်ငံအနေဖြင့် **“မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာ”** နှင့် **“ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၃၀)”** တွင် ရည်မှန်းချက် ပန်းတိုင် ၆ ခုကို အခြေခံချမှတ်ထားပြီး ပလတ်စတစ်ညစ်ညမ်းမှုကို အဓိကဦးစားပေးဖြေရှင်းရန် သတ်မှတ်ထားပါကြောင်း၊ မြန်မာနိုင်ငံသည် **“ဘေးအန္တရာယ်ဖြစ်စေသော စွန့်ပစ်ပစ္စည်းများနှင့် ၎င်းတို့၏စွန့်ပစ်မှုအား နယ်စပ်ဖြတ်ကျော်သယ်ဆောင်ခြင်းကို ထိန်းချုပ်ခြင်းဆိုင်ရာ ဘာဆယ်ကွန်ဗင်းရှင်း”** ၏အဖွဲ့ဝင်နိုင်ငံအနေဖြင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများတင်သွင်း၊ တင်ပို့ခြင်းကိစ္စရပ်များအပေါ် ကွန်ဗင်းရှင်းပါ ကတိကဝတ်များနှင့်အညီ **“ပတ်ဝန်းကျင်မထိခိုက်စေသော ခိုင်လုံသည့်အစီအမံ (Environmentally Sound Management)”** နှင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံသည် မြေပေါ်သယံဇာတဖြစ်သည့် သစ်နှင့် ဝါးကုန်ကြမ်းများ ပေါကြွယ်ဝသည့် နိုင်ငံဖြစ်သောကြောင့် တစ်ခါသုံးပလတ်စတစ်အစားထိုးသုံးပစ္စည်းများကို စနစ်တကျထုတ်လုပ်နိုင်သည့် အခြေခံများရှိပြီး ဖြစ်ပါကြောင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းသည့်အနေဖြင့် သစ်တောများ စနစ်တကျ ပြုပြင်ထိန်းသိမ်း စိုက်ပျိုးထုတ်လုပ်ခြင်းကို ကမ္ဘာတွင် စံပြအဖြစ် ကောင်းစွာ ပြုလုပ်နိုင်ပါကြောင်း၊ ပလတ်စတစ်အစားထိုး စက္ကူမျိုးစုံထုတ်လုပ်ခြင်းကို သစ်တောများ ပြန်လည်ထိန်းသိမ်းခြင်းအနေဖြင့် မိမိတို့ကြိုးစားဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

ထို့အတူ ပြည်တွင်းမှ ပလတ်စတစ်စွန့်ပစ်ပစ္စည်းအပါအဝင် ပတ်ဝန်းကျင်ကို ညစ်ညမ်းစေသည့် စွန့်ပစ်ပစ္စည်းများ တတ်နိုင်သမျှလျှော့ချရန်၊ ပြန်လည်သုံးစွဲရန်နှင့် စွန့်ပစ်ပစ္စည်းများကို ပြန်လည်ပြုပြင် ထုတ်လုပ်သည့် ပြည်တွင်းရှိ အသေးစား၊ အငယ်စား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးကို အားပေးဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ပြည်တွင်းမှာ မလိုလားအပ်သည့်ပတ်ဝန်းကျင်ညစ်ညမ်းမှုများမှ ရှောင်ရှားနိုင်ရန် ပြည်ပနိုင်ငံများက စွန့်ပစ်ပစ္စည်းများ တင်သွင်းလာမှုများမရှိစေရေးအတွက်လည်း အထူးအလေးထား ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ နိုင်ငံအတွင်း စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုကိုလက်တွေ့ဆောင်ရွက်နေကြသည့် သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် စနစ်တကျ အမှိုက်ခွဲခြားစွန့်ပစ်သည့်စနစ်နှင့် အမှိုက်ခွဲခြားသိမ်းဆည်းသည့် စနစ်တို့ကိုလည်း ပိုမို

**မြန်မာနိုင်ငံသည်**
**မြေပေါ်သယံဇာတဖြစ်သည့် သစ်နှင့် ဝါး**
**ကုန်ကြမ်းများ ပေါကြွယ်ဝသည့် နိုင်ငံ**
**ဖြစ်သောကြောင့် တစ်ခါသုံးပလတ်စတစ်**
**အစားထိုးသုံးပစ္စည်းများကို စနစ်တကျ**
**ထုတ်လုပ်နိုင်သည့် အခြေခံများရှိပြီးဖြစ်၊**
**သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းသည့်**
**အနေဖြင့် သစ်တောများ စနစ်တကျ ပြုပြင်**
**ထိန်းသိမ်း စိုက်ပျိုးထုတ်လုပ်ခြင်းကို**
**ကမ္ဘာတွင် စံပြအဖြစ် ကောင်းစွာပြုလုပ်နိုင်၊**
**ပလတ်စတစ်အစားထိုး စက္ကူမျိုးစုံ**
**ထုတ်လုပ်ခြင်းကို သစ်တောများ**
**ပြန်လည်ထိန်းသိမ်းခြင်းအနေဖြင့် မိမိတို့**
**ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်။**

ကောင်းမွန်လာစေရေး အကောင်အထည်ဖော်ဆောင်ရွက်ကြရန်ကိုလည်း တိုက်တွန်းမှာကြားလိုပါကြောင်း။

**3R စနစ်**

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းလုံး ပလတ်စတစ်ညစ်ညမ်းမှုမှကင်းဝေးပြီး ရေရှည်တည်တံ့ဖွံ့ဖြိုး တိုးတက်နိုင်ရန်အတွက် **"ပလတ်စတစ်ညစ်ညမ်းမှု တိုက်ဖျက်ဖို့ ပူးပေါင်းဖြေရှင်းဆောင်ရွက်စို့ (Solutions to Plastic Pollution)"** ဆိုသည့် ၂၀၂၃ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်နှင့်အညီ ပလတ်စတစ်ညစ်ညမ်းမှုကို လျော့ကျစေရန် 3R စနစ်ဖြစ်သည့် ပလတ်စတစ်သုံးစွဲမှုကို လျှော့ချခြင်း (Reduce)၊ တစ်ခါသုံးပလတ်စတစ်သုံးစွဲမှုရှောင်ကြဉ်ပြီး ပြန်လည်အသုံးပြုခြင်း (Reuse) နှင့် စွန့်ပစ်ပလတ်စတစ်ပစ္စည်းများကို ကုန်ကြမ်းအဖြစ် ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်း (Recycle) တို့ကို ရေရှည်အစီအမံများ ချမှတ်ဆောင်ရွက်ခြင်းဖြင့် ပလတ်စတစ်ညစ်ညမ်းမှုတိုက်ဖျက်ရေးကို မိမိတို့ပြည်သူလူထုအားလုံးဝိုင်းဝန်းပူးပေါင်းဖြေရှင်း ဆောင်ရွက်သွားကြပြီး ပိုမိုကောင်းမွန်သောသဘာဝပတ်ဝန်းကျင်ကိုတည်ဆောက်သွားကြပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

■ ■ ■

# အောင်ဘာလေ အွန်လိုင်းသိန်းဆုထီစနစ်စတင်ခြင်း ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့်အမှာစကား

( ၈ - ၆ - ၂၀၂၃ )





အောင်ဘာလေ အွန်လိုင်းသိန်းဆုထီစနစ်စတင်ခြင်း ဖွင့်ပွဲအခမ်းအနားကို ဇွန်လ(၈)ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ၊ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာနကိုယ်စား Viettel Group မှတာဝန်ရှိသူများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ အနုပညာရှင်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကြည့်ရှုအားပေး**

ဦးစွာ အောင်ဘာလေအဖွင့်သီချင်း “အောင်” တေးသီချင်းကို အဆိုအကများဖြင့်လည်းကောင်း၊ “The era of the digital in Myanmar” တေးသီချင်းကို အကဖြင့်လည်းကောင်း တင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်ပွဲပြုလုပ်ပြီး စတင်ဆောင်ရွက်မည့် **“အောင်ဘာလေ”** အွန်လိုင်းသိန်းဆုထီစနစ် အကောင်အထည်ဖော်ရခြင်း၏ရည်ရွယ်ချက်မှာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနက လက်ရှိကျင့်သုံးဆောင်ရွက်နေသည့် အောင်ဘာလေသိန်းဆုထီလက်မှတ်များကိုပုံနှိပ်ပြီး ရောင်းချသည့်စနစ်အပြင် ပြောင်းလဲတိုးတက်လာသည့်ခေတ်စနစ်နှင့် လိုက်လျောညီထွေမှုရှိစေပြီး ထီကံစမ်းလိုသူ မိဘပြည်သူများအနေဖြင့် သတ်မှတ်ဈေးနှုန်းများအတိုင်း အွန်လိုင်းမှလွယ်ကူစွာ ထီကံစမ်းနိုင်ရန်အတွက်ဖြစ်ပါကြောင်း၊ ယနေ့ အခမ်းအနားတွင်

မြန်မာနိုင်ငံ၏ ပထမဦးဆုံးတရားဝင်အသုံးပြုတော့မည့် အောင်ဘာလေ အွန်လိုင်းသိန်းဆုထီစနစ် အက်ပလီကေးရှင်းကို စတင်မိတ်ဆက်မည်ဖြစ်ပါကြောင်း။

အောင်ဘာလေဆိုသည်နှင့်ပတ်သက်၍ ရှေးရှေးမြန်မာများသည် ဆောင်ရွက်ရန်အလွန်ခက်ခဲသည့် ကုသိုလ်ကောင်းမှုကိစ္စရပ်တစ်ခုခုကို အောင်မြင်စွာ ဆောင်ရွက်နိုင်သည့်အခါ **"အောင်ဘာလေ"**ဟု ကျူးရင့်သည့် အလေ့အထစွဲမြဲလာခဲ့သည်ကို တွေ့ရပါကြောင်း၊ အလားတူ ရပ်ထဲရွာထဲတွင် မဟာဒုက်မဲ၊ စာရေးတံမဲ၊ ကံစမ်းမဲ ပေါက်ကြသူများ၏ နာမည်နှင့်တွဲပြီး **"အောင်ဘာလေ"**ဟု ကြေညာလေ့ရှိသည်ကို သိရပါကြောင်း၊ ခက်ခဲသည့် အလုပ်တစ်ခုခု ပြီးဆုံးသည်ဖြစ်စေ၊ ကုသိုလ်ကောင်းမှုတစ်ခုခု အောင်မြင်သည်ဖြစ်စေ အောင်အတိတ် အောင်နိမိတ်ဆောင်သည့် တေးသီချင်းတစ်ပုဒ်ကို ပျော်ရွှင်ဝမ်းမြောက်စွာ ကျူးရင့်ဟစ်ကြွေးလေ့ရှိရာ အဆိုပါသီချင်းမှာ **"အောင်ဘာလေ သပြေပန်းနှင့် ရေချမ်းလောင်း"**ဟူ၍ ဖြစ်သည်ဟု သိရှိရပါကြောင်း။

## တိုးချဲ့ချီးမြှင့်ခဲ့

ခေတ်အဆက်ဆက်တွင် ပြည်သူလူထု၏ ဝယ်ယူကံစမ်းမှု မြင့်တက်လာသည်နှင့်အမျှ ထီလက်မှတ်ဈေးနှုန်းများကို အောင်ဘာလေထီ နှစ်ကျပ်တန်ထီစနစ်မှ ကျပ် ၁၀၀၀ တန်ထီစနစ်အထိ တိုးမြှင့်လာခဲ့သကဲ့သို့ ချီးမြှင့်သည့်ထီဆုငွေပမာဏများ တိုးမြှင့်လာခဲ့ပြီး ဆုမဲအရေအတွက်များကိုလည်း တိုးချဲ့ချီးမြှင့်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ကျပ် ၁၀၀၀ တန်ထီကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့က စတင်ရောင်းချခဲ့ပြီး အမြင့်ဆုံးဆုမဲ တန်ဖိုးငွေကျပ် သိန်းတစ်သောင်းခွဲ (သန်း ၁၅၀၀) အထိ ချီးမြှင့်ပေးခဲ့ပါကြောင်း။

ထို့ပြင် လက်ရှိရောင်းချလျက်ရှိသည့် အောင်ဘာလေ သိန်းဆုထီလက်မှတ်စနစ်၏ အားနည်းချက်များအပေါ် ပြည်သူလူထုက ဝေဖန်မှုများရှိနေသည်ကို သိရှိရပြီး အထူးသဖြင့် ထီလက်မှတ်ဈေးနှုန်းသည် သတ်မှတ်ဈေးနှုန်းထက် ထီဆိုင်များကဈေးကြီးပြီး ဝယ်ယူကံစမ်းရနေကြရခြင်းအပေါ် ဖြေရှင်းဆောင်ရွက်ပေးရန် တောင်းဆိုမှုများရှိသည်ကို တွေ့ရှိရပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏တာဝန်ကို စတင်ထမ်းဆောင်စဉ်ကတည်းက ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို နိုင်ငံတော်နှင့်ပြည်သူလူထု၏ အကျိုးကိုရှေးရှုပြီး ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ **"ရှေ့သို့လှမ်းချီ ပန်းတိုင်ဆီ"**ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပြည်သူ့အကျိုးပြုလုပ်ငန်းများ အောင်မြင်စေရေး စနစ်တကျစီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေး၊ ပြည်သူတို့ ကျန်းမာပျော်ရွှင်ရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ၌ အောင်ဘာလေအွန်လိုင်း ထီစနစ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည်လည်း ပြည်သူများအတွက် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

## ၇၀ ရာခိုင်နှုန်းအထိတိုးမြှင့်

နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်သူများစိတ်အပန်းဖြေပျော်ရွှင်စေရေး၊ တရားမဝင်လောင်းကစားလုပ်ငန်းများကို လျှော့ချတားဆီးကာကွယ်ပေးနိုင်ရေးအတွက် အောင်ဘာလေသိန်းဆုထီကို စနစ်တကျဖြင့် စဉ်ဆက်မပြတ် ပုံမှန်ဖွင့်လှစ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မိမိတို့အစိုးရလက်ထက်တွင် ထီဆုငွေကိုလည်း ပြည်သူပြည်သားများ၏အကျိုးကိုရှေးရှုပြီး ယခင်က ထီလက်မှတ်ရောင်းရငွေ၏ ၆၀ ရာခိုင်နှုန်းကို ခွဲဝေထုတ်ပေးနေရာမှ ၇၀ ရာခိုင်နှုန်းအထိတိုးမြှင့်ပြီး ဆုမဲခွဲဝေချီးမြှင့်ခဲ့ပါကြောင်း။

လက်ရှိအောင်ဘာလေ သိန်းဆုထီလက်မှတ်များကို ပုံနှိပ်ရောင်းချသည့်စနစ်အပြင် ပြောင်းလဲတိုးတက်လာသည့် ခေတ်စနစ်နှင့်အညီ လိုက်လျောညီထွေမှုရှိစေရန် ထီကံစမ်းသူမိဘပြည်သူများ သတ်မှတ်ဈေးနှုန်းဖြင့် လွယ်ကူစွာထီကံစမ်းနိုင်ရန်အတွက် အောင်ဘာလေ အွန်လိုင်း သိန်းဆုထီစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီစဉ်ခဲ့ခြင်းဖြစ်ပါကြောင်း။

ပြည်သူများအနေဖြင့် မိမိတို့၏ မိုဘိုင်းတယ်လီဖုန်းများကိုအသုံးပြုပြီး အောင်ဘာလေသိန်းဆုထီကို အွန်လိုင်းထီအက်ပလီကေးရှင်းမှတစ်ဆင့် အချိန်မရွေး၊ နေရာမရွေး သတ်မှတ်ဈေးနှုန်းအတိုင်း လွယ်ကူအဆင်ပြေစွာ ကံစမ်းနိုင်ကြမည်ဖြစ်ပါကြောင်း၊ မိမိတို့ မြန်မာနိုင်ငံအနေဖြင့် အခြားနိုင်ငံများနည်းတူ အီလက်ထရွန်နစ်ထီစနစ်ကို အကောင်အထည်မဖော်နိုင်မီ စပ်ကြားတွင်

အွန်လိုင်းထီစနစ်ကို အကောင်အထည်ဖော်နိုင်ရေးအတွက် ယခင်အစိုးရများ လက်ထက်ကတည်းကပင် လွှတ်တော်၌ ဆွေးနွေးမှုများပြုလုပ်ခဲ့ကြသည်ကို တွေ့ရပါကြောင်း၊ သို့သော် ထီဥပဒေပြဋ္ဌာန်းထားမှုမရှိခြင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် ဆောင်ရွက်နိုင်မှုမရှိခဲ့သည်ကို တွေ့ရှိရပါကြောင်း။

**လွယ်ကူစွာ ထီကံစမ်းနိုင်ရန်**

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် လက်ရှိအောင်ဘာလေသိန်းဆုထီလက်မှတ်များကို ပုံနှိပ်ဖြန့်ဖြူးရောင်းချသည့်စနစ်အပြင် ပြည်သူလူထုအားလုံး အွန်လိုင်းမှတစ်ဆင့် လွယ်ကူစွာထီကံစမ်းနိုင်ရန် ရည်ရွယ်ချက်ဖြင့် အခုကဲ့သို့ အွန်လိုင်းထီစနစ်ကို စတင်လုပ်ဆောင်ရခြင်းဖြစ်ပါကြောင်း။

နိုင်ငံတကာတွင် ခေတ်မီဆန်းသစ်သည့် Digital နည်းပညာများဖြင့် လုပ်ကိုင်လာသည့်အချိန်တွင် မိမိတို့နိုင်ငံ၌လည်း အွန်လိုင်းထီစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ထီကံစမ်းသူများ အလွယ်တကူ စိတ်ကြိုက်နံပါတ်များ ရွေးချယ်ဝယ်ယူနိုင်မည်ဖြစ်ပြီး မြို့ပြနှင့် ကျေးလက်နေပြည်သူများအားလုံး အဆင်ပြေလွယ်ကူစွာ ထီကံစမ်းနိုင်ကြတော့မည် ဖြစ်ပါကြောင်း။

> **အောင်ဘာလေအွန်လိုင်းသိန်းဆုထီ အက်ပလီကေးရှင်းကို စတင်နိုင်ခြင်းသည် ဒစ်ဂျစ်တယ်နည်းပညာနှင့် မိုဘိုင်းငွေပေးချေမှုစနစ်များအသုံးပြုပြီး လွယ်ကူစွာထီကံစမ်းနိုင်သည့် Digital Lottery Platform စနစ်သစ်ကို စတင်မိတ်ဆက်အသုံးပြုနိုင်ခြင်းပင်ဖြစ်၊ အကျိုးဆက်အဖြစ် အနာဂတ်တွင် နိုင်ငံတော်အခွန်ဘဏ္ဍာရရှိမှုတိုးတက်စေရေး၊ နိုင်ငံတော်၏ဒစ်ဂျစ်တယ်စီးပွားရေး အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်စေရေး၊ ငွေသားကိုင်တွယ်သုံးစွဲမှု လျှော့ချစေရေး (Cashless Society) အစရှိသည့် ကောင်းကျိုးများစွာတို့အတွက် အထောက်အပံ့ ဖြစ်စေနိုင်မည်ဖြစ်။**

အောင်ဘာလေအွန်လိုင်းသိန်းဆုထီ အက်ပလီကေးရှင်းကိုအသုံးပြုပြီး ကံစမ်းသူများအနေဖြင့် ထီလက်မှတ်ဝယ်ယူခြင်း၊ ထီဖိုးငွေပေးချေခြင်းမှစပြီး ဆုငွေရယူခြင်းအဆင့်အထိ ရိုးရှင်းလွယ်ကူစွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ထီဖွင့်ပွဲကျင်းပချိန်တွင်လည်း ထီတိုက်ရန်မလိုဘဲ ကံထူးသူများ၏ မိုဘိုင်းတယ်လီဖုန်းများကို SMS ပေးပို့ အကြောင်းကြားလာမည်ဖြစ်ပြီး ထီဆုငွေထုတ်ယူရာတွင်လည်း မှန်ကန်လွယ်ကူစေရေးအတွက် ပမာဏနည်းသည့်ဆုကြေးငွေများကို အွန်လိုင်းမှလွှဲပြောင်းပေးခြင်း၊ ထီကံထူးသူများ၏ ဘဏ်ငွေစာရင်းအကောင့်သို့ပေးပို့ခြင်းများကို အီလက်ထရွန်နစ်နည်းလမ်းဖြင့် ဆောင်ရွက်သွားမည်ဟု သိရှိရပါကြောင်း။

**လွယ်ကူစွာ ထီကံစမ်းနိုင်**

ယနေ့ အောင်ဘာလေအွန်လိုင်းသိန်းဆုထီ အက်ပလီကေးရှင်းကို စတင်နိုင်ခြင်းသည် ဒစ်ဂျစ်တယ်နည်းပညာနှင့် မိုဘိုင်းငွေပေးချေမှုစနစ်များအသုံးပြုပြီး လွယ်ကူစွာ ထီကံစမ်းနိုင်သည့် Digital Lottery Platform စနစ်သစ်ကို စတင်မိတ်ဆက်အသုံးပြုနိုင်ခြင်းပင်ဖြစ်ပါကြောင်း၊ အကျိုးဆက်အဖြစ် အနာဂတ်တွင် နိုင်ငံတော် အခွန်ဘဏ္ဍာရရှိမှုတိုးတက်စေရေး၊ နိုင်ငံတော်၏ ဒစ်ဂျစ်တယ်စီးပွားရေး အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်စေရေး၊ ငွေသားကိုင်တွယ်သုံးစွဲမှု လျှော့ချစေရေး (Cashless Society) အစရှိသည့် ကောင်းကျိုးများစွာတို့အတွက် အထောက်အပံ့ဖြစ်စေနိုင်မည် ဖြစ်ပါကြောင်း။

အောင်ဘာလေ အွန်လိုင်းသိန်းဆုထီစနစ်အတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုနှင့်အတူ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် Telecom International Myanmar Co., Ltd တို့က ပူးပေါင်းပါဝင်ကြိုးပမ်းအားထုတ် အကောင်အထည်ဖော် ဆောင်ရွက်ထားသည်ကို တွေ့ရှိရပါကြောင်း၊ ယနေ့သည်လည်း Telecom International Myanmar Co., Ltd (Mytel) ၏ စတင် Launching Ceremony ဆောင်ရွက်ခဲ့သည့် (၅) နှစ်ပြည့်ရက်နှင့်တိုက်ဆိုင်နေသည့်အတွက်လည်း ဖြတ်သန်းလာခဲ့သည့် (၅)နှစ်တာကာလအတွင်း အောင်မြင်

မှုများကိုလည်း အသိအမှတ်ပြုသည်ကို ပြောကြားလိုပါကြောင်း၊ စနစ်သစ်တစ်ခုကို ပြောင်းလဲဖော်ဆောင်ရာတွင် နိုင်ငံတော်ကိုကိုယ်စားပြု ဆောင်ရွက်ရသည့်အတွက် အလွန်တာဝန်ကြီးမားလှပါကြောင်း၊ နိုင်ငံတော်အတွက် အသစ်စတင်မိတ်ဆက်နိုင်ခဲ့သည့် ပြည်သူ့အကျိုးပြုလုပ်ငန်းတစ်ရပ်ဖြစ်သည့် အောင်ဘာလေအွန်လိုင်း သိန်းဆုထီစနစ်ကို တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်အောင်မြင်အောင် အားလုံးဝိုင်းဝန်းကြိုးပမ်း ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

■ ■ ■

# ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၃ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ၌ တွေ့ဆုံပြောကြားသည့် အမှာစကား

( ၈ - ၆ - ၂၀၂၃ )



သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသ ရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် တိုင်းစစ် ဌာနချုပ်အသီးသီးတို့တွင် ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ်မိုး ရာသီတစ်အုပ်တစ်မ သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပပြုလုပ် လျက်ရှိသည်။

ယနေ့တွင် ၂၀၂၃ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ပထမအကြိမ်မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို နေပြည်တော်၊ ဇေယျာ သီရိမြို့နယ်၊ ရေဆင်းဆည်အနီး၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ် များနှင့်ဇနီးများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ် ရုံး(ကြည်း)ရှိ ရုံးဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

**မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်များကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် **“သစ်တော နှင့်သစ်ပင် ချစ်ခင်သည့်လူမျိုး၊ သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး”** ဟူသည့် ဆောင်ပုဒ်အတိုင်း သစ်တော

များနှင့်သစ်ပင်များကို အမြတ်တနိုးတန်ဖိုးထားပြီး ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ထပ်မံစိုက်ပျိုးခြင်းများသည် တိုင်းပြည်တစ်ပြည်အတွက် ကောင်းကျိုးများစွာကို ဖန်တီးပေးခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ၂၀၁၁ ခုနှစ်မှစ၍ တပ်မတော်အနေဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များကို နှစ်စဉ်ကျင်းပခဲ့သည်မှာ ယခုဆိုပါက ဆယ်စုနှစ်တစ်ခုကိုကျော်လွန်ခဲ့ပြီဖြစ်ကြောင်း၊ နိုင်ငံတော်၏ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အဖိုးတန်ဂေဟစနစ်များ မပျောက်ပျက်အောင်စောင့်ရှောက်နိုင်ရေး ယခုကဲ့သို့ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း။

ရေဆင်းဆည်ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ရေ၊လေ) မိသားစုများအနေဖြင့် ၂၀၁၁ ခုနှစ်မှ စ၍ မိုးရာသီသစ်ပင်စိုက်ပွဲများပြုလုပ်၍ စိုက်ပျိုးခဲ့ကြရာတွင် အပင်စုစုပေါင်း ၁၈၀၀၀၀ ကျော်ကို စိုက်ပျိုးနိုင်ခဲ့ပြီး အပင်ရေ တစ်သိန်းကျော် ရှင်သန်သည်ကို တွေ့ရှိရကြောင်း၊ တပ်မတော် တစ်ရပ်လုံးအနေဖြင့်ဆိုပါက ၂၀၁၁ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ စုစုပေါင်း သစ်ပင် ၂၁ သန်းကျော် စိုက်ပျိုးနိုင်ခဲ့ပြီး အပင်ရေ ၁၅ သန်းကျော် ရှင်သန်သဖြင့် ၇၀ ရာခိုင်နှုန်းကျော် ရှင်သန်သည်ကို တွေ့ရှိရကြောင်း၊ မိမိတို့ နိုင်ငံသည် သဘာဝသယံဇာတများစွာကို ပိုင်ဆိုင်ထားရှိပြီး စိုက်ပျိုးရေးကို အဓိကထား ဆောင်ရွက်ကြကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ရေသည် အဓိက အရေးကြီးကြောင်း၊ **“ဥတုရာသီ တောကိုမှီ”** ဟူသည့်အတိုင်း သစ်တောသစ်ပင်များသည် ရာသီဥတုကိုကောင်းစေပြီး ရေကိုလည်း ထိန်းပေးနိုင်ကြောင်း၊ ထို့ကြောင့် သစ်ပင်များစိုက်ပျိုးရာတွင် ရှင်သန်အောင် စိုက်ပျိုးရန်နှင့် ရေရှည်ကြီးထွားစေရေး ဆက်လက်ထိန်းသိမ်းသွားရမည်ဖြစ်ကြောင်း။

**နှစ်ရှည်ပင်များသည် ချက်ချင်းအကျိုးမပြုနိုင်သော်လည်း နောင်မျိုးဆက်သစ်များအတွက် အရိပ်အာဝါသနှင့် လုံခြုံမှုကို ပေးစွမ်းမည်**

သစ်တောတစ်ခုကို ဖန်တီးမည်ဆိုပါက အနည်းဆုံး ဆယ်နှစ်နှင့်အထက် ကြာမြင့်မည်ဖြစ်ကြောင်း၊ နှစ်ရှည်ပင်များသည် ချက်ချင်းအကျိုးမပြုနိုင်သော်လည်း နောင်မျိုးဆက်သစ်များအတွက် အရိပ်အာဝါသနှင့်လုံခြုံမှုကို ပေးစွမ်းကြမည်ဖြစ်ကြောင်း၊ ရှေးဘိုးဘွားဘီဘင်များ စိုက်ပျိုးခဲ့ကြသဖြင့် မိမိတို့ ယခုကဲ့သို့ စိမ်းလန်းသာယာစိုပြည်သည့် ပတ်ဝန်းကျင်နှင့် ရာသီဥတုတွင် နေထိုင်နိုင်ကြသည်ကို ဆင်ခြင်သတိပြုမိကြရန်လိုကြောင်း၊ နေပြည်တော်မြို့ကြီးကို Green City အဖြစ် အစဉ်အမြဲလှပနေစေရေး စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပရေးလုပ်ငန်းများကို မြို့တည်ထောင်ပြီးချိန်မှ ယနေ့တိုင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း၊ နေပြည်တော်မြို့ပြ စတင်တည်ထောင်ချိန်တွင် စိုက်ပျိုးခဲ့သည့် သစ်ပင်ပန်းမန်များနှင့် အရိပ်ရပင်များကိုထိန်းသိမ်းမှုကြောင့် ရှင်သန်နေသည့် သစ်တောများသည် ယနေ့တွင် မြင်ရသူအပေါင်းကို စိတ်နှလုံးအေးချမ်းအောင် ဖန်တီးနိုင်ခဲ့သည်ကို တွေ့ရမည်ပင်ဖြစ်ကြောင်း၊ မြို့တစ်မြို့ကို စိမ်းလန်းစိုပြည်အောင် ဆောင်ရွက်ခြင်းမှ နိုင်ငံတစ်နိုင်ငံလုံး လွှမ်းခြုံမှုရှိအောင် ဆောင်ရွက်နိုင်မည်ဆိုပါက မိမိတို့နိုင်ငံသည် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတကျအောင် နေနိုင်မည် ဖြစ်ပြီး မလိုလားအပ်သည့် သဘာဝဘေးအန္တရာယ်များကို ကျော်လွှားနိုင်မည်လည်းဖြစ်ကြောင်းကို အသိပေးပြောကြားလိုကြောင်း ပြောကြားသည်။

■ ■ ■

> **သစ်တောတစ်ခုကို ဖန်တီးမည်ဆိုပါက အနည်းဆုံး ဆယ်နှစ်နှင့်အထက် ကြာမြင့်မည်ဖြစ်၊ နှစ်ရှည်ပင်များသည် ချက်ချင်းအကျိုးမပြုနိုင်သော်လည်း နောင်မျိုးဆက်သစ်များအတွက်အရိပ် အာဝါသနှင့် လုံခြုံမှုကို ပေးစွမ်းကြမည်ဖြစ်၊ ရှေးဘိုးဘွားဘီဘင်များ စိုက်ပျိုးခဲ့ကြသဖြင့် မိမိတို့ ယခုကဲ့သို့ စိမ်းလန်းသာယာ စိုပြည်သည့် ပတ်ဝန်းကျင်နှင့် ရာသီဥတုတွင် နေထိုင်နိုင်ကြသည်ကို ဆင်ခြင်သတိပြုမိကြရန်လို။**

# တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (မှော်ဘီ) တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် ဝန်ထမ်းများအား တွေ့ဆုံပြောကြားသည့်အမှာစကား

( ၉ - ၆ - ၂၀၂၃ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇွန်လ(၉)ရက်နေ့ နံနက်ပိုင်းတွင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ မှော်ဘီတပ်နယ်ရှိ တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်(မှော်ဘီ)မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် အစည်းအဝေး ခန်းမတွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းနှင့် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(မှော်ဘီ) တပ်မှူးတို့က မြဝတီရုပ်မြင်သံကြားနှင့် သဇင် FM တို့၏ ထုတ်လွှင့်မှုပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်များနှင့် တပ်မတော်အသံလွှင့်တပ်များ၏ သမိုင်းအကျဉ်း၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများနှင့် အဆင့်မြှင့်တင်ထုတ်လွှင့်နိုင်ခဲ့မှု၊ နေ့စဉ်ပြည်တွင်း၊ ပြည်ပသတင်းများ အပါအဝင် အခြားသောဗဟုသုတဖြစ်ဖွယ်၊ စိတ်ဝင်စားဖွယ် အစီအစဉ်များစွာကို ထုတ်လွှင့်ပေးလျက်ရှိမှု၊ သဇင် FM မှ နေ့စဉ်ထုတ်လွှင့်ပေးလျက်ရှိသည့် အစီအစဉ်များ၊ ရုပ်သံထုတ်လွှင့်ရေးတပ်များနှင့် အသံလွှင့်တပ်များ၏ တိုးတက်ဆောင်ရွက်နိုင်မှုများနှင့် အထွေထွေလိုအပ်ချက်များ၊ မြဝတီတေးဂီတအဖွဲ့နှင့်သံစုံတီးဝိုင်းငယ် အဆင့်ဆင့် တိုးတက်လာမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နေ့စဉ်ဖြစ်ပေါ်ပြောင်းလဲနေသည့် သတင်းများ၊ ထူးခြားဖြစ်စဉ်သတင်းများနှင့် အများပြည်သူ သိသင့်သိထိုက်သည့်

ပြည်တွင်း၊ ပြည်ပသတင်းများကို မှန်မှန်ကန်ကန်နှင့် အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ်ထုတ်လွှင့်နေရန်လိုကြောင်း၊ ရုပ်သံထုတ်လွှင့်ခြင်းနှင့် ရေဒီယိုအသံလွှင့်ခြင်းများ ဆောင်ရွက်ရာတွင် အများပြည်သူစိတ်ဝင်စားမှုဖြစ်စေမည့် အစီအစဉ်များနှင့် အသိပညာပေးအစီအစဉ်များကိုလည်း ထုတ်လွှင့်ရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(မြော်ဘီ)တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားရာတွင် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်ကို ၁၉၉၀ ပြည့်နှစ် ဧပြီလ ၁ ရက်နေ့တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ရုပ်မြင်သံကြား ထုတ်လွှင့်ရေးနှင့်ပတ်သက်၍အတိုင်းအတာတစ်ခုအထိ အတွေ့အကြုံများရှိပြီးဖြစ်ကြောင်း၊ စတင်ထုတ်လွှင့်ချိန်၌ ခေတ်နှင့်အညီဆောင်ရွက်နိုင်ခဲ့သဖြင့် ပြည်သူများကို စိတ်ပါဝင်စားအောင် ဆောင်ရွက်နိုင်ခဲ့ပြီး အောင်မြင်မှုများရရှိခဲ့ကြောင်း၊ ၃၃ နှစ်တာကာလအတွင်း အတွေ့အကြုံများ များစွာရရှိပြီးဖြစ်ကြောင်း။

**သတင်းများထုတ်လွှင့်ခြင်းနှင့် အစီအစဉ်များ ထုတ်လွှင့်ရာတွင် သွက်လက်ဖျတ်လတ်၍ နှစ်လိုဖွယ်ဖြစ်အောင် တည်းဖြတ်ခြင်းများကို စနစ်တကျဖြင့် ဆောင်ရွက်ရန်လို၊ ထုတ်လွှင့်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် တည်းဖြတ်သူ၊ ကြီးကြပ်သူများအနေဖြင့် စနစ်တကျ ဆောင်ရွက်ရန်လို၊ ပြည်သူများအတွက် ပညာပေးအစီအစဉ်များ ထုတ်လွှင့်ရာတွင် ပြည်သူများ အမှန်တကယ် ပညာရရှိနိုင်သည့် ထုတ်လွှင့်မှုများဖြစ်ရန် လိုသဖြင့် ဂရုစိုက်ဆောင်ရွက်ရန်လို။**

**ရုပ်မြင်သံကြားထုတ်လွှင့်မှုသည် နိုင်ငံတော်နှင့် ပြည်သူကို အကျိုးပြုရန်လို**

ရုပ်မြင်သံကြားထုတ်လွှင့်ခြင်း လုပ်ငန်းများသည် လူထုဆက်ဆံရေးလုပ်ငန်းတစ်ခုပင်ဖြစ်ကြောင်း၊ ထို့ကြောင့် အကျိုးရှိအောင် ဆောင်ရွက်ရန်နှင့် အကျိုးပြုသည့် လုပ်ငန်းတစ်ရပ်ဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့လုပ်ငန်း၏ အကျိုး၊ ပြည်သူလူထုနှင့် နိုင်ငံတော်အပေါ် အကျိုးပြုနိုင်မှုများကို သုံးသပ်ဆောင်ရွက်ရန်လိုကြောင်း။

မိမိတို့ထုတ်လွှင့်သည့် ရုပ်သံထုတ်လွှင့်မှုများကို နိုင်ငံအနှံ့နေရာအားလုံး၌ ဖမ်းယူကြည့်ရှုနိုင်ရန်လိုကြောင်း၊ ဒေသအလိုက် တပ်ရင်း၊ တပ်ဖွဲ့များ၊ ဒေသခံပြည်သူများသာမက ရှေ့တန်းရောက်တပ်မတော်သားများအနေဖြင့်လည်း အသံထုတ်လွှင့်မှုအစီအစဉ်များကို ဖမ်းယူရရှိနိုင်ရန်လိုကြောင်း၊ လိုအပ်သည့်သတင်းအချက်အလက်အမှန်များနှင့် သုတရသဖြစ်ဖွယ်၊ စိတ်ချမ်းမြေ့ဖွယ် အစီအစဉ်များကို ဖမ်းယူနားဆင်နိုင်ရမည်ဖြစ်ကြောင်း။

ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ ရည်ရွယ်ချက်မှာ **"ပြန်ကြားပေးရန်၊ ဖျော်ဖြေပေးရန်၊ ပညာပေးရန်နှင့် စည်းရုံးရန်"** ဖြစ်ကြောင်း၊ နည်းမှန်လမ်းမှန် ပြန်ကြားပေးခြင်း၊ ဖျော်ဖြေပေးခြင်းနှင့် ပညာပေးခြင်းတို့ကိုဆောင်ရွက်မှုသည် စည်းရုံးရေးကိုဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ ဖျော်ဖြေမှုများဆောင်ရွက်ရာတွင် အသံနှင့် အရုပ်နှစ်ခုလုံးပါဝင်ကြောင်း၊ မိမိတို့မသိရှိသေးသည့် အကြောင်းအရာနှင့် အသိပညာဗဟုသုတများကို ထုတ်လွှင့်ပေးခြင်းသည် ပညာပေးခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မှန်မှန်ကန်ကန်ဖြင့် ထုတ်လွှင့်နိုင်ရန်နှင့် ကျေးလက်ဒေသများရှိ ပြည်သူများပါ နားလည်နိုင်သည့် လွယ်ကူရှင်းလင်းသည့် ထုတ်လွှင့်မှုများကို ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ မိမိတို့ဌာန၏ လုပ်ငန်းရည်မှန်းချက်များအောင်မြင်စေရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း။

**မီဒီယာလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် မြန်မာနှင့် ကမ္ဘာအကြောင်း သိရှိနှံ့စပ်ကျွမ်းကျင်ရမည်**

ထိုကဲ့သို့သော ပြည်သူလူထုသို့ ပြန်ကြားရေးတာဝန်များကို ထမ်းဆောင်နေကြရသည့် အရာရှိ၊ စစ်သည်၊ ဝန်ထမ်းများအနေဖြင့် မိမိတို့နိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများနှင့်ပတ်သက်၍လည်း မှန်မှန်ကန်ကန်သိရှိထားရန်လိုကြောင်း၊ တပ်မတော်အနေဖြင့်

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်ခဲ့ရကြောင်း၊ ထိုသို့ တပ်မတော်မှ နိုင်ငံတော်တာဝန်ထမ်းဆောင်မှုအပေါ် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့ပြီး နိုင်ငံရေး မတည်ငြိမ်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ရွေးကောက်ပွဲမဲမသမာမှုများကို ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ခဲ့မှုမရှိခြင်းကြောင့် တပ်မတော်အနေဖြင့်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ပါတီစုံဒီမိုကရေစီစနစ်ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့်ရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေးအတွက်လည်း စီမံဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအကြောင်းကို ဘက်စုံထောင့်စုံမှ အသေးစိတ်သိရှိပြီး ယုံကြည်ချက်၊ ခံယူချက်လေးနက်စွာခံယူမှုရှိရမည်၊ ဗဟုသုတပြည့်စုံကြွယ်ဝပြီး စဉ်ဆက်မပြတ် လေ့လာဆည်းပူးလိုစိတ်ရှိရမည်၊ ကမ္ဘာ့နိုင်ငံအသီးသီး၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖြစ်စဉ်များကို နှံ့စပ်စွာသိရှိနားလည်ရမည်ဖြစ်ကြောင်း။

သတင်းများထုတ်လွှင့်ခြင်းနှင့် အစီအစဉ်များ ထုတ်လွှင့်ရာတွင် သွက်လက်ဖျတ်လတ်၍ နှစ်လိုဖွယ်ဖြစ်အောင် တည်းဖြတ်ခြင်းများကို စနစ်တကျဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ထုတ်လွှင့်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် တည်းဖြတ်သူ၊ ကြီးကြပ်သူများအနေဖြင့် စနစ်တကျ ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်သူများအတွက် ပညာပေးအစီအစဉ်များထုတ်လွှင့်ရာတွင် ပြည်သူများအမှန်တကယ်ပညာရရှိနိုင်သည့် ထုတ်လွှင့်မှုများဖြစ်ရန်လိုသဖြင့် ဂရုစိုက်ဆောင်ရွက်ရန်လိုကြောင်း။

**တပ်တွင်းစည်းလုံးညီညွတ်ရေး**

လုပ်ငန်းများဆောင်ရွက်ရာတွင် မိမိဘဝရပ်တည်မှုအတွက် ဆောင်ရွက်နေခြင်းဖြစ်သကဲ့သို့ နိုင်ငံတော်အတွက် တာဝန်ထမ်းဆောင်နေကြခြင်းဖြစ်ကြောင်း၊ စိတ်သန့်သန့်ဖြင့် ဆောင်ရွက်မှသာ မိမိကိုယ်ကို ယုံကြည်မှုရှိလာမည်ဖြစ်ကြောင်း၊ မီဒီယာလုပ်ငန်းများ ဆောင်ရွက်နေသူများဖြစ်သဖြင့် စည်းလုံးမှု ပိုမိုရရှိရန်လိုကြောင်း၊ မိမိတို့ လုပ်ဖော်ကိုင်ဖက် ညီအစ်ကိုမောင်နှမအချင်းချင်း စည်းစည်းလုံးလုံးဖြင့် ဆောင်ရွက်ကြစေလိုကြောင်း၊ မတူညီသည့် ဒေသများမှလာရောက်၍ တာဝန်ထမ်းဆောင်ကြခြင်းဖြစ်သဖြင့် မိသားစုစိတ်ဓာတ်၊ ညီအစ်ကိုမောင်နှမစိတ်ဓာတ်ဖြင့် ဆောင်ရွက်ကြမည်ဆိုပါက လုပ်ငန်းများပိုမိုအောင်မြင်လာမည်ဖြစ်ကြောင်း။

**ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်သည့်လူသားအရင်းအမြစ်များ ပေါ်ထွက်လာရေး**

လုပ်ငန်းအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များပြည့်ဝစေရေးအတွက်လည်း ဆောင်ရွက်ရန်လိုကြောင်း၊ လူသားအရင်းအမြစ်များ ပြည့်စုံစေရေးအတွက် အရင်းအမြစ်အသစ်များကို စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြားပေးခြင်းနှင့် ရှိပြီးသား လူသားအရင်းအမြစ်များကို ပိုမို၍ကျွမ်းကျင်သူများဖြစ်လာအောင် ဆောင်ရွက်ခြင်းဟူ၍ နှစ်ပိုင်းရှိရာ နှစ်ပိုင်းလုံးကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလားတူ ရုပ်မြင်သံကြားထုတ်လွှင့်ရေးအတွက် လိုအပ်သည့် စက်ပစ္စည်းများကိုလည်း ရှိပြီးဖြစ်သည့် စက်ပစ္စည်းများကို အကောင်းဆုံးအသုံးပြုရန်နှင့် ရေရှည်ကောင်းမွန်စေရေးထိန်းသိမ်းဆောင်ရွက်နေရန်လိုကြောင်း၊ ရှေးယခင်ကအသုံးပြုခဲ့သည့် စက်ပစ္စည်းများကိုလည်း ထိန်းသိမ်းဆောင်ရွက်နေရန်လိုကြောင်း၊ သမိုင်းသည် မိမိတို့အတွက်တန်ဖိုးဖြတ်၍ မရနိုင်သဖြင့် အသုံးအဆောင်ပစ္စည်းများ၊ မှတ်တမ်းမှတ်ရာထိန်းသိမ်းခြင်းများကိုလည်း စနစ်တကျဖြင့် ဆောင်ရွက်နေရန်လိုကြောင်း၊ ယခုလက်ရှိတာဝန်ထမ်းဆောင်နေသူများသည် ပစ္စုပ္ပန်သမိုင်းကို ရေးထိုးနေကြသူများဖြစ်သဖြင့် လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက မိမိတို့၏ ကောင်းမွန်သည့် သမိုင်းများ ကျန်ရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) မှ နည်းပြအရာရှိကြီးများ၊ အမျိုးသမီးဗိုလ်လောင်းသင်တန်းသူများနှင့် အမျိုးသမီးခြေလျင်တပ်စုမှူးသင်တန်းမှ သင်တန်းသူများအား တွေ့ဆုံပြောကြားသည့်အမှာစကား

( ၉ - ၆ - ၂၀၂၃ )






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဇွန်လ(၉)ရက်နေ့ နံနက်ပိုင်းတွင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)မှ နည်းပြအရာရှိကြီးများ၊ အမျိုးသမီး ဗိုလ်လောင်းသင်တန်းသူများနှင့် အမျိုးသမီး ခြေလျင်တပ်စုမှူးသင်တန်းမှ သင်တန်းသူများအား အဆိုပါ သင်တန်းကျောင်းရှိ မြဝတီခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊ တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ကျောင်းအုပ်ကြီး၊ နည်းပြအရာရှိများ၊ အမျိုးသမီး ဗိုလ်လောင်းသင်တန်းသူများနှင့် အမျိုးသမီးခြေလျင်တပ် စုမှူးသင်တန်းမှ သင်တန်းသူများ တက်ရောက်ကြသည်။

**ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်သန်မာမှုရှိစေရေး စနစ်တကျလေ့ကျင့်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် အမျိုးသမီးဗိုလ်လောင်းသင်တန်းသူများအဖြစ် သင်တန်းတက်ရောက်နေကြသူများသည် တက္ကသိုလ်များ၌ ဘွဲ့များရရှိခဲ့ပြီးကြသူများဖြစ်ကြသဖြင့် တက္ကသိုလ် ပတ်ဝန်းကျင် လူမှုအတွေ့အကြုံရှိပြီး လူမှုဆက်ဆံရေး အတွေ့အကြုံများစွာရှိထားပြီးသူများဖြစ်ကြောင်း၊ အသက် အရွယ်အားဖြင့်လည်း မိမိကိုယ်ပိုင်ဆုံးဖြတ်ချက်များကို ချမှတ်နိုင်သည့် အရွယ်များသို့ ရောက်ရှိပြီးဖြစ်ကြောင်း၊ မိမိတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်များဖြင့် တပ်မတော် အတွင်းသို့ ဝင်ရောက်လာသူများဖြစ်သဖြင့် ခံယူချက်များ

အခြေခံအားဖြင့် ကောင်းမွန်ပြီးဖြစ်ကြောင်း၊ သင်တန်းတက်ရောက်စဉ် လေ့ကျင့်ရေးကာလအတွင်း ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်သန်မာမှုရှိစေရေး စနစ်တကျလေ့ကျင့်သွားရန်လိုကြောင်း။

အခြေခံအားဖြင့် ကောင်းမွန်ပြီးဖြစ်သည့် စိတ်ဓာတ်များကို ပိုမိုကောင်းမွန်ခိုင်မာစေရေး လေ့ကျင့်တည်ဆောက်ရန်လိုပြီး ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှုရှိအောင် စနစ်တကျဖြင့် လေ့ကျင့်ဆောင်ရွက်သွားရန်လိုကြောင်း၊ သက်လုံကောင်းစေရန်နှင့် ကြံ့ခိုင်မှုရှိစေရန် နေ့စဉ်လေ့ကျင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သင်တန်းကာလအတွင်း သင်ကြားလေ့ကျင့်ပေးသည့် လေ့ကျင့်ရေးဆိုင်ရာများကို ကြံ့ခိုင်သည့်စိတ်ဓာတ်များဖြင့် လိုက်ပါဆောင်ရွက်ရန်လိုကြောင်း၊ စိတ်ဓာတ်ကောင်းမွန်မှသာ လေ့ကျင့်ရေးများအောင်မြင်မည်ဖြစ်ကြောင်း၊ စစ်အတတ်ပညာများကို သင်ကြားပေးခြင်းသည် တိုက်ပွဲဝင်နိုင်စေရန် လေ့ကျင့်သင်ကြားပေးခြင်းပင်ဖြစ်ကြောင်း။

**ခေါင်းဆောင်ကောင်းများဖြစ်အောင်ကြိုးပမ်းဆောင်ရွက်ရမည်**

ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်သဖြင့် ခေါင်းဆောင်မှု အင်္ဂါရပ်များကို သိရှိနားလည်ထားရန်လိုကြောင်း၊ ခေါင်းဆောင်များသည် အကျင့်စာရိတ္တကောင်းရမည်၊ သမာသမတ်ရှိရမည်၊ လက်အောက်အပေါ် စိတ်ကောင်းစေတနာကောင်းရှိရမည်ဖြစ်ပြီး ကိုယ်ချင်းစာစိတ်ဖြင့် ကွပ်ကဲအုပ်ချုပ်ရမည်ဖြစ်ကြောင်း၊

> ခေါင်းဆောင်မှုတာဝန်ဟူသည်
> အထက်နှင့် အောက်ကိုချိတ်ဆက်ပေးရမည်၊
> တာဝန်ယူမှု၊ တာဝန်ခံမှုရှိရမည်ဖြစ်၊
> ကောင်းမွန်သည့်စိတ်ဖြင့်သာ ခေါင်းဆောင်မှု
> တာဝန်များကို ထမ်းဆောင်ကြရန်လို၊
> ခေါင်းဆောင်ကောင်းများဖြစ်လာစေရေး
> နောက်လိုက်ကောင်းများ ဖြစ်ရမည်ဖြစ်၊
> ညီညွတ်မျှတသည့် ကွပ်ကဲအုပ်ချုပ်မှုဖြင့်
> ခေါင်းဆောင်မှုကောင်းကို ပြသရန်လို။

ကိုယ်ချင်းစာမှုအပိုင်းတွင် နှစ်ပိုင်းရှိပြီး သဘောကောင်းခြင်းနှင့် စေတနာကောင်းခြင်းဟူ၍ရှိကြောင်း၊ ရေတိုအလုပ်ဖြစ်စေရေးကြည့်၍ သဘောကောင်းသည့် ပုံစံမဟုတ်ဘဲ ရေရှည်အကျိုးကိုကြည့်၍ စေတနာထားဆောင်ရွက်ရန်လိုကြောင်း၊ မိမိအထက်အရာရှိများ၏ တာဝန်ထမ်းဆောင်မှုနှင့် မိမိလက်အောက်မှ အရာရှိ၊ စစ်သည်များ၏ တာဝန်ထမ်းဆောင်မှုများ၊ အခက်အခဲများကို ကိုယ်ချင်းစာစိတ်နှင့်နားလည်မှုရှိရမည်ဖြစ်ကြောင်း၊ ခေါင်းဆောင်မှုတာဝန်ဟူသည် အထက်နှင့်အောက်ကို ချိတ်ဆက်ပေးရမည်၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရမည်ဖြစ်ကြောင်း၊ ကောင်းမွန်သည့်စိတ်ဖြင့်သာ ခေါင်းဆောင်မှုတာဝန်များကို ထမ်းဆောင်ကြရန်လိုကြောင်း၊ ခေါင်းဆောင်ကောင်းများဖြစ်လာစေရေး နောက်လိုက်ကောင်းများ ဖြစ်ရမည်ဖြစ်ကြောင်း၊ ညီညွတ်မျှတသည့် ကွပ်ကဲအုပ်ချုပ်မှုဖြင့် ခေါင်းဆောင်မှုကောင်းကို ပြသရန်လိုကြောင်း၊ စစ်ဘက်ခေါင်းဆောင်မှုပညာရပ်များကို သင်တန်းကျောင်းမှ သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့ကိုယ်တိုင်ခေါင်းဆောင်အဖြစ် တာဝန်ယူချိန်တွင် ကိုယ်တိုင် အရည်အချင်းရှိရန်နှင့် ခေါင်းဆောင်ကောင်းဖြစ်အောင် တာဝန်ထမ်းဆောင်နိုင်ရန်လိုကြောင်း၊ ခေါင်းဆောင်မှုများ လွဲမှားမှုမရှိစေရေး မိမိတို့အတွေ့အကြုံနှင့်ယှဉ်၍ သင်ကြားပေးလိုက်သည့် စစ်ဘက်ခေါင်းဆောင်မှုပညာရပ်များကို ထိရောက်စွာ အသုံးချနိုင်ရန်လိုကြောင်း။

**ယုံကြည်ချက်၊ ခံယူချက် ခိုင်မာမြင့်မားအောင်ဆောင်ရွက်**

ယုံကြည်ချက်၊ ခံယူချက်နှင့်ပတ်သက်၍ အခက်အခဲ၊ အကျပ်အတည်းများကြားမှတပ်မတော်သို့ ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့ခြင်းဖြစ်ပြီး တပ်မတော်သားကောင်းတစ်ဦးဖြစ်စေရေး လေ့ကျင့်ရေးကျောင်းများမှ လေ့ကျင့်သင်ကြားပေးလိုက်ပြီးဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်ချိန်တွင် အခက်အခဲများကြုံတွေ့ရချိန်၌ တပ်မတော်သားကောင်းတစ်ဦးအဖြစ် ခံယူသည့် ယုံကြည်ချက်၊ ခံယူချက်များ ခိုင်မြဲနေရန်လိုကြောင်း၊ တပ်မတော်သားကောင်းများဖြစ်သည်နှင့်အညီ စစ်သားစိတ်အပြည့်ဖြင့် နေထိုင်ကျင့်ကြံကြရန်လိုကြောင်း၊ တပ်မတော်မှ နိုင်ငံ့တာဝန်ထမ်းဆောင်မှုအပေါ် တပ်မတော်သားစိတ်ဓာတ်ဖြင့် နားလည်သဘောပေါက်ရန်လိုကြောင်း၊ မိမိကိုယ်ကို၊ မိမိတပ်မတော်အပေါ်၊ မိမိနိုင်ငံတော်အပေါ် ယုံကြည်ချက်၊

ခံယူချက် မြင့်မားရမည်ဖြစ်ကြောင်း။

**ရည်မှန်းချက်များ မပျောက်ပျက်စေရေး စဉ်ဆက်မပြတ် ဆက်လက်ကြိုးပမ်းသွားကြရမည်**

မျှော်မှန်းချက် ရည်မှန်းချက်များဖြင့် အမျိုးသမီးစစ်မှုထမ်းဘဝကို ဝင်ရောက်ခဲ့ကြသူများဖြစ်သဖြင့် မိမိအနေဖြင့် အသိအမှတ်ပြုပါကြောင်း၊ အမျိုးသမီးစစ်မှုထမ်းများနှင့် ရဲမေများသည်နိုင်ငံတော်နှင့် တပ်မတော်အတွက် အားထားရသူများဖြစ်ကြောင်း၊ မိမိတို့၏ မျှော်မှန်းချက်များ မထိခိုက်အောင်နေထိုင်ဆောင်ရွက်ကြရန်နှင့် ရည်မှန်းချက်များ မပျောက်ပျက်အောင် လုပ်ဆောင်ချက်များဖြင့် ထိန်းသိမ်းဆောင်ရွက်၍ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း မှာကြားသည်။

■ ■ ■

# ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ် သီလဝါဘက်စုံ စိုက်ပျိုးမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

( ၁၀ - ၆ - ၂၀၂၃ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇွန်လ (၁၀) ရက်နေ့ နံနက်ပိုင်းခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီးကျောက်တန်းမြို့နယ်၊ ရန်ကုန်မြစ်နှင့်မော်ဝန်းချောင်းကြားနေရာရှိ သီလဝါဘက်စုံ စိုက်ပျိုးမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ရှင်းလင်းဆောင်၍ မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးညိုစော၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများက သီလဝါဘက်စုံ စိုက်ပျိုးမွေးမြူရေးဇုန်၊ ၂၆ မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်၊ တွံတေးမြို့နယ်ရှိ ရွှေမုယင်းငါးကန်နှင့် ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းတို့၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ ဆောင်ရွက်ပြီးစီးပြီး လုပ်ငန်းလည်ပတ်နေမှုနှင့် ဈေးကွက်အတွင်းသို့ သက်သာသောနှုန်းထားများဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိမှု အခြေအနေများ၊ သီလဝါစိုက်ပျိုးမွေးမြူရေးဇုန်မှ ထွက်ရှိသည့် ကြက်ဥ၊ ဘဲဥများအား သဘာဝဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ သက်သာသောနှုန်းထားများဖြင့် သွားရောက်ရောင်းချပေးလျက်ရှိသည့် အခြေအနေများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် သား၊ ငါးထုတ်လုပ်မှုအပေါ် စားသုံးနိုင်မှုအခြေအနေများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ အသီးသီးရှင်းလင်းတင်ပြကြသည်။

**စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ဒေသတွင်း၌ ဖူလုံအောင် ထုတ်လုပ်နိုင်ခြင်းဖြင့် စားရေရိက္ခာဖူလုံရမည်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီးအတွင်း ယခုကဲ့သို့ စိုက်ပျိုးမွေးမြူရေးဇုန်များ ဖော်ဆောင်၍ ဆောင်ရွက်လျက်ရှိခြင်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း စားရေရိက္ခာဖူလုံစေရန်နှင့် သက်သာသောဈေးနှုန်းများဖြင့် ဝယ်ယူစားသုံးနိုင်ရန်ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ရန်ကုန်မြို့တွင် လူဦးရေ ၈ သန်းခန့်ရှိပြီး နေ့စဉ်အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက် လိုအပ်ချက်များစွာရှိသဖြင့် တတ်နိုင်သမျှဖြည့်ဆည်း ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့အပါအဝင် အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များကလည်း ရန်ကုန်တိုင်းဒေသကြီးသို့ အသား၊ ငါးနှင့် ဥများကို တင်ပို့ရောင်းချလျက်ရှိသည်ကိုတွေ့ရှိရကြောင်း၊ အခြားဒေသမှ လာရောက်ရောင်းချခြင်းဖြင့် ထုတ်လုပ်မှုကုန်ကျစရိတ်အပြင် သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်များကြောင့် စားသောက်ကုန်များကို ဈေးနှုန်းမြင့်မားစွာဖြင့် ဝယ်ယူစားသုံးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးဇုန်များကို အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ရန်ကုန်မြို့၏ နေ့စဉ်စားရေးလိုအပ်ချက်ကို ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ထုတ်လုပ်ရောင်းချနိုင်မည်ဆိုပါက မြို့နေပြည်သူများအနေဖြင့် အသားငါးများကို ဈေးနှုန်းသက်သာစွာဖြင့် ပေါများစွာ ဝယ်ယူစားသုံးနိုင်မည်ဖြစ်ကြောင်း။

> ရန်ကုန်တိုင်းဒေသကြီးအတွင်း
> အသား၊ ငါးနှင့်ဥများ လုံလောက်စွာ
> ရရှိနိုင်ရေး မွေးမြူရေးလုပ်ငန်းများကို
> စနစ်တကျဖြင့်ဆောင်ရွက်၍
> အထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်ရန်လို၊
> အမှန်တကယ်အကျိုးရှိသည့် စိုက်ပျိုး
> မွေးမြူရေးလုပ်ငန်းများဖြစ်စေလိုပြီး
> ရန်ကုန်မြို့နေ လူဦးရေ၏ စားရေးကို
> အထောက်အကူပြုနိုင်ရမည်ဖြစ်။

**အခြေခံစားကုန်များ ဈေးနှုန်းကြီးမားမှုမရှိစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

ပြည်သူလူထုအနေဖြင့် အခြေခံစားသောက်ကုန်ပစ္စည်းများကို နေ့စဉ်မဖြစ်မနေဝယ်ယူစားသုံးနေရသောကြောင့် အခြေခံစားကုန်များဈေးနှုန်းကြီးမြင့်မှု မရှိစေရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အစိုးရအနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးကို အလေးထားအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားသူများအနေဖြင့် မိမိတို့စတင်တာဝန်ယူစဉ်ကပင် စီးပွားရေးပိတ်ဆို့ခြင်း၊ ကုန်ပစ္စည်းများဈေးနှုန်းမြင့်တက်အောင်ဆောင်ရွက်ခြင်း၊ ငွေကြေးလည်ပတ်မှုအခက်အခဲဖြစ်အောင်ဆောင်ရွက်ခြင်းများဖြင့် နိုင်ငံရေးအခက်အခဲ အကျပ်အတည်းများဖြစ်အောင်ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ယင်းအခက်အခဲများ ကျော်လွှားနိုင်ခဲ့ကြောင်း၊ စားသောက်ကုန်များ ဈေးနှုန်းကြီးမြင့်မှုမရှိစေရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင်မြင်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း စိုက်ပျိုးမွေးမြူရေးဧရိယာများ တိုးချဲ့ခြင်းထက် အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးမြေများကို အကျိုးရှိစွာအသုံးချရန်လိုပြီး စိုက်ပျိုးမြေများကို အပြည့်အဝအသုံးချရန်အတွက် ဆောင်ရွက်ရန်လိုကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း အသား၊ ငါးနှင့်ဥများ လုံလောက်စွာရရှိနိုင်ရေး မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့်ဆောင်ရွက်၍ အထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်ရန်လိုကြောင်း၊ အမှန်တကယ်အကျိုးရှိသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြစ်စေလိုပြီး ရန်ကုန်မြို့နေ လူဦးရေ၏ စားရေးကိုအထောက်အကူပြုနိုင်ရမည်ဖြစ်ကြောင်း။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် အစာများနှင့် မြေဩဇာများလိုအပ်ကြောင်း၊ ဒေသတွင်းမှထွက်ရှိသည့် ကုန်ကြမ်းများဖြင့် တိရစ္ဆာန်အစာများနှင့် သဘာဝမြေဩဇာများကို ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ တိရစ္ဆာန်

အစာများကိုထုတ်လုပ်ခြင်းဖြင့် ဒေသတွင်း အစာဈေးနှုန်း များကျဆင်းလာမည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့တော်သို့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အေးသာယာမှ ကြက်ဥများ၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ဘဲဥ များကို များစွာတင်ပို့ရောင်းချလျက်ရှိကြောင်း၊ ထိုသို့ ပို့ဆောင်သဖြင့် ကျသင့်နိုင်သည့် သယ်ယူပို့ဆောင်ခများ ထက် ရောင်းချသည့်ဈေးနှုန်းများမှာ များစွာကွာခြားလျက် ရှိပြီး ပိုမိုဈေးတင်ထားသည်ကိုတွေ့ရှိရကြောင်း၊ ထိုသို့ ဝိသမလောဘသားများအနေဖြင့် စားသုံးကုန်ဈေးနှုန်း များကို ထိုက်သင့်သည့်ဈေးထက် ပိုမိုဈေးတင်ရောင်းချနေမှုအပေါ် တာဝန်ရှိသူများအနေဖြင့် စိစစ်ရန်လိုကြောင်း၊ အဓိကအားဖြင့် ရန်ကုန်တိုင်းဒေသကြီးရှိပြည်သူများ ကုန်ဈေးနှုန်းကြီးမြင့်မှုဒဏ်မခံရစေရေး ဒေသအတွင်းရှိ ကုန်ထုတ်လုပ်စွမ်းအားဖြင့်ဆောင်ရွက်ရန်နှင့် ပြင်ပမှ တင်သွင်းမှုများကို သက်သာသောဈေးနှုန်းများဖြင့် ရရှိရေး ဆောင်ရွက်ရန်လိုကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ရှိ ပြည်သူများစားရေးအတွက် တိုင်းဒေသကြီးအစိုးရမှ ဆောင်ရွက်ရန်လိုသကဲ့သို့ တပ်မတော်မှလည်း ကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အမှန်တကယ်အကျိုးရှိသည့် လုပ်ငန်း များဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။

■ ■ ■

# အခြေခံစားသုံးကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ရေးအစည်းအဝေးသို့ တက်ရောက်စဉ် ပြောကြားသည့်အမှာစကား

( ၁၂ - ၆ - ၂၀၂၃ )






အခြေခံစားသုံးကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ရေး အစည်းအဝေးကို ဇွန်လ(၁၂)ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့်ဦးမောင်မောင်အုန်း၊ဦးမင်းနောင်၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန် ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက် ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာ တွင် သားငါးကဏ္ဍကုန်ထုတ်လုပ်မှုနှင့် စိုက်ပျိုးရေးကဏ္ဍ ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးအတွက် ပြည်နယ်နှင့် တိုင်းဒေသ ကြီးအစိုးရများအလိုက် ဆောင်ရွက်မည့်ကိစ္စရပ်များနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးဖြစ်ကြောင်း၊ တစ်ဖက် မှလည်း ကုန်ဈေးနှုန်းကျဆင်းစေရေး ဆောင်ရွက်ရန်ဖြစ် ကြောင်း၊ နိုင်ငံတော်၏လိုအပ်ချက်အရ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်တာဝန်ကို ထမ်းဆောင် ပြီးနောက်ပိုင်းတွင် ပြည်တွင်းမှသဘောထားကွဲလွဲသည့် အဖွဲ့အစည်းများက စီးပွားရေးကဏ္ဍထိခိုက်အောင် ဆောင်ရွက်ခြင်းများရှိသကဲ့သို့ ပြည်ပမှလည်း အကြောင်း အမျိုးမျိုးပြပြီး စီးပွားရေးပိတ်ဆို့ခြင်းများ၊ ထောက်ပံ့မှု များကို ရပ်ဆိုင်းခြင်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ရပ်ဆိုင်းခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ပြင် ကုန်သွယ် မှုနှင့်ပတ်သက်၍ ဆောင်ရွက်ရာတွင်လည်း ရရှိသည့်ငွေများ ကိုလည်း ကန့်သတ်မှုများ ဆောင်ရွက်ခြင်းကြောင့် နိုင်ငံခြား ငွေများကို အသုံးပြုရာတွင် ကန့်သတ်ချက်များ ဖြစ်ပေါ် လာခဲ့ကြောင်း၊ ငွေကြေးကွာဟချက်များအပေါ်မူတည်၍ ကုန်သွယ်ရေးတွင် ငွေကြေးကစားသူများက အဆိုပါ အခြေ

အနေကို ကိုယ်ကျိုးအတွက် အမြတ်ထုတ်ရန် အသုံးချလာသည်ကို တွေ့ရှိရကြောင်း၊ ဘဏ်လုပ်ငန်းများ ထိခိုက်အောင်လည်း ဆောင်ရွက်ခဲ့ကြကြောင်း။

**ဝယ်လိုအားနှင့်ရောင်းလိုအား မမျှတခြင်းများဖြစ်ပေါ်ပြီး ကုန်စျေးနှုန်းများ ကြီးမြင့်လာ**

၂၀၂၁ ခုနှစ်မှစတင်၍ နိုင်ငံ၏စီးပွားရေးကို ထိခိုက်အောင်လုပ်ဆောင်ခဲ့ရာ ၂၀၂၂ ခုနှစ်အထိ ငွေကြေးလည်ပတ်မှု ပြန်လည်တည်ငြိမ်ရေး လုပ်ဆောင်ခဲ့ရာ ထိုက်သင့်သည့် ပမာဏအထိ ထိန်းသိမ်းနိုင်ခဲ့ကြောင်း၊ သို့သော် ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်ခဲ့သည့် ကမ္ဘာ့စီးပွားရေးကျဆင်းမှုနှင့် အရှေ့ဥရောပဒေသဖြစ်စဉ်များကြောင့် လောင်စာဆီပြဿနာများအထိ ဖြစ်ပေါ်ခဲ့သဖြင့် ကမ္ဘာ့စီးပွားရေးကျဆင်းမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ကမ္ဘာတစ်ဝန်း ကုန်စျေးနှုန်းကြီးမြင့်ခြင်း၊ စက်သုံးဆီစျေးနှုန်းများ ကြီးမြင့်ခြင်းကြောင့် သယ်ယူပို့ဆောင်ရေးစရိတ်များကြီးမြင့်လာခြင်း၊ ကုန်ထုတ်လုပ်မှုစရိတ်များ မြင့်တက်လာခြင်းနှင့် ဝယ်လိုအားနှင့် ရောင်းလိုအား မမျှတခြင်းများဖြစ်ပေါ်ပြီး ကုန်စျေးနှုန်းများ ကြီးမြင့်လာခဲ့ခြင်းသည် မိမိတို့နိုင်ငံအပေါ် သက်ရောက်မှုများရှိခဲ့ကြောင်း။

မိမိတို့နိုင်ငံမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများအလိုက် သွင်းအားစုများ ကုန်စျေးနှုန်းကြီးမြင့်မှုများ ဖြစ်ပေါ်လာသဖြင့် ပြည်တွင်းထုတ်လုပ်မှုကုန်ကျစရိတ်များ မြင့်တက်လာခြင်းများရှိကြောင်း၊ ဝိသမလောဘသားများ၏ ငွေကြေးကစားမှုနှင့် နိုင်ငံရေးအရအမြတ်ထုတ်လိုမှုများကြောင့် ကုန်စျေးနှုန်းများမှာ ဖြစ်သင့်ဖြစ်ထိုက်သည့်စျေးထက် စျေးနှုန်းမြင့်မားနေသည်ဟု ယူဆရကြောင်း၊ ကုန်စျေးနှုန်းကြီးမြင့်ခြင်းတွင် ထုတ်လုပ်မှုကုန်ကျစရိတ်များပြားခြင်း၊ ဝယ်လိုအားနှင့် ရောင်းလိုအားကွာခြားချက်ကြီးမားခြင်းနှင့် အဆင့်ဆင့်ရောင်းချမှုများများပြားခြင်းကြောင့် ကုန်စျေးနှုန်းများ ပိုမိုမြင့်တက်လာခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း။

ထုတ်လုပ်မှုကုန်ကျစရိတ် လျှော့ချရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့် သဘာဝမြေဩဇာများအသုံးပြုရေး၊ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့်ဆောင်ရွက်၍ တိရစ္ဆာန်များမှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများဖြင့် ဇီဝမြေဩဇာများ အသုံးပြုရေး လမ်းညွှန်မှာကြားထားသကဲ့သို့ ဓာတ်မြေဩဇာများကို ပြည်ပမှဝယ်ယူရရှိရေးအတွက် အစိုးရမှ စီစဉ်ဆောင်ရွက်ပေးထားကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများအတွက် ရေလိုအပ်ချက်နှင့်ပတ်သက်၍ မြစ်ရေတင်စီမံကိန်းများကို အလေးပေးဆောင်ရွက်ရန်၊ လျှပ်စစ်ဓာတ်အားမရရှိနိုင်သည့် ဒေသများတွင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက်လည်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း လုပ်ငန်းများဖြင့် ဆောင်ရွက်နိုင်ရန်အတွက် နည်းလမ်းများ ပြသဆောင်ရွက်ပေးခဲ့ရာ အထိုက်အလျောက် အောင်မြင်မှုများရှိခဲ့ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် အစာနှင့်ရေများ လုံလောက်စွာရရှိရန်လိုကြောင်း။

**မီးရထားနှင့်ပို့ဆောင်ခြင်းသည် သယ်ယူပို့ဆောင်မှုစရိတ်ကို များစွာသက်သာစေ**

ကုန်ထုတ်လုပ်မှု ကုန်ကျစရိတ် လျှော့ချရေး ဆောင်ရွက်ရာတွင် နည်းလမ်းများရှိနေသော်လည်း ရာနှုန်းပြည့် လုပ်ဆောင်နိုင်မှု မရှိသေးကြောင်း၊ ထိုအထဲတွင် သယ်ယူပို့ဆောင်စရိတ်များကြီးမြင့်ခြင်းလည်း ပါဝင်ကြောင်း၊ လောင်စာဆီစျေးနှုန်းများ ကြီးမြင့်ခြင်းနှင့် လုံခြုံရေးအရ ကန့်သတ်ချက်များကြောင့်ကုန်ကျစရိတ်များပိုမိုနေကြောင်း၊ ထို့ကြောင့် မီးရထားနှင့် ပို့ဆောင်ခြင်းနှင့် ရေကြောင်းမှ ပို့ဆောင်ခြင်းများကို ဆောင်ရွက်ရန်အတွက် မိမိအနေဖြင့် အမြဲမပြတ် တိုက်တွန်းပြောကြားခဲ့ရာ အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ သို့သော် အရေးမကြီးသည့် ပစ္စည်းများကို မော်တော်ယာဉ်များဖြင့် သယ်ယူပို့ဆောင်ခြင်းများ ရှိနေခြင်းကြောင့် ကုန်ပစ္စည်းသယ်ယူပို့ဆောင်မှုစရိတ်များမှာ ကြီးမြင့်နေမည်ဖြစ်ကြောင်း၊ မီးရထားနှင့် ပို့ဆောင်ခြင်းသည် သယ်ယူပို့ဆောင်မှုစရိတ်ကို များစွာသက်သာစေကြောင်း၊ အများပြည်သူ သယ်ယူပို့ဆောင်ရေးနှင့်ပတ်သက်၍ ထိထိရောက်ရောက် ဆောင်ရွက်ရန် လိုအပ်နေသေးသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူများအနေဖြင့် အလေးထား ဆောင်ရွက်ရန် လိုအပ်ကြောင်း။

**ဒေသအတွင်း အသား၊ ငါး လိုအပ်ချက်များရှိနေခြင်းကြောင့် ကုန်စျေးနှုန်း ကြီးမြင့်နေ**

ဝယ်လိုအားနှင့် ရောင်းလိုအား မျှတမှုမရှိခြင်းနှင့်ပတ်သက်၍ အခြေခံအားဖြင့် ဒေသအလိုက် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ဂေါ်ရခတ်၊ ကြက်သွန်၊ အာလူး၊ အသား၊ ငါး၊ ဥများမှာ

ဝယ်လိုအားနှင့် ရောင်းလိုအားမျှတမှုမရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့ ဒေသအလိုက် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် စိုက်ပျိုးမြေများ လုံလောက်စွာရှိပြီးဖြစ်သကဲ့သို့ မွေးမြူရေးအတွက် လိုအပ်သည့် တိရစ္ဆာန်အစားအစာများ ထုတ်လုပ်နိုင်သည့် စိုက်ပျိုးရေးထွက်ကုန်များ ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် လုံလောက်စွာရှိပြီးဖြစ်ကြောင်း၊ ဒေသအတွင်း အသား၊ ငါး လိုအပ်ချက်များ ရှိနေခြင်းကြောင့် ကုန်ဈေးနှုန်းကြီးမြင့်နေခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်၍ ဒေသအလိုက် စားရေးကိုအဓိကအထောက်အကူပြုစေရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများ ထုတ်ပေးထားပြီးဖြစ်သဖြင့် ထိရောက်စွာ အသုံးချရန်လိုကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် စားရေးလိုအပ်ချက်ကို လုံလောက်စွာထုတ်လုပ်၍ ရောင်းလိုအားနှင့် ဝယ်လိုအားမျှတမှုရှိစေရေး ဦးစားပေးဆောင်ရွက်ရန်လိုကြောင်း။

> ထုတ်ကုန်များ ထုတ်လုပ်ရာ၌ သယံဇာတပစ္စည်းများကို ထုတ်ယူသုံးစွဲရာတွင် မြေအောက်တွင်းထွက်သယံဇာတများကို သုံးစွဲခြင်းထက် မြေပေါ်သယံဇာတဖြစ်သည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ထုတ်လုပ်ခြင်း၊ ရေသယံဇာတ သုံးစွဲရာတွင်လည်း ဖမ်းဆီးခြင်းထက် မွေးမြူခြင်းကို အားပေးဆောင်ရွက်ရန်လို၊ ကုန်ဈေးနှုန်းကို ထိန်းညှိနိုင်သည့် ကုန်ထုတ်လုပ်မှုမျိုးဖြစ်ရန် လိုအပ်သဖြင့် ချိန်ထိုးဆောင်ရွက်ကြရန်လို၊ ကုန်ထုတ်လုပ်မှုရှိမှသာ ငွေကြေးစီးဆင်းလည်ပတ်မှုကောင်းမွန်ပြီး ဒေသစီးပွားနှင့် နိုင်ငံ့စီးပွားတိုးတက်လာမည်ဖြစ်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး မြေများကို အပြည့်အဝအသုံးချနိုင်ရန်နှင့် မြေကိုအကျိုးရှိရှိ အသုံးချရန်လိုကြောင်း၊ လုပ်မြေများ မကျန်ရှိစေရေး စနစ်တကျဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ မွေးမြူရေးနှင့် ပတ်သက်၍လည်း စနစ်ကျသည့် မွေးမြူရေးစနစ်ဖြင့် မွေးမြူရန်လိုကြောင်း၊ စနစ်ကျသည့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်မှသာ ထွက်ကုန်များပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်များ အထွက်တိုးအောင် ဆောင်ရွက်ရာတွင် စိုက်ပျိုးမြေများကိုလည်း အနည်းဆုံး ဧကကွက်များအဖြစ် ဖော်ထုတ်ဆောင်ရွက်ပြီး အပြည့်အဝ အကျိုးရှိစွာအသုံးချနိုင်ရန် လိုကြောင်း၊ စိုက်ပျိုးမြေများနှင့် ပတ်သက်၍ စည်းမျဉ်းစည်းကမ်း ဥပဒေများနှင့်အညီ ကြပ်ကြပ်မတ်မတ်ဆောင်ရွက်မည်ဆိုပါက ကုန်ထုတ်လုပ်မှုများတွင်လည်း အထောက်အကူပြုမည်ဖြစ်ကြောင်း။

ကုန်ပစ္စည်းများ ရောင်းဝယ်ခြင်းတွင် အဆင့်ဆင့် ရောင်းဝယ်မှုနှင့်ပတ်သက်၍ ပြုပြင်ခြင်းများ ဆောင်ရွက်နိုင်ရေး စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ ကုန်ဈေးနှုန်းကျဆင်းရေးအတွက် ဆောင်ရွက်ရာတွင် တိုင်းပြည်၌ ရှိသင့်ရှိထိုက်သည့် ကုန်ဈေးနှုန်းများ ဖြစ်စေရန်အတွက် ကုန်ထုတ်လုပ်မှု ပမာဏများမြှင့်တင်ရန် အရေးကြီးကြောင်း၊ မိမိတို့၏ ရည်မှန်းချက်တွင် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာများပေါများရေးကိုအကောင်အထည်ဖော်ဆောင်ရွက်ရေးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးနိုင်ငံဖြစ်ပြီး မြေသယံဇာတများ၊ ရေသယံဇာတများနှင့် လူသားအရင်းအမြစ်များရှိသော်လည်း စားရေရိက္ခာများ ဈေးနှုန်းကြီးမြင့်ခြင်းမှာ မဖြစ်သင့်သည့် ကိစ္စရပ်များဖြစ်ကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ ကုန်ဈေးနှုန်းကြီးမြင့်မှုနှင့်ပတ်သက်၍ ဆွေးနွေးရန်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဝန်ကြီးဌာနများအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကုန်ပစ္စည်းထုတ်လုပ်မှုနှင့်ပတ်သက်၍ ဆွေးနွေးဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်က ကုန်ဈေးနှုန်းများနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်ရေးအတွက် ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသ

ကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များက ဒေသအလိုက် ဝမ်းစာဖူလုံမှု၊ ကုန်ထုတ်လုပ်မှု၊ နိုင်ငံ့စီးပွားမြှင့်တင်မှုရန်ပုံငွေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ထားရှိမှုများ၊ အခြေခံစားသောက်ကုန်များ၊ စက်သုံးဆီနှင့် လူသုံးကုန်ပစ္စည်းများ၏ ကုန်ဈေးနှုန်းအတက်အကျအခြေအနေ၊ ကုန်ထုတ်လုပ်မှုနှင့် ဝယ်လိုအားမျှတမှုရှိအောင် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**ရှင်းလင်းတင်ပြဆွေးနွေး**

ထို့နောက် ကောင်စီဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများက မီးရထားနှင့်ရေကြောင်း၊ လေကြောင်းများမှ ကုန်စည်များပို့ဆောင်ပေးလျက်ရှိမှု၊ ဆန်၊ ပဲ၊ ပြောင်းများ ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်လျက်ရှိမှုနှင့် ပြည်ပသို့တင်ပို့လျက်ရှိမှု၊ ပြည်တွင်းမှထုတ်လုပ်သည့် စိုက်ပျိုးရေးထုတ်ကုန်ဈေးနှုန်းများကို ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်ရန်နှင့် ပြည်ပမှတင်သွင်းသည့် ကုန်ပစ္စည်းများကိုလည်း ထိုက်သင့်သည့်ဈေးနှုန်းများဖြစ်စေရေး ဝိုင်းဝန်းကြပ်မတ်ဆောင်ရွက်ရန်လိုအပ်မှု၊ နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများအလိုက် ထုတ်ပြန်သည့် အခြေခံကုန်ဈေးနှုန်းများကိုအများပြည်သူသိရှိစေရေး ထုတ်ပြန်ပေးလျက်ရှိမှုနှင့်သတင်း၊ ဆောင်းပါးများ ထည့်သွင်းဖော်ပြပေးလျက်ရှိမှု၊ မိမိတို့ကိုယ်ကျိုးအတွက် ကုန်ဈေးနှုန်းများကိုထိုက်သင့်သည်ထက်ကြီးမြင့်အောင် လုပ်ဆောင်နေသည့် ဝိသမလောဘသားများကို ဖော်ထုတ်၍ ထိရောက်စွာအရေးယူနိုင်ရေးဆောင်ရွက်ရန် လိုအပ်မှု၊ ဆန်၊ စပါး၊ သား၊ ငါးနှင့်စားသောက်ကုန်များ ဈေးနှုန်းများ ကြီးမြင့်လာရသည့်အကြောင်းရင်းများနှင့် ထိုက်သင့်သည့် ဈေးနှုန်းများဖြစ်စေရေး ဖြေရှင်းဆောင်ရွက်ရမည့် နည်းလမ်းများ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်နှင့်မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့မှ ကုန်ဈေးနှုန်းကျဆင်းရေးကို အထောက်အကူဖြစ်စေမည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုဆောင်ရွက်၍ အသား၊ ငါးများနှင့် လူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်ကာ ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချပေးလျက်ရှိမှု၊ တပ်မတော် တပ်ရင်း၊ တပ်ဖွဲ့များမှလည်း တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုဆောင်ရွက်၍ တပ်မိသားစုဝင်များကိုသာမက ဒေသခံပြည်သူများကိုလည်း သက်သာသောဈေးနှုန်းများဖြင့်ရောင်းချပေးလျက်ရှိမှု၊ MSME လုပ်ငန်းများသည်ပြည်တွင်းကုန်ပစ္စည်း လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုရှင်းလင်းတင်ပြဆွေးနွေးကြသည်။

**အလေးထားကြပ်မတ်ဆောင်ရွက်**

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကုန်စည်ပို့ဆောင်ရေးနှင့်ပတ်သက်၍ လမ်းခရီးများရှိဂိတ်များ၌ မလိုလားအပ်သည့် ကုန်ကျစရိတ်များမရှိစေရေးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူများက အလေးထားကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ အရေးမကြီးသည့် ကုန်ပစ္စည်းများကို ရထားပို့ဆောင်ရေးနှင့်ရေကြောင်းပို့ဆောင်ရေးစနစ်ကို အသုံးပြုကြရေး အားပေးတိုက်တွန်းလိုကြောင်း၊ လေကြောင်းကုန်စည်ပို့ဆောင်ရေးသည်လည်း ဆောင်ရွက်သင့်သည့် လုပ်ငန်းရပ်တစ်ခုဖြစ်ကြောင်း၊ လေကြောင်းပို့ဆောင်ရေးကဏ္ဍ တိုးတက်ရေးအတွက် လေယာဉ်ကွင်းများ တိုးချဲ့အဆင့်မြှင့်တင်ခြင်းများကိုဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကုန်တင်လေယာဉ်များ ဆင်းသက်နိုင်မည်ဆိုပါက အရေးကြီးသည့်ပစ္စည်းများကို လေကြောင်းမှတစ်ဆင့် မြန်ဆန်စွာ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်အတွင်း သွင်းအားစုကုန်ကြမ်းများ ဈေးနှုန်းကြီးမြင့်မှုကြောင့် ကုန်ဈေးနှုန်းများကြီးမြင့်ခဲ့ခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကုန်စည်ဒိုင်များကိုလည်း ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ လိုအပ်သည့် တိရစ္ဆာန်အစာများကိုပြည်တွင်း၌ ပြည့်ပြည့်ဝဝ လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဆိုပါက အသား၊ ငါးနှင့် ဥများ ဈေးနှုန်းကြီးမြင့်မှုများကို အထိုက်အလျောက် လျှော့ချနိုင်မည်ဖြစ်ကြောင်း။

အချို့သော အသားများ၏ ကြမ်းခင်းဈေး သတ်မှတ်ခြင်းနှင့်ပတ်သက်၍ စည်ပင်သာယာမှ ဈေးနှုန်းသတ်မှတ်ပြီးဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကြမ်းခင်းလေလံဈေးများကြီးမြင့်မှုများ ဖြစ်ပေါ်ခြင်းမရှိစေရေး တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ပြည်ထောင်စုနှင့်

ညှိနှိုင်း၍ နည်းလမ်းရှာဖွေဆောင်ရွက်ရန်လိုကြောင်း၊ ဆန်စျေးနှုန်းနှင့် ပတ်သက်၍ မိမိတို့နိုင်ငံသည် အဓိက အားဖြင့် မိုးစပါးကိုစိုက်ပျိုးကြကြောင်း၊ လယ်စိုက်ပျိုးရာတွင် တစ်ဧကပန်းတိုင်ရည်မှန်းချက်မှာ တင်း ၁၀၀ ဖြစ်သဖြင့် ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင်စိုက်ပျိုးရန်လိုကြောင်း၊ လယ်ကိုပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် စိုက်ပျိုးရန် လိုသကဲ့သို့ ယာစိုက်ပျိုးမှုများကိုလည်း ပန်းတိုင်ရည်မှန်း ချက်ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက စပါးထွက် ရှိမှုများ ပိုလျှံလာမည်ဖြစ်ပြီး အခြားဒေသများသို့ တင်ပို့နိုင် သကဲ့သို့ ပြည်ပသို့လည်း တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ဝမ်းစာဖူလုံရေးသည် ပြည်ထောင်စုအတွက် အရေးကြီး ကြောင်း၊ ထို့ကြောင့် စပါးစိုက်ပျိုးမှုများကိုသာမက အခြား သီးနှံစိုက်ပျိုးမှုများကိုလည်း အထွက်နှုန်းများတိုးတက် အောင် စနစ်တကျ စိုက်ပျိုးရန်လိုကြောင်း၊ အလားတူ ယခုအခါ မိုးရာသီသို့ရောက်ရှိလာပြီဖြစ်သဖြင့် တိုင်းဒေသ ကြီးနှင့် ပြည်နယ်များအလိုက် သစ်ပင်များစိုက်ပျိုးရာတွင် စိုက်ပျိုးသည့်အပင်များအားလုံး ရှင်သန်ရေး သတ်မှတ် ထားသည့် ပျိုးပင်အရွယ်အစားများကို စနစ်တကျ စိုက်ပျိုးရန်လိုကြောင်း၊ ရာသီဥတုကို အထောက်အကူ ပြုစေမည့် သစ်တောသစ်ပင်များစိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းခြင်းများကို ဆောင်ရွက်ကြရန်လိုကြောင်း။

သမဝါယမစနစ်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် စုပေါင်းသမဝါယမစနစ်ကို ကျင့်သုံးရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုများနှင့် ပတ်သက်၍ စုပေါင်း သမဝါယမ စနစ်ဖြင့် ဆောင်ရွက်မည်ဆိုပါက အောင်မြင်မှုများ ရရှိ မည်ဖြစ်ကြောင်း၊ ထို့အတွက်လည်း နိုင်ငံတော်အစိုးရမှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြား သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြော ကြားရာတွင် ဆွေးနွေးတင်ပြမှုများအရ ဆောင်ရွက်သင့် သည့်အချက်များကို သိရှိရကြောင်း၊ ကုန်ထုတ်လုပ်မှု အပိုင်းတွင် အခြေခံစားကုန်များနှင့်ပတ်သက်၍ အဓိကထား ဆွေးနွေးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စု အစိုးရအဖွဲ့အနေဖြင့် မူဝါဒများချမှတ်ခြင်းနှင့် ပြည်သူ များ၏ လိုအပ်ချက်များကို ဥပဒေနှင့်အညီ ဖြည့်ဆည်း ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း။

**လုပ်ပိုင်ခွင့်များပေးထား**

ဒီမိုကရေစီအုပ်ချုပ်ရေးနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုသည့် နိုင်ငံရေးရည်မှန်းချက်အရ တိုင်းဒေသကြီးနှင့် ပြည်နယ် များကို လုပ်ပိုင်ခွင့်များပေးထားကြောင်း၊ တိုင်းဒေသ ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက် ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ဝင်ငွေ ရရှိရန်လိုအပ်သဖြင့် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက် ရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း အလားတူ ပင်ဖြစ်သဖြင့် ကုန်ထုတ်လုပ်မှုသည် နိုင်ငံအတွက် အရေးကြီးကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အလိုက်ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ ထုတ်လုပ်လိုက်သည့် ကုန်ပစ္စည်းများသည် ပြည်တွင်းစျေးကွက် လိုအပ်ချက်ကို သာမက ပြည်ပစျေးကွက်များသို့ပါ တင်ပို့နိုင်သည့် အရည်အသွေးမြင့် ထုတ်ကုန်များဖြစ်ရန် လိုအပ်ကြောင်း။

ထုတ်ကုန်များ ထုတ်လုပ်ရာ၌ သယံဇာတပစ္စည်း များကို ထုတ်ယူသုံးစွဲရာတွင် မြေအောက်တွင်းထွက်သယံ ဇာတများကို သုံးစွဲခြင်းထက် မြေပေါ်သယံဇာတဖြစ်သည့် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များထုတ်လုပ်ခြင်း၊ ရေသယံ ဇာတ သုံးစွဲရာတွင်လည်း ဖမ်းဆီးခြင်းထက် မွေးမြူခြင်းကို အားပေးဆောင်ရွက်ရန်လိုကြောင်း၊ ကုန်စျေးနှုန်းကို ထိန်းညှိနိုင်သည့် ကုန်ထုတ်လုပ်မှုမျိုးဖြစ်ရန် လိုအပ်သဖြင့် ချိန်ထိုးဆောင်ရွက်ကြရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှု ရှိမှသာ ငွေကြေးစီးဆင်းလည်ပတ်မှု ကောင်းမွန်ပြီး ဒေသ စီးပွားနှင့် နိုင်ငံ့စီးပွားတိုးတက်လာမည်ဖြစ်ကြောင်း။

ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်ရာတွင် ပြည်တွင်းမှ ထုတ်လုပ်သည့် ကုန်ကြမ်းများကို အဓိကထား အသုံးချရန် လိုကြောင်း၊ ယခင်ကာလများက ဖြစ်ပေါ်ခဲ့သည့် အားနည်း ချက်များအပေါ် သင်ခန်းစာများယူ၍ မိမိတို့တာဝန်ယူချိန် ကာလအတွင်း နိုင်ငံ့စီးပွားရေးကို ပုံမှန်လမ်းကြောင်း ပေါ်သို့ ပြန်လည်ရောက်ရှိရေး ကြိုးပမ်းဆောင်ရွက်သွား ကြရန်လိုကြောင်း၊ မိမိတို့ကြိုးပမ်းဆောင်ရွက်မှုများ၏ အကျိုးရလဒ်ကိုနောင်မျိုးဆက်များ ခံစားရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အခြေခံစား ကုန်များကိုလုံလောက်စွာထုတ်လုပ်နိုင်ခြင်းဖြင့် ကုန်စျေးနှုန်း

တည်ငြိမ်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်သူများအနေဖြင့် အများပြည်သူများအတွက် အဖြစ်သင့်ဆုံးဈေးနှုန်းဖြင့် ထိန်းညှိရောင်းချပေးရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တာဝန်ရှိသူများအနေဖြင့်လည်း ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်နေရန်လိုကြောင်း၊ ယခုအခါ စက်သုံးဆီနှင့် မြေသြဇာစသည့်သွင်းအားစု ဈေးနှုန်းများမှာ ယခင်နှစ်ကထက် ကျဆင်းသွားပြီဖြစ်သော်လည်း ကုန်ဈေးနှုန်းများမှာ ကြီးမြင့်လျက်ရှိနေသေးသည်ကို တွေ့ရှိရကြောင်း။

**နိုင်ငံ့ဝင်ငွေတိုးပွားအောင် ဆောင်ရွက်**

မိမိတို့နိုင်ငံ၏ ငွေကြေးတန်ဖိုး ခိုင်မာမှုရှိစေရေးနှင့် ငွေကြေးဖောင်းပွမှုများမရှိအောင် ကုန်ထုတ်လုပ်မှုများကို တိုးတက်အောင်ဆောင်ရွက်ပြီး နိုင်ငံ့ဝင်ငွေတိုးပွားအောင် ဆောင်ရွက်ရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကုန်ထုတ်လုပ်မှုများ တိုးတက်စေရေး မဖြစ်မနေ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုကြောင်း၊ အများပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူနိုင်ရန်နှင့် ကုန်ဈေးနှုန်းကြီးမြင့်မှုကို တစ်ဖက်တစ်လမ်းမှ ထိန်းညှိပေးနိုင်ရန်အတွက် တပ်မတော်အနေဖြင့် တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် အသား၊ ငါးနှင့် ဥများ၊ တပ်မတော်စက်ရုံများမှ ထွက်ရှိသည့် စားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများကို ပြည်သူများထံ သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိကြောင်း၊ အဓိကအားဖြင့် ကုန်ထုတ်လုပ်မှုများကို တိုးတက်အောင်ဆောင်ရွက်ပြီး ယခုဖြစ်ပေါ်နေသည့် ကုန်ဈေးနှုန်းကို ထိန်းညှိနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ ယခုပြုလုပ်သည့် အစည်းအဝေးသည် သင့်တင့်သည့် ဈေးနှုန်းများ ဖြစ်စေရေးအတွက် နည်းလမ်းများရှာဖွေရန် အစပျိုးပေးလိုက်ခြင်းဖြစ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် နည်းလမ်းများရှာဖွေ၍ အမြန်ဆုံးဖြေရှင်းဆောင်ရွက်သွားကြစေလိုကြောင်း မှာကြားသည်။

■ ■ ■

# ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ရုံး၊ ဌာနအသီးသီးမှ အရာရှိငယ်များအား တွေ့ဆုံပြောကြားသည့်အမှာစကား

( ၁၆ - ၆ - ၂၀၂၃ )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇွန်လ(၁၆)ရက် နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ရုံး၊ ဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိငယ်များအား တွေ့ဆုံအမှာစကား ပြောကြားသည်။

**တာဝန်ထမ်းဆောင်လျက်ရှိ**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ရုံး၊ ဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိငယ်များ တက်ရောက်ကြသည်။

**တပ်မတော်နှင့် အမျိုးသားနိုင်ငံရေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ရုံး၊ ဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိငယ်များအား တပ်မတော်နှင့်အမျိုးသားနိုင်ငံရေး၊ နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု၊ တစ်ဦးချင်းတာဝန်ထမ်းဆောင်မှု စသည်တို့နှင့်ပတ်သက်၍ မှန်မှန်ကန်ကန်သိရှိနားလည်ရန်နှင့် အခြားလိုအပ်သည်များကို မှာကြားနိုင်ရန် ယခုကဲ့သို့ တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ မည်သည့်နိုင်ငံတွင်ဖြစ်စေ နိုင်ငံတော်ကိုကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်မှာ နိုင်ငံသားတိုင်း၏တာဝန်ပင်ဖြစ်ကြောင်း၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံအခြေအနေများ တူညီမှုမရှိကြဘဲ နယ်ချဲ့နိုင်ငံများ၊ ကိုလိုနီပြုခြင်းခံခဲ့ရသည့်နိုင်ငံများနှင့် ကိုလိုနီပြုခြင်းမခံခဲ့ရသည့်နိုင်ငံများ စသည်ဖြင့်အမျိုးမျိုးရှိကြောင်း၊ နိုင်ငံ၏ ယဉ်ကျေးမှုစရိုက်လက္ခဏာ၊ အမျိုးသားရေးစရိုက် လက္ခဏာများမပျောက်မပျက်အောင် ထိန်းသိမ်းဆောင်ရွက်ခြင်းသည် အမျိုးသားနိုင်ငံရေးပင်ဖြစ်ကြောင်း၊ နိုင်ငံ၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသား

နိုင်ငံရေးမှာ သမိုင်းနှင့်ချီ၍ ဖြစ်ပေါ်လာခဲ့သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် တို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် မီတင်းနေထိုင်သည့် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုးခန့်ရှိပြီး ဒေသအလိုက်၊ လူမျိုးအလိုက် ကွဲပြားခြားနားမှုများရှိကြကြောင်း၊ သွင်ပြင်လက္ခဏာ၊ ယဉ်ကျေးမှု၊ ထုံးတမ်းစဉ်လာများ တူညီမှုမရှိကြဘဲ တောင်တန်းဒေသနှင့်ပြည်မဒေသတို့သည် ရာသီဥတု၊ မြေအနေအထား၊ လမ်းပန်းဆက်သွယ်မှု၊ ပညာရေးနှင့် ကူးလူးဆက်ဆံမှုများ ကွာခြားမှုရှိသဖြင့် တစ်ပြေးညီ တိုးတက်ခြင်းမရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ယခင်ဘုရင်စနစ်ကျင့်သုံးခဲ့စဉ်က ဘုရင်များ၏ဩဇာသက်ရောက်မှုအပေါ်မူတည်၍ ကွာခြားမှုရှိခဲ့ကြောင်း၊ ကိုလိုနီပြုခြင်းခံခဲ့ရချိန်တွင်လည်း ပြည်မတွင်ရှိသည့် တိုင်းရင်းသားများနှင့် တောင်တန်းဒေသရှိတိုင်းရင်းသားများ ကွဲပြားခြားနားမှုရှိအောင် နယ်ချဲ့တို့က ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံသည် အင်္ဂလိပ်-မြန်မာစစ်ပွဲ သုံးကြိမ်ဖြစ်ပွားခဲ့ပြီးနောက် ကိုလိုနီလက်အောက်သို့ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအောက်ပိုင်းဒေသများသည် ကိုလိုနီလက်အောက်တွင် ပိုမိုကြာရှည်စွာနေခဲ့ကြရကြောင်း၊ ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲပြီးနောက် ၎င်းဒေသများသည် အင်္ဂလိပ်အုပ်ချုပ်မှုပုံစံကိုကျင့်သုံးခဲ့ကြပြီး ထိုအချိန်၌ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ဘုရင်စနစ်ကို ကျင့်သုံးနေဆဲဖြစ်ကြောင်း၊ အုပ်ချုပ်မှုပုံစံ ကွဲပြားခြားနားမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ကိုလိုနီလက်အောက်သို့ ကျရောက်ချိန်တွင် ၎င်းတို့၏တောင်တန်း-ပြည်မ သွေးခွဲအုပ်ချုပ်ခဲ့မှုကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်စေခဲ့ကြောင်း၊ ကိုလိုနီလက်အောက်မှရုန်းထွက်ချိန်တွင် ပညာတတ်များနည်းပါးခြင်းနှင့် စုစည်းညီညွတ်သည့်အားများ နည်းပါးမှုများရှိခဲ့၍ လွတ်လပ်ရေးကို ခက်ခဲစွာကြိုးပမ်းရယူခဲ့ရကြောင်း။

> **နိုင်ငံ၏ ယဉ်ကျေးမှုစရိုက်လက္ခဏာ၊**
> **အမျိုးသားရေးစရိုက်လက္ခဏာများ**
> **မပျောက်မပျက်အောင် ထိန်းသိမ်းဆောင်ရွက်**
> **ခြင်းသည် အမျိုးသားနိုင်ငံရေးပင်ဖြစ်၊**
> **နိုင်ငံ၏အမျိုးသားအကျိုးစီးပွားကို**
> **ကာကွယ်စောင့်ရှောက်ခြင်းဖြစ်၊**
> **မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့်**
> **အမျိုးသားနိုင်ငံရေးမှာ သမိုင်းနှင့်ချီ၍**
> **ဖြစ်ပေါ်လာခဲ့သည့် ပြည်ထောင်စုမပြိုကွဲရေး၊**
> **တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊**
> **အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့်**
> **တို့တာဝန်အရေးသုံးပါးကို**
> **ထိန်းသိမ်းဆောင်ရွက်ခြင်းပင်ဖြစ်။**

တပ်မတော်သားများသည် အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နေသူများ၊ အမျိုးသားနိုင်ငံရေးတာဝန်ထမ်းဆောင်နေသူများဖြစ်သည့်အတွက်ခေတ်အဆက်ဆက် နိုင်ငံ၏သမိုင်းကို မှန်မှန်ကန်ကန်သိရှိရန် လိုအပ်ကြောင်း၊ အမျိုးသားနိုင်ငံရေးနှင့် အမျိုးသားအကျိုးစီးပွားကို ဆောင်ရွက်ရာတွင် နိုင်ငံ၏သမိုင်းကြောင်းကို မှန်မှန်ကန်ကန် သိရှိထားမှသာ မိမိတို့၏ အမျိုးသားနိုင်ငံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံ၏သမိုင်းကြောင်းမှ သင်ခန်းစာများကို ဖော်ထုတ်ပြီး နိုင်ငံ့အကျိုးအတွက်ဆောင်ရွက်ရန်လိုကြောင်း။

မိမိတို့နိုင်ငံ၏ ပထဝီဝင်အနေအထားအရ အရေးပါပုံနှင့် ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းများကိုလည်း အမြဲမပြတ်သိရှိနားလည်နေရန်လည်းလိုကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများ၏စီးပွားရေး၊ နိုင်ငံရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကိုလည်းသိရှိနေရမည်ဖြစ်ပြီး ဆက်လက်၍လည်း မျက်ခြည်မပြတ် လေ့လာသွားရန်လိုကြောင်း။

**နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု**

မိမိနိုင်ငံ၏ နိုင်ငံရေးသမိုင်းကြောင်းကို မှန်မှန်ကန်ကန်သိရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ သမိုင်းကြောင်းကိုလေ့လာကြည့်မည်ဆိုပါက ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိပြီးကာလတွင် ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ကြောင်း၊ လွတ်လပ်ရေးကြိုးပမ်းခဲ့စဉ်ကတည်းက လွတ်လပ်ရေးသည် ပထမ၊ ဒီမိုကရေစီရေးသည် ဒုတိယ၊ ဆိုရှယ်လစ်ရေးသည် တတိယဟူ၍ ကြွေးကြော်ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိ

ရမည်ဖြစ်ကြောင်း၊ လွတ်လပ်ရေးရပြီးနောက် ၁၉၄၇ ခုနှစ်တွင် တိုင်းပြုပြည်ပြုလွှတ်တော်က အတည်ပြုရေးဆွဲခဲ့သည့် ဖွဲ့စည်းပုံအုပ်ချုပ်ပုံအခြေခံဥပဒေ (၁၉၄၇ ခုနှစ်)ကို ကျင့်သုံးခဲ့ကြောင်း၊ မိမိတို့တိုင်းပြည်သည် ကိုလိုနီဖြစ်ခဲ့ရသဖြင့် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း မြန်မာ့လွတ်လပ်ရေးခေါင်းဆောင်အများစုတွင် နိုင်ငံရေးအယူအဆကွဲပြားမှုများရှိခဲ့ကြောင်း၊ နိုင်ငံတော်၌ဆိုရှယ်လစ်စနစ်ကျင့်သုံးနိုင်ရေးအတွက် တော်လှန်ရေးကောင်စီ၏မူဝါဒ သဘောထားကြေညာချက်တွင် စတင်ဖော်ထုတ်လာသည်ကိုသမိုင်းမှတ်တမ်းများ၌တွေ့ရကြောင်း၊ ထိုသို့ဆောင်ရွက်ရခြင်းမှာလည်း နိုင်ငံရေးအရအခက်အခဲနှင့် သမိုင်းကြောင်းများအပြင် စီးပွားရေးအရအခက်အခဲနှင့် သမိုင်းကြောင်းများကြောင့် ဖြစ်ကြောင်း။

ထိုသို့အခက်အခဲ၊ အကျပ်အတည်းများဖြစ်ပေါ်နေမှုကို တပ်မတော်ခေါင်းဆောင်များက သတိထားတွေ့မြင်ခဲ့ပြီး တိုင်းပြည်၏အနာဂတ်အရေးအတွက် မျှော်တွေးထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း၊ ထို့နောက် ဆိုရှယ်လစ်စနစ်ကို ကျင့်သုံးခဲ့ပြီး နိုင်ငံတော်၏စီးပွားရေးအခန်းကဏ္ဍကို ပြည်သူတို့လက်ဝယ်တွင်ရှိစေရေးအတွက် ဆောင်ရွက်ခဲ့ရသည်များရှိကြောင်း၊ ဆိုရှယ်လစ်စနစ်၏ အားနည်းချက်၊ စီမံခန့်ခွဲမှု အားနည်းချက်တို့ကြောင့် စီးပွားရေးကျဆင်းခဲ့ကာ ၁၉၈၈ ခုနှစ် အရေးအခင်းဖြစ်ပေါ်လာခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ် အရေးအခင်းဖြစ်ပွားခဲ့ရခြင်းသည် နိုင်ငံရေးပဋိပက္ခများထက် စီးပွားရေးကျဆင်းခဲ့ရမှုများကြောင့် အခြေခံပြီးဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ၁၉၈၈ ခုနှစ်နောက်ပိုင်းတပ်မတော်အစိုးရတက်လာခဲ့ပြီးပြည်သူလူထု၏ ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ် လျှောက်လှမ်းနိုင်ရေးအတွက် ဦးတည်ဆောင်ရွက်ခဲ့ကြောင်း၊ ဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ရေး၊ မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရေး တပ်မတော်မှ ဦးဆောင်၍ ဆောင်ရွက်ခဲ့ရကြောင်း၊ ပါတီစုံဒီမိုကရေစီလမ်းကြောင်းသို့ သွားနိုင်ရေးအတွက် ဈေးကွက်စီးပွားရေးစနစ်ကို ပုံဖော်ရာတွင် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများကို မြေတောင်မြှောက်ပေးခဲ့ရကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူလူထုလိုလားသော စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်သို့ရောက်ရှိအောင် ဖော်ဆောင်ပေးခဲ့ကြောင်း။

၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ ပထမအကြိမ်ရွေးကောက်ပွဲတွင် အနိုင်ရရှိသည့်ပါတီမှ ဒီမိုကရေစီအစိုးရတစ်ရပ်တက်လာခဲ့ပြီး တပ်မတော်အနေဖြင့် လက်တွဲညီညီကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိပြီးတက်လာသည့် ဒီမိုကရေစီအစိုးရ ဒုတိယသက်တမ်းတွင် တပ်မတော်အနေဖြင့် ဖြတ်သန်းတွေ့ကြုံခဲ့ရသည့် နိုင်ငံရေးအတွေ့အကြုံများအရ ဖြစ်သင့်ဖြစ်ထိုက်သည်များ၊ လုပ်သင့်လုပ်ထိုက်သည်များကို အကြံဉာဏ်ပေးခြင်း၊ ကူညီပေးခြင်းများ ဆောင်ရွက်ခဲ့သော်လည်း ထိရောက်မှုအားနည်းသည်ကို တွေ့ရှိခဲ့ရကြောင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်ခဲ့ချိန်တွင်လည်း အုပ်ချုပ်သူအစိုးရအဖွဲ့အနေဖြင့် အကျပ်အတည်းများစွာဖြစ်ပေါ်ခဲ့သဖြင့် တပ်မတော်မှကူညီဖြေရှင်းပေးခဲ့ရကြောင်း၊ ထို့နောက် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့်ပတ်သက်၍ လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရန် လိုအပ်သည်ဟုအကြိမ်ကြိမ်ပြောကြားခဲ့သော်လည်း ရွေးကောက်ပွဲတွင်မရိုးသားသည့် နည်းလမ်းများဖြင့် အနိုင်ရရှိရေး ဆောင်ရွက်ခဲ့သည်ကိုတွေ့ရှိရကြောင်း၊ မဲစာရင်းကွဲလွဲမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန် တပ်မတော်မှပြောကြားခဲ့သော်လည်း ဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် အတည်ပြုနိုင်ခြင်းမရှိသော လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်အာဏာကို အဓမ္မရယူရန် လုပ်ဆောင်လာခဲ့သောကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တပ်မတော်မှ နိုင်ငံတော်၏တာဝန်များကို ဝင်ရောက်ထိန်းသိမ်းဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ခဲ့ခြင်းသည် နိုင်ငံတော်မှလျှောက်လှမ်းနေသည့်၊ ပြည်သူလူထုမှလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်း ခိုင်မာရေးအတွက်သာဖြစ်ပြီး မိမိတို့အနေဖြင့် အဆိုပါလမ်းကြောင်းပေါ်မှသွေဖည်အောင် ဆောင်ရွက်မည်မဟုတ်ကြောင်း၊ ထို့ကြောင့် တိုင်းပြည်တည်ငြိမ်ရေးကို ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီသာ ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်နေပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နေခြင်းဖြစ်သည်ကို သိရှိရန်လိုကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊

> မိမိတို့ကို ပေးအပ်လာသည့်
> တာဝန်များကို ထမ်းဆောင်ရာ၌ မိမိကိုယ်ကို
> သစ္စာရှိရမည်၊ မိမိအလုပ်ကိုသစ္စာရှိရမည်၊
> မိမိ မိသားစုကိုသစ္စာရှိရမည်၊
> နိုင်ငံတော်အပေါ်သစ္စာရှိရမည်ဖြစ်၊
> မိမိကိုယ်ကို၊ မိမိတပ်မတော်အပေါ်၊
> မိမိနိုင်ငံတော်အပေါ် ယုံကြည်ချက်ခံယူချက်
> မြင့်မားရမည်ဖြစ်။

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စု တည်ဆောက်ရေးကို နိုင်ငံရေးရည်မှန်းချက်အဖြစ် ဦးတည် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် အမျိုးသားရေး လုပ်ငန်းစဉ်နှစ်ခုအဖြစ် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်ကိုအခက်အခဲ၊ အကျပ်အတည်း များကြားမှ ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်တွင် နောက်ဆုံးအချက်ဖြစ်သည့် "အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံ အခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရား မျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်" ဟူသည့် အချက်အား မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ပေးသွားမည် ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်း ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်နေ ခြင်းဖြစ်ကြောင်း။

**တစ်ဦးချင်း၏ တာဝန်ထမ်းဆောင်မှုနှင့်ပတ်သက်၍ ရည်မှန်းချက်များမပျောက်ပျက်အောင် အလေးထား ဆောင်ရွက်သွားရန်လို**

တစ်ဦးချင်းတာဝန်ထမ်းဆောင်မှုနှင့်ပတ်သက်၍ တပ်မတော်သားတိုင်းသည် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မျှမပါရှိဘဲ တပ်မတော်အတွင်းသို့ဝင်ရောက် တာဝန်ထမ်းဆောင်ခဲ့သူများဖြစ်ကြောင်း၊ မိမိတို့၏ မျှော်မှန်းချက်များမထိခိုက်အောင် နေထိုင်ဆောင်ရွက် ကြရန်နှင့် ရည်မှန်းချက်များ မပျောက်ပျက်အောင် ထိန်းသိမ်းဆောင်ရွက်၍ စဉ်ဆက်မပြတ်ကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ လူတိုင်းသည် ဘဝ တိုးတက်မှုကို လိုလားကြပြီး တိုးတက်မှုများဖြစ်ပေါ်ရေး အတွက် အဓိကလိုအပ်ချက်သည် အသိပညာ၊ အတတ် ပညာများကို အမြဲမပြတ်လေ့လာအားထုတ် ကြိုးစား လုပ်ဆောင်ခြင်းပင်ဖြစ်ကြောင်း၊ မိမိဘဝအတွက်အကျိုး ဖြစ်စေမည့် စာပေဗဟုသုတ၊ ဘာသာစကားနှင့် နည်းပညာ ပိုင်းဆိုင်ရာများကို လေ့လာသင်ယူနေရမည်ဖြစ်ကြောင်း၊ ထို့ပြင် သင့်တင့်လျောက်ပတ်သည့် ကိုယ်ခန္ဓာသွင်ပြင်နှင့် ကျန်းမာကြံ့ခိုင်မှုရှိစေရေးအတွက်လည်း ညီညွတ်မျှတ သည့် နေထိုင်စားသောက်မှုပုံစံနှင့် ကိုယ်လက်လှုပ်ရှား မှုရှိရမည်ဖြစ်ကြောင်း၊

မိမိတို့ကို ပေးအပ်လာသည့်တာဝန်များကိုထမ်း ဆောင်ရာ၌ မိမိကိုယ်ကိုသစ္စာရှိရမည်၊ မိမိအလုပ်ကို သစ္စာရှိရမည်၊ မိမိ မိသားစုကိုသစ္စာရှိရမည်၊ နိုင်ငံတော် အပေါ်သစ္စာရှိရမည်ဖြစ်ကြောင်း၊ မိမိကိုယ်ကို၊ မိမိ တပ်မတော်အပေါ်၊ မိမိနိုင်ငံတော်အပေါ် ယုံကြည်ချက် ခံယူချက် မြင့်မားရမည်ဖြစ်ကြောင်း၊ လူတိုင်းသည် မိမိတို့ ဘဝတိုးတက်ရေးအတွက် ရည်မှန်းချက်များရှိကြကြောင်း၊ ရည်မှန်းချက်များ ဖြစ်မြောက်အောင်မြင်စေရေး ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့တစ်ဦးတစ်ယောက် ချင်းစီ၏ ရည်မှန်းချက်တာဝန်များကိုဆောင်ရွက်ရာတွင် အသိတရား၊ သတိတရားဖြင့် ထိန်းသိမ်း၍ ဆောင်ရွက် ကြမည်ဆိုပါက မိမိတို့၏လုပ်ငန်းဆောင်ရွက်မှုများကို အောင်မြင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲနှင့် (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှ (ဖိတ်ခေါ်) ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတို့တွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားတွင် ပြောကြားသည့်အမှာစကား

( ၁၇ - ၆ - ၂၀၂၃ )




ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသည့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲနှင့် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသည့် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ(ဖိတ်ခေါ်) ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတို့တွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ဇွန်လ(၁၇)ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများ၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ၊ အုပ်ချုပ်သူများ၊ နည်းပြများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးခြင်းပင်ဖြစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က

အဖွင့်အမှာစကားပြောကြားရာတွင် အားကစားလှုပ်ရှားမှုသည် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကို ရှေးရှုသည်ဆိုသော်လည်း ယခုကဲ့သို့ နိုင်ငံတကာအားကစားပြိုင်ပွဲများ၌ အောင်မြင်မှုသည် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို နိုင်ငံတကာအလယ်တွင် ထည်ဝါခံ့ညားစေပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးခြင်းပင်ဖြစ်ပါကြောင်း၊ အားကစားသည် ပြောင်းလဲလာသည့် အခြေအနေအရပ်ရပ်အပေါ်တွင် အရှိန်အဝါနှင့် အနေအထားအရပါ မြင့်မားလာသည့်အတွက် ကျန်းမာရေးသက်သက်၊ အားကစားသက်သက်အဆင့်သာမက နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာအဆင့်အတန်းကို မြှင့်တင်ပေးသည့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပြောင်းလဲလာခဲ့ပြီဟုလည်း ပြောကြားလိုပါကြောင်း။

ယနေ့ကမ္ဘာကြီးတွင် သဘာဝဘေးအန္တရာယ်အမျိုးမျိုးကြောင့် ထိခိုက်ဒဏ်ရာရသူများ၊ လူ့အဖွဲ့အစည်းများအကြား ဖြစ်ပွားနေသည့် ပဋိပက္ခများ၊ တိုက်ခိုက်မှုများနှင့် ဖောက်ခွဲဖျက်ဆီးမှုများ၊ အကြမ်းဖက်မှုများကြောင့် ထိခိုက်ဒဏ်ရာရရှိသူများ များစွာရှိနေသည့်အပြင် မွေးဖွားလာကတည်းက ဆွံ့အ၊ နားမကြား၊ ခြေလက်အင်္ဂါ မပြည့်စုံခြင်းနှင့်ဉာဏ်ရည်မပြည့်မီသူများလည်းရှိနေကြပါကြောင်း၊ ထို့ကြောင့် ယနေ့ကမ္ဘာပေါ်တွင် မသန်စွမ်းဖြစ်ပွားသူအရေအတွက်သည် ကမ္ဘာ့လူဦးရေ၏ ၁၆ ရာခိုင်နှုန်း၊ သန်းပေါင်း ၁၃၀၀ ခန့်ရှိသည်ဟု ၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ကထုတ်ပြန်ထားသည်ကို တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံအတွင်း၌ ၂၀၁၄ ခုနှစ်ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းအရ နိုင်ငံ့လူဦးရေ၏ ၁၂ ဒသမ ၈ ရာခိုင်နှုန်း၊ လူဦးရေ ၅ ဒသမ ၉၆၈ သန်းကျော်သည် မသန်စွမ်းသူများ ဖြစ်ကြသည်ဟုလည်း သိရပါကြောင်း။

မသန်စွမ်းသူများသည်လည်း လူသားများပင်ဖြစ်သဖြင့် မသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာကြံ့ခိုင်ရေးနှင့် စိတ်ဓာတ်ခိုင်မာမြင့်မားရေးတို့ကို အလေးထားလုပ်ဆောင်ပေးကြရန်လည်း လိုအပ်လာပါကြောင်း၊ မိမိတို့နိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၏ ပုဒ်မ (၃၂)၊ ပုဒ်မခွဲ(က)အရ နိုင်ငံတော်အနေဖြင့် မသန်မစွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရမည်ဟု ပြဋ္ဌာန်းထားသည့်အတွက် မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေကို ၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ကာ မသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာရေး၊ ပြုစုပျိုးထောင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိရေးစသည့် လိုအပ်ချက်များကို အလေးထားဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**ပါဝင်ယှဉ်ပြိုင်**

ယနေ့ခေတ်တွင် မသန်စွမ်းသူများ၏ အရေးသည် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာက အထူးအာရုံစိုက်အလေးထားလာသည့် အရေးကိစ္စတစ်ရပ်ဖြစ်လာခဲ့ပါကြောင်း၊ ထို့ကြောင့်လည်း အာဆီယံဒေသတွင်းရှိ မသန်စွမ်းသူများ အားကစားအဆင့်အတန်း မြင့်မားတိုးတက်စေရေးနှင့် ချစ်ကြည်ရင်းနှီးမှုမြှင့်တင်နိုင်ရေးအတွက် ၂၀၀၁ ခုနှစ်တွင်စတင်ဖွဲ့စည်းခဲ့သည့် အာဆီယံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ASEAN ParaSports Federation (APSF)ကို အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့်လည်း အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခဲ့ပြီး မသန်စွမ်းသူများအားကစားပြိုင်ပွဲတိုင်းကို ပါဝင်ယှဉ်ပြိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ပါဝင်ယှဉ်ပြိုင်သည့်ပြိုင်ပွဲများတွင် အားကစားသမားဦးရေ အနည်းငယ်သာဖြစ်သော်လည်း ပြိုင်ပွဲဝင်အားကစား အမျိုးအစားတိုင်းတွင် ဆုတံဆိပ်များစွာ ဆွတ်ခူးပေးနိုင်ခဲ့ကြသည်ကို တွေ့ရှိခဲ့ရပါကြောင်း၊ ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပသည့် (၁၁)ကြိမ်မြောက်ပြိုင်ပွဲတွင် အားကစားသမား ၆၉ ဦးဖြင့် ရွှေတံဆိပ် ၁၄ ခု အပါအဝင် စုစုပေါင်း ဆုတံဆိပ် ၄၃ ခုနှင့် နိုင်ငံအလိုက်ရပ်တည်မှု အဆင့်(၆) ရရှိခဲ့သည်ကို တွေ့ရပြီး ယခု (၁၂) ကြိမ်မြောက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၈ နည်း၊ အားကစားသမား ၈၂ ဦးနှင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ **ရွှေတံဆိပ် ၁၅ ခု၊ ငွေတံဆိပ် ၂၂ ခု၊ ကြေးတံဆိပ် ၁၉ ခု စုစုပေါင်းဆုတံဆိပ် ၅၆ ခု ရရှိပြီး ပြိုင်ပွဲဝင် ၁၁ နိုင်ငံအနက် အဆင့်(၆) ရရှိခဲ့ပါကြောင်း။**

အဆိုပါ ပြိုင်ပွဲမှတ်တမ်းများအရ မြန်မာနိုင်ငံမှ မသန်စွမ်းသူ အားကစားသမားများသည် မသန်သော်လည်း စွမ်းဆောင်ရည်ရှိသူများဖြစ်ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ခဲ့ကြသူများ ဖြစ်သည်ဟု မှတ်တမ်းတင် ဂုဏ်ပြုပြောကြားလိုပါကြောင်း။

**ဝမ်းမြောက်ဂုဏ်ယူ**

ယခုပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အားကစားနည်း ၈ နည်းထဲတွင် ပြေးခုန်ပစ်၊ ရေကူးအားကစားနည်း

တို့မှ ရွှေတံဆိပ် ၁၅ ခု၊ ပြေးခုန်ပစ်၊ ရေကူး၊ အလေးမ အားကစားနည်းတို့မှ ငွေတံဆိပ် ၂၂ ခု၊ ပြေးခုန်ပစ်၊ ရေကူး၊ အလေးမ၊ စစ်တုရင်ပြိုင်ပွဲနှင့် ဂိုးလ်ဘောအားကစားနည်း များမှ ကြေးတံဆိပ် ၁၉ ခု ရရှိခဲ့ပါ ကြောင်း၊ ငွေတံဆိပ် ရရှိခဲ့သည့် အားကစားနည်းများသည်လည်း ပြိုင်ပွဲများ တွင် ဗိုလ်လုပွဲသို့ တက်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ် မရရှိခဲ့ကြသော်လည်း နိုင်ငံအတွက် အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်ခဲ့ကြသည်ကို တွေ့ရှိခဲ့ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူသည်ကို ပြောကြား လိုပါကြောင်း။

အလားတူ ၂၀၂၃ ခုနှစ် ဇွန် ၈ ရက်မှ ၁၂ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ဘန်တန်ကျွန်းတွင် ကျင်းပပြုလုပ်ခဲ့သည့် (၁၇) ကြိမ်မြောက်(ဖိတ်ခေါ်) အရှေ့တောင်အာရှ ကာယ ဗလနှင့် ကာယကြံ့ခိုင်မှု ပြိုင်ပွဲကို မြန်မာနိုင်ငံအပါအဝင် ဘရူနိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် မလေးရှား စုစုပေါင်း ရှစ်နိုင်ငံတို့မှ အားကစားသမား ၈၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာနိုင်ငံ အနေဖြင့် ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ် သုံးခု စုစုပေါင်း ဆုတံဆိပ် ခုနစ်ခု ရယူပေးနိုင်ခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကို ဂုဏ်ပြုဆုငွေများ ထည့်သွင်းချီးမြှင့်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကာယဗလ နှင့်ကာယကြံ့ခိုင်မှုသည်လည်း လူတစ်ဦးချင်းစီအတွက်

ဆုတံဆိပ်များရရှိအောင်
ကြိုးစားယှဉ်ပြိုင်ခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင်
အားကစားသမားများကလည်း မိမိတို့၏
ဖွဲ့၊ လုံ့လ၊ ဝီရိယ၊ ကြိုးပမ်းအားထုတ်
လေ့ကျင့်မှု၊ စည်းကမ်းလိုက်နာမှု၊ အနိုင်မခံ
အရှုံးမပေးသည့် စိတ်ဓာတ်များနှင့်ပေါင်းစပ်ပြီး
နောင်လာမည့် နိုင်ငံတကာပြိုင်ပွဲများတွင်
ယခုထက်ပိုမိုအောင်နိုင်ရေးအတွက်
ဆက်လက်ကြိုးပမ်းသွားကြရန်
အလေးအနက် တိုက်တွန်းမှာကြားလို။

အရေးကြီးသည့်အချက်ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ ထည့်သွင်းကျင်းပမှု မရှိခဲ့ခြင်းကြောင့် အဖွဲ့ချုပ်က ဖိတ်ခေါ်ပြိုင်ပွဲအနေဖြင့် အားဖြည့်ဆောင်ရွက်သည့် ပြိုင်ပွဲဟု သိရပါကြောင်း။

ဆုတံဆိပ်များဆွတ်ခူးရရှိပြီး နိုင်ငံတကာအလယ်တွင် အမိမြန်မာနိုင်ငံတော် အလံကိုလွှင့်တင်ကာ နိုင်ငံတော် သီချင်းသံ လွှင့်ပျံ့အောင် စွမ်းဆောင်ကြိုးပမ်းခဲ့ကြသူများ ဖြစ်ကြသည့်အပြင် နိုင်ငံအလိုက် ထိုက်သင့်သည့်အဆင့် တစ်ခုကို ရယူပေးနိုင်ခဲ့သည့် မသန်စွမ်းအားကစားသမား များနှင့် (၁၇) ကြိမ်မြောက် အရှေ့တောင် အာရှ(ဖိတ်ခေါ်) ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သည့် အားကစားသမားများ၏ ကြိုးပမ်းမှု၊ ဖွဲ့၊ စိတ်ဓာတ်တို့ကို မှတ်တမ်းတင်ပြီး ယခုကဲ့သို့ ထိုက်ထိုက် တန်တန် ဂုဏ်ပြုချီးမြှင့်ရခြင်း ဖြစ်ပါကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်နှင့် ပြည်သူလူထုအပါအဝင် ပြိုင်ပွဲအောင်မြင်စေရေးအတွက် ပံ့ပိုးကူညီပေးကြသည့် လုပ်ငန်းရှင်များ၊ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများကလည်း ဆက်လက်အားပေးချီးမြှောက် ပေးကြရန် မှာကြားလိုပါကြောင်း၊ ဆုတံဆိပ်များရရှိအောင် ကြိုးစားယှဉ်ပြိုင်ခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစား သမားများကလည်း မိမိတို့၏ ဖွဲ့၊ လုံ့လ၊ ဝီရိယ၊ ကြိုးပမ်း အားထုတ်လေ့ကျင့်မှု၊ စည်းကမ်းလိုက်နာမှု၊ အနိုင်မခံ အရှုံးမပေးသည့် စိတ်ဓာတ်များနှင့်ပေါင်းစပ်ပြီး နောင်လာ မည့် နိုင်ငံတကာပြိုင်ပွဲများတွင် ယခုထက်ပိုမိုအောင်နိုင် ရေးအတွက် ဆက်လက်ကြိုးပမ်းသွားကြရန် အလေး အနက် တိုက်တွန်းမှာကြားလိုပါကြောင်း။

မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများကလည်း **“မသန်လည်းလူ သန်လည်းလူ စွမ်းဆောင်မှုသာ အဓိက”** ဆိုသည့် အဖွဲ့ ချုပ်၏ ဆောင်ပုဒ်နှင့်အညီ မိမိတို့၏ အားကစားသမား များကို မြန်မာလူမျိုးတို့၏ အနိုင်မခံ အရှုံးမပေးသည့် စိတ်ဓာတ်၊ တုံးတိုက်တိုက် ကျားကိုက်ကိုက် စိတ်ဓာတ်၊ လေ့ခွက်ချည်းကျန် အလံမလှဲ စိတ်ဓာတ်၊ နိုင်ငံနှင့်လူမျိုးကို ချစ်သည့် အမျိုးသားရေးစိတ်ဓာတ်တို့ကို မွေးမြူပြီး ဆက်လက်လေ့ကျင့်သွားစေရေး တွန်းအားပေး ကြပ်မတ် ဆောင်ရွက်သွားကြရန်၊ ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်

ကြသည့် အားကစားသမားမောင်မယ်များအနေဖြင့်လည်း လာမည့် အားကစားပြိုင်ပွဲများ၌လည်း ယခုထက်ပိုမို အောင်မြင်မှုရရှိရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယ၊ အားမာန်၊ စိတ်ဓာတ်၊ စည်းကမ်းတို့ဖြင့် ရေကုန်ရေခန်း ဆက်လက်အားထုတ်ကြိုးပမ်းကြပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ရေး လေ့ကျင့်ယှဉ်ပြိုင်သွားကြရန် အလေးအနက်ထား တိုက်တွန်းမှာကြားလိုပါကြောင်း ပြောကြားသည်။

■ ■ ■

# (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတို့တွင် နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သားအားကစားသမားများနှင့် အုပ်ချုပ်သူနည်းပြများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားတွင် ပြောကြားသည့်အမှာစကား

( ၂၄ - ၆ - ၂၀၂၃ )





(၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲနှင့် (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတို့တွင် နိုင်ငံ့ဂုဏ်ဆောင်တပ်မတော်သား အားကစားသမားများနှင့် အုပ်ချုပ်သူနည်းပြများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇွန်လ (၂၄) ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားပြီး ဂုဏ်ပြုဆုတံဆိပ်များ ချီးမြှင့်ပေးအပ်သည်။

**တက်ရောက်**

အဆိုပါ ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီးဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီး ချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည် တော်များ၊ (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၁၂) ကြိမ်မြောက် အာဆီယံ မသန် စွမ်းသူများ အားကစားပြိုင်ပွဲတို့တွင် နိုင်ငံ့ဂုဏ်ဆောင်

တပ်မတော်သား အားကစားသမားများနှင့် အုပ်ချုပ်သူ နည်းပြများ တက်ရောက်ကြသည်။

**ဂုဏ်ပြုအမှာစကားပြောကြား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် မိမိတို့တတ်ကျွမ်းထားသည့် အားကစားပညာရပ်များကိုအသုံးချပြီး တပ်မတော်နှင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်အောင် **"လှေခွက်ချည်းကျန် အလံမလှဲတဲ့စိတ်ဓာတ်"၊ "တုံးတိုက်တိုက်ကျားကိုက်ကိုက် စိတ်ဓာတ်"**များဖြင့် အောင်မြင်မှုများရရှိအောင် စွမ်းဆောင်ခဲ့ကြသည့် အားကစားသမားများကို ယခုကဲ့သို့ ဂုဏ်ပြုပေးခြင်းသည် ချီးမြှင့်ထိုက်သူကို ချီးမြှင့်ပေးခြင်းနှင့် မျိုးဆက်သစ် အားကစားသမားမောင်မယ်များအနေဖြင့်လည်း တိုင်းချစ်ပြည်ချစ်စိတ်များ ပိုမိုတိုးပွားပြီး အားကျအတုယူစေနိုင်ရေးအတွက်ပင်ဖြစ်ကြောင်း၊

**"(၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာအားကစားအဖွဲ့အား အပ်နှင်းလိုက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အလံတော်သည် နိုင်ငံတော်၏ ဂုဏ်ဒြပ်သာမက အမျိုးသားရေးတာဝန်ကိုပါ ကိုယ်စားပြုနေသည့်ခံယူချက်ဖြင့် ပြိုင်ပွဲတိုင်းတွင် နိုင်ငံတော်၏ အောင်လံတလူလူ လွင့်ပျံနေစေရေး ရေကုန်ရေခန်း အစွမ်းကုန်ကြိုးပမ်းယှဉ်ပြိုင်သွားရန်"** ဟူ၍ မိမိကိုယ်တိုင် အားကစားသမားများကိုပြိုင်ပွဲမသွားရောက်မီ အောင်နိုင်ရေးအလံအပ်နှင်းစဉ် မှာကြားခဲ့ကြောင်း၊ မှာကြားချက်နှင့်အညီ မိမိတို့ထံရောက်ရှိလာသည့် ရည်မှန်းချက်တာဝန်များအပေါ် နိုင်ငံ့သားကောင်း၊ တပ်မတော်သားကောင်းဟူသည့် စိတ်ဓာတ်ခံယူချက်များဖြင့် အမိနိုင်ငံတော်၏အလံကို တင့်တယ်ဝင့်ထည်စွာ လွင့်ထူနိုင်အောင် ကြိုးပမ်းခဲ့ကြခြင်းအားဖြင့် မြန်မာပီသသည့်စိတ်ကို ပြသခဲ့ကြသည့် တပ်မတော်သားအားကစားသမားများနှင့်တကွအားကစားသမား တစ်ဦးတစ်ယောက်ချင်းစီကို ဂုဏ်ယူအသိအမှတ်ပြုပါကြောင်းကို ပြောကြားလိုကြောင်း။

အားကစားသမားများအနက် မသန်စွမ်းအားကစားသမားများသည် သာမန်အားကစားသမားများထက် ပိုမိုထက်သန်ပြင်းပြသည့် ပြိုင်ပွဲဝင်စိတ်ဓာတ်မျိုးနှင့် ကြိုးစားအားထုတ်မှုမျိုးရှိမှ အောင်မြင်မှုရရှိနိုင်သည်မှာ အထင်အရှားပင်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အဆင့်အတန်းဂုဏ်သိက္ခာရှိသည့် နိုင်ငံတကာအားကစားပြိုင်ပွဲတစ်ရပ်တွင် နိုင်ငံတော်ကိုယ်စား ဆုတံဆိပ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြသည့် အောင်ပွဲရ မသန်စွမ်းအားကစားသမားများသည် မသန်စွမ်းဖြစ်သော်လည်း သာမန်လူများနည်းတူ မိမိတို့ဘဝရပ်တည်မှုနှင့် ထူးချွန်အောင်မြင်မှုများကို ရယူဖန်တီးနိုင်စွမ်းရှိသည်ကို လက်တွေ့သက်သေပြလိုက်ကြခြင်းပင်ဖြစ်ကြောင်း၊ အထူးသဖြင့် **တိုင်းပြည်အတွက် ခန္ဓာအစိတ်အပိုင်း ပေးလှူခဲ့ရသူများက စိတ်ဓာတ်ခိုင်မာပြင်းပြစွာဖြင့် အောင်မြင်မှုရရှိအောင် စွမ်းဆောင်မှုများအတွက် ချီးကျူးဂုဏ်ပြုလို**ကြောင်း၊ ထို့အပြင် တိုင်းပြည်အတွက် ကိုယ်လက်အင်္ဂါစွန့်လွှတ်ခဲ့ရသည့် အခြားတပ်မတော်သားများကိုလည်း မိမိတို့၏ ကျန်းမာရေးအတွက်ပင်ဖြစ်စေ အားကစားကို လေ့လာလိုက်စားကြစေရေး လှုံ့ဆော်ပေးသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

အားကစားနည်းအများစုသည် ကာယအား၊ ဉာဏအားများနှင့် ယှဉ်ပြိုင်ကြရသည့် သဘောရှိသည်ကို တွေ့ရှိရကြောင်း၊ အများစုသည် ခန္ဓာကိုယ်ကြံ့ခိုင်မှုကို အခြေတည်ပြီး ယှဉ်ပြိုင်ကြရလျက်ရှိကြောင်း၊ စိတ်ရှည်သည်းခံမှုအပြည့်နှင့် လေ့ကျင့်နည်းစနစ်မှန်ကန်ပြီး သက်လုံ

> မိမိတို့ထံ ရောက်ရှိလာသည့်
> ရည်မှန်းချက်တာဝန်များအပေါ်
> နိုင်ငံ့သားကောင်း၊ တပ်မတော်သားကောင်း
> ဟူသည့် စိတ်ဓာတ်ခံယူချက်များဖြင့်
> အမိနိုင်ငံတော်၏အလံကို တင့်တယ်
> ဝင့်ထည်စွာ လွင့်ထူနိုင်အောင် ကြိုးပမ်းခဲ့ကြ
> ခြင်းအားဖြင့် မြန်မာပီသသည့်စိတ်ကို
> ပြသခဲ့ကြသည့် တပ်မတော်သား
> အားကစားသမားများနှင့်တကွ
> အားကစားသမား
> တစ်ဦးတစ်ယောက်ချင်းစီကို
> ဂုဏ်ယူအသိအမှတ်ပြု။

ကောင်းမွန်ရန်လည်းလိုအပ်ကြောင်း၊ လက်ဝှေ့၊ ဂျူဒို၊ အလေးမ၊ တိုက်ကွမ်ဒို၊ မြန်မာ့သိုင်းစသည့် အားကစားနည်းများမှ ကိုယ်ကာယကြံ့ခိုင်မှုအပြင် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်နေကြရသည့် တပ်မတော်သားများအတွက် တိုက်ပွဲဝင်အသင့်ဖြစ်စေသည့် ကာကွယ်ရေးစွမ်းအားများကိုပါ ရရှိစေမည်ဖြစ်ကြောင်း၊ ယခုနှစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် တပ်မတော်သား အားကစားသမားများအနေဖြင့် ကာကွယ်ရေးနှင့်ဆိုင်သည့် ကိုယ်ခံပညာရပ်များတွင် ဆုအသီးသီးရရှိခဲ့ကြသကဲ့သို့ နည်းပြများအနေဖြင့်လည်း ထိုနည်းအတိုင်း စွမ်းဆောင်ပေးနိုင်ခဲ့ကြပြီး နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ မွေးထုတ်ပေးနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထို့အပြင် ရိုးရာအားကစားနည်းပြိုင်ပွဲများတွင်လည်း ယဉ်ကျေးမှုအမွေကို လက်ဆင့်ကမ်းထိန်းသိမ်းနိုင်အောင် ယှဉ်ပြိုင်ခဲ့ကြပြီး ရွှေတံဆိပ်ဆွတ်ခူးနိုင်သည်အထိ စွမ်းဆောင်ရည်များကို ပြသနိုင်ခဲ့ကြကြောင်း၊ **အနိုင်မခံ အရှုံးမပေး စိတ်ဓာတ်အပြည့်ဖြင့် နောက်ဆုံးမိနစ်၊ နောက်ဆုံးစက္ကန့်အထိ ခက်ခဲသည့်အင်အားကြီးပြိုင်ဘက်များကိုမလျှော့သောဇွဲ၊ လုံ့လများဖြင့် တုံ့ပြန်ယှဉ်ပြိုင်ခဲ့ကြသည့် တပ်မတော်သား အားကစားသမားများအပါအဝင် အမျိုးသမီးအားကစားသမားများ၏ ပုံရိပ်များသည် ပြည်သူများ၏ နှလုံးသားကို ဖမ်းစားနိုင်ခဲ့သည်အထိ အောင်မြင်မှုများရရှိခဲ့သည်ကို တွေ့ရှိရကြောင်း။**

မိမိတို့တပ်မတော်၌ တပ်ခွဲအလိုက် အားကစားပြိုင်ပွဲများမှတစ်ဆင့် တပ်ရင်းအလိုက်ပြိုင်ပွဲများ၊ ထိုမှတစ်ဆင့် တိုင်းအလိုက်ပြိုင်ပွဲများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အားကစားပြိုင်ပွဲများကိုလည်း နှစ်စဉ်ကျင်းပပေးလျက်ရှိနေသည်ကိုအားလုံးအသိပင်ဖြစ်ကြောင်း၊ အားကစားသည် ကျန်းမာရေးအတွက် ကောင်းကျိုးအဖြာဖြာကို ရရှိစေသကဲ့သို့ စည်းလုံးညီညွတ်ရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ကောင်းစွာအထောက်အကူပြုလျက်ရှိသည်ကို တွေ့ရှိကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေများ ရှင်းလင်းပြသခြင်း အခမ်းအနားတွင် ပြောကြားသည့်အမှာစကား

( ၂၉ - ၆ - ၂၀၂၃ )





ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားကိုးကွယ်လျက်ရှိသည့် ကမ္ဘာပေါ်ရှိထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက်ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှု အခြေအနေများရှင်းလင်းပြသခြင်းအခမ်းအနားကို ဇွန်လ (၂၉) ရက်နေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ သာသနာနုဂ္ဂဟအဖွဲ့ဝင်ပုဂ္ဂိုလ်များ၊ ပြည်တွင်းဘဏ်များနှင့် ကုမ္ပဏီကြီးများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်းရုပ်သံလိုင်းများနှင့် ဆက်သွယ်ရေး အော်ပရေတာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သတ္တုလုပ်ငန်းကုမ္ပဏီများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဦးစွာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ကမ္ဘာပေါ်ရှိထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြသရန်ဖြစ်ကြောင်း၊ အခမ်းအနားသို့တက်ရောက်လာကြသည့် ဓမ္မမိတ်ဆွေများသည် ဘာသာ၊ သာသနာအားဖြင့် သော်လည်းကောင်း၊ နိုင်ငံ၏ လူမှုစီးပွားဘဝဖွံ့ဖြိုး

တိုးတက်ရေးလုပ်ငန်းများတွင်လည်းကောင်း တိုးတက်မှုရှိရန် ကျရာအခန်းကဏ္ဍများမှ ပါဝင်ထမ်းဆောင်နေကြသည့် လူပုဂ္ဂိုလ်များဖြစ်ကြကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အတွက် ဂုဏ်ယူဖွယ်ရာဖြစ်သည့် နေပြည်တော်တွင် မာရဝိဇယ ဘုရားကြီး တည်ထားကိုးကွယ်နေသည့် အခြေအနေများကို သိရှိရန် လိုအပ်သည်ဟုယူဆပြီး ကုသိုလ်စိတ်ပွားများ နိုင်ရေး ရှင်းလင်းပြသခြင်းဖြစ်ပါကြောင်း။

## ရည်ရွယ်ချက်(၄)ရပ်ဖြင့် ဆောင်ရွက်ခဲ့

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ခြင်းနှင့်ပတ်သက်၍ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိမှုကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့် ရည်ရွယ်ချက်(၄)ရပ်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာစစ်စစ်ကို ကိုးကွယ်သည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ ဗုဒ္ဓ၏တရားတော်များကို ပဥ္စမသင်္ဂါယနာတင်ခြင်းကို မင်းတုန်းမင်းလက်ထက်တွင်လည်းကောင်း၊ ဆဋ္ဌသင်္ဂါယနာတင်ခြင်းကို ဝန်ကြီးချုပ်ဦးနုလက်ထက်တွင် လည်းကောင်း ဆောင်ရွက်ခဲ့ကြကြောင်း၊ ထို့ကြောင့် ထေရဝါဒဗုဒ္ဓဘာသာနှင့်ပတ်သက်၍ ခိုင်မာသောအခြေခံရှိခြင်းကြောင့် ထေရဝါဒဗုဒ္ဓဘာသာ မိမိတို့နိုင်ငံတွင် ခိုင်မာမှုရှိခြင်းကို ပြသနိုင်ရန်အတွက် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်အတွက် သာသနာတော် ပြန့်ပွားရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်သာယာဝပြောမှုရှိခြင်းဆိုသည်မှာ ပြည်သူ၊ ပြည်သားအားလုံး အေးအေးချမ်းချမ်းဖြင့် နေထိုင်လုပ်ကိုင် စားသောက်နိုင်ရမည်ဖြစ်ပြီး စီးပွားလာဘ်လာဘများ တိုးတက်စေရမည်၊ ပျော်ပျော်ရွှင်ရွှင် ပညာသင်ကြားနိုင်ရမည်ဖြစ်ကြောင်း၊ ဗုဒ္ဓမြတ်စွာဘုရား၏ အေးမြသည့် အရိပ်အာဝါသအောက်တွင် အားလုံးအေးအေးချမ်းချမ်းဖြင့် သာယာပျော်ရွှင်စွာ နေထိုင်နိုင်ရေးဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာသည် ငြိမ်းချမ်းမှု၊ အေးချမ်းမှု မေတ္တာတရားထားသည့် ဘာသာတရားတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ဗုဒ္ဓဘာသာတရား၏အောက်တွင် ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုရှိစေရေး ရည်ရွယ်ချက်များဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တည်ထားကိုးကွယ်ရန်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

## ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ စတင်တူးဖော်ခဲ့

မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ရန် ဆောင်ရွက်ခဲ့မှုနှင့်ပတ်သက်၍ ၂၀၁၇ ခုနှစ် နှောင်းပိုင်းတွင် ယခင်နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဘုရားကြီးတည်ထားကိုးကွယ်ရန်အတွက် ၎င်းထံလှူဒါန်းထားသည့် စကျင်ကျောက်တော်ကြီးကို တပ်မတော်မှ ဦးဆောင်၍ ဘုရားတည်ထားရန်အတွက် လွှဲအပ်ခဲ့ကြောင်း၊ အဆိုပါကျောက်တော်ကြီးကို တူးဖော်ရရှိရေး ကျွမ်းကျင်ပညာရှင်များဖြင့် အသေးစိတ်စစ်ဆေးဆောင်ရွက်၍ တွက်ချက်ဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ စတင်တူးဖော်ခဲ့ပြီး ၂၀၁၉ ခုနှစ် မတ်လ၌ အမြင့် ၆၅ ပေ၊ ရှေ့အလျား ၁၅၄ ပေ၊ ထု ပေ ၂၀ ရှိ A အဆင့်ရှိသည့် ကျောက်တော်ကြီးကို အကြမ်းထည်ပုံဖော်နိုင်ခဲ့ကြောင်း၊ ဆင်းတုတော်ထုဆစ်ရန်အတွက် တွက်ချက် ဆောင်ရွက်ရာတွင် အချို့ကျောက်သားနေရာများတွင် လိုအပ်ချက်များရှိခြင်းကြောင့် ကျောက်သားများ ထပ်မံထည့်သွင်းရန် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း။

ဆင်းတုတော်ကြီး တည်ထားကိုးကွယ်ရန် ဆောင်ရွက်ရာ၌ ခေတ်အလိုက်တည်ထားဆောင်ရွက်ခဲ့သည့် ရုပ်ပွားတော်များထဲမှ အကောင်းဆုံးဖြစ်သည့် ရတနာပုံခေတ်ဟန် ဘူမိဖဿပုံစံဖြင့် တည်ထားကိုးကွယ်နိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ၁၈၈၅ ခုနှစ်တွင် အထက်မြန်မာပြည် လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီး ၁၈၈၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ မိမိတို့နိုင်ငံ၏သမိုင်းမှာ အဆက်ပြတ်သွားခဲ့ကြောင်း၊ ၁၉၄၈ ခုနှစ်မှသာ လွတ်လပ်ရေး ပြန်လည်ရရှိခဲ့ကြောင်း၊ ကိုလိုနီဖြစ်ခဲ့သည့် ကာလအတွင်း မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုများ ပျက်စီးသွားခဲ့ခြင်းကြောင့် နောက်ဆုံးကျန်ရှိခဲ့သည့် ယဉ်ကျေးမှုကို ယူရန်အတွက် ရတနာပုံခေတ်ဟန်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဘုရားကြီးထုဆစ်ပူဇော်ရန် စဉ်းစားရာတွင် ဉာဏ်တော်ကို အဓိကထားပြီး သတ်မှတ်ထားသည့် ထုံးတမ်းအစဉ်အလာများပေါ်မူတည်၍ လိုအပ်သည့် ပလ္လင်တော်နှင့် ဒူးတော်နေရာများအတွက် စကျင်ကျောက်များ ထပ်မံရရှိရေး ဆောင်ရွက်ခဲ့ကြောင်း၊ ဆင်းတုတော်ကြီး ထုဆစ်ရန်အတွက်

ကျောက်တုံးတော်ကြီးများကို သယ်ယူရေး စီစဉ်ဆောင်ရွက်ခဲ့ရာတွင် ကုန်းလမ်းမှ သယ်ယူရန်အခက်အခဲများရှိခြင်းကြောင့် စကျင်တောင်မှ ရောဝတီမြစ်၊ ၎င်းမှ ဆီမီးခုံဆိပ်ကမ်း၊ ထိုမှတစ်ဆင့် ကုန်းလမ်းမှ နေပြည်တော်သို့ သယ်ဆောင်နိုင်ရေးအတွက် အသေးစိတ်လိုက်လံ ကြည့်ရှုခဲ့ပြီး ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူ၍ ကျောက်တုံးတော်ကြီးများကို ပိုင်းဖြတ် သယ်ယူပင့်ဆောင်ခြင်းများ ဆောင်ရွက်ခဲ့ရကြောင်း၊ ထိုသို့ သယ်ယူချိန်တွင်လည်း ထုထည်ပမာဏကြီးမားခြင်းကြောင့် အခက်အခဲများကြားမှ ပင့်ဆောင်ခဲ့ရကြောင်း၊ စကျင်တောင်မှ သယ်ဆောင်ရန်အတွက် ဆောင်ရွက်ရာတွင်လည်း တပ်မတော်အင်ဂျင်နီယာတပ်ဖွဲ့နှင့် တပ်မတော်(ရေ)တို့ ပူးပေါင်း၍ မြောင်မြစ်သို့ တူးမြောင်းဖောက်လုပ်ရာတွင် မြေကျင်း ၉၂၅၀၇ ကျင်း၊ တူးမြောင်း အရှည် ၄၅၈၃ ပေ ဖောက်လုပ် ဆောင်ရွက်ခဲ့ရကြောင်း၊ အလားတူ ဆီမီးခုံဆိပ်ကမ်းသို့လည်း ရေယာဉ်များဆိုက်ကပ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့ရကြောင်း။

**ကိုးကြိမ်ပင့်ဆောင်ခဲ့ရ**

၂၀၂၀ ပြည့်နှစ် ဇူလိုင် ၃ ရက်တွင် ကျောက်တုံးတော်ကြီးများကို စတင်ပင့်ဆောင်ခြင်းအခမ်းအနားကို ဆောင်ရွက်၍ ပင့်ဆောင်ခဲ့ကြောင်း၊ ကျောက်တုံးတော်ကြီးများ ထိခိုက်မှုမရှိစေရေး စနစ်တကျဖြင့် ပင့်ဆောင်ခဲ့ရပြီး စုစုပေါင်းအနေဖြင့် ကိုးကြိမ် ပင့်ဆောင်ခဲ့ရကာ တန်ချိန်အားဖြင့် ၈၁၅၈ တန် သယ်ဆောင်ခဲ့ရကြောင်း၊ ရေလမ်းခရီးဖြင့် စကျင်ကျောက်တုံးကြီးကို သယ်ဆောင်ခြင်းသည်ကမ္ဘာပေါ်တွင်မှတ်တမ်းဝင်ခဲ့ကြောင်း၊စက်တင်ဘာ ၁၈ ရက်တွင် ကျောက်တုံးတော်ကြီးများအားလုံး ဆီမီးခုံဆိပ်ကမ်းသို့ ရောက်ရှိခဲ့ကြောင်း၊ ဆီမီးခုံဆိပ်ကမ်းမှ စကားအင်းအဝိုင်းအကြား ကျောက်တုံးတော်ကြီးများ ချောမွေ့စွာသယ်ယူနိုင်ရေး ၂၂ မိုင် ၅ ဖာလုံ အရှည်လမ်းအား ဆောင်ရွက်ခဲ့ပြီး နေပြည်တော်သို့ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် စတင်ပင့်ဆောင်ခဲ့ကြောင်း၊ ထိုသို့ ပင့်ဆောင်ရာတွင်လည်း တန်ချိန် ၁၅၀၀ နှင့်၂၀၀၀ ကြား သယ်ဆောင်နိုင်သည့် ကားများသွားလာနိုင်ရေး ရှောင်ကွင်းလမ်းများဖောက်လုပ်ခြင်းနှင့် လမ်းများအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် အချိန်အားဖြင့် လေးလကြာမြင့်ခဲ့ကြောင်း၊ ကျောက်တော်ကြီးများ ပင့်ဆောင်သည့်အချိန်သည် ကိုဗစ်ကာလဖြစ်ပွားနေချိန်နှင့် နိုင်ငံရေးအရ အကျပ်အတည်းများဖြစ်နေသဖြင့် အချို့မှာကျောက်တော်ကြီးများ ပင့်ဆောင်မှုကို အသေးစိတ်သိရှိမှု နည်းပါးကြကြောင်း။

ကျောက်တုံးတော်ကြီးများကို ကုန်းလမ်းခရီးဖြင့် သယ်ယူရာတွင် စုစုပေါင်း ခုနစ်ခေါက်သယ်ယူခဲ့ရပြီး အလေးချိန်အနေဖြင့် ၇၆၃၂ တန်ဖြစ်ကြောင်း၊ ထိုသို့ သယ်ယူရာတွင်လည်း ကျောက်တုံးတော်ကြီးများကို ပင့်ဆောင်သည့် Modula Trailar များ ထုတ်လုပ်သော ဂျာမနီနိုင်ငံမှ Goldhofer Company အနေဖြင့် ကမ္ဘာပေါ်တွင် အလေးချိန်အများဆုံး အရာဝတ္ထုများကို ခရီးအကွာအဝေးအရှည်ဆုံး ရွှေ့ပြောင်း သယ်ယူနိုင်ခဲ့သည့် အသိအမှတ်ပြု Certificate ကို ပေးအပ်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် အလေးချိန်အများဆုံး စကျင်ကျောက်အားအဝေးဆုံးသော ရေလမ်းခရီးသယ်ဆောင်မှုနှင့် အဝေးဆုံးသော ကုန်းလမ်းခရီးသယ်ဆောင်မှုကို ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

**ခမ်းခမ်းနားနား ထင်ထင်ပေါ်ပေါ်ရှိစေရေး**

ဘုရားကြီးတည်ထားကိုးကွယ်ရေး ဆောင်ရွက်ရာတွင် နိုင်ငံ့ဂုဏ်ဆောင်၍ ခမ်းခမ်းနားနားထင်ထင်ပေါ်ပေါ်ရှိစေရေး တည်ဆောက်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့ကြောင်း၊ ဘုရားကြီးတည်ထားကိုးကွယ်ရန်အတွက် မြေနေရာကို စနစ်တကျဖြင့် အကွက်ချ တွက်ချက်ဆောင်ရွက်ခဲ့သကဲ့သို့ နိုင်ငံတော်သံဃာ့မဟာနာယက ဆရာတော်ကြီးများထံမှလည်း ဩဝါဒခံယူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်များ ပြည့်စုံစွာဖြင့် ထည့်သွင်း တည်ဆောက်နိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ ဆရာတော်ကြီးများ၏ ဩဝါဒမိန့်ကြားချက်များအရ မာရဝိဇယဗုဒ္ဓ ဥယျာဉ်တော်အတွင်း ပိဋကတ်သုံးပုံအား ပါဠိအက္ခရာ၊ Romanize Language ဖြင့် ရေးထိုးနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဘွဲ့အမည်ကိုလည်း ဩဝါဒါ စရိယဆရာတော်ကြီးများ၏ မိန့်ကြားချက်အရ “မာရဝိဇယ”ဟူသည့် ဘွဲ့အမည်ကို ဆက်ကပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ပိဋကတ်သုံးပုံအား ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်ထက်အက္ခရာတင် ရေးထိုးနိုင်ရေးနှင့် ကျမ်းစာအုပ်များ ပြုစုထုတ်ဝေနိုင်ရေး ဆောင်ရွက်ရာတွင်လည်း စနစ်တကျဖြင့် ဆောင်ရွက်ခဲ့

ခြင်းဖြစ်ကြောင်း၊ ကျမ်းစာအုပ်များရိုက်နှိပ်ရာတွင်လည်း အရည်အသွေးကောင်းမွန်သည့် စက္ကူများဖြင့် ရိုက်နှိပ်ခြင်းဖြစ်ကြောင်း၊ အလားတူ အဆိုပါ ပိဋကတ်သုံးပုံအား Application ဖြင့် ထည့်သွင်း၍ Tablet များတွင် ဖတ်ရှုနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းပိဋကတ်ကျမ်းစာများကို ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာကိုးကွယ်သည့် ဘာသာရေးဌာနများသို့ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း။

**CNC စက်ကြီးများဖြင့် ထုဆစ်ခဲ့**

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ခြင်းနှင့် ဗုဒ္ဓဥယျာဉ်တည်ဆောက်ခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် အစီအစဉ်များ အဆင့်ဆင့်ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ မာရဝိဇယ ဥယျာဉ်အတွင်း ချောင်းဖြောင့်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီး မန္တလေးရတနာပုံခေတ် မင်္ဂလာတံတားပုံစံ တံတားတစ်စင်းကိုလည်း ထည့်သွင်းတည်ဆောက်ခဲ့ကြောင်း၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားမည့်နေရာတွင် တန်ချိန် ၂၀၀၀၀ ခံနိုင်ရည်ရှိသည့် အောက်ခံခုံတည်ဆောက်နိုင်ရန်အတွက် ဘိုးပိုင်များရိုက်၍ ဆောင်ရွက်ခဲ့ကြောင်း၊ ပလ္လင်တော်အစိတ်အပိုင်းများ ပင့်ဆောင်နေရာချထားခြင်းနှင့် တွဲဆက်ခြင်းများကိုလည်း စနစ်တကျဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ပလ္လင်တော်အစိတ်အပိုင်းများကို ထုဆစ်ရာတွင်လည်း CNC စက်ကြီးများဖြင့် ထုဆစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ရေပန်းရင်ပြင်တည်ဆောက်ခြင်းနှင့် ရေပန်းဝိုင်းအကြီး၊ ရေပန်းဝိုင်းအသေးလုပ်ငန်းများကိုလည်း စနစ်တကျဖြင့် တည်ဆောက်ခဲ့ကြောင်း၊ အလားတူ သုဓမ္မာဇရပ်များတည်ဆောက်ရာတွင် ကျွန်းတိုင်များအသုံးပြု၍ မြန်မာမှုလက်ရာများဖြင့် ရေးမူမပျက် ဆောက်လုပ်ထားခြင်းဖြစ်ပြီး ဘုရားဖူးလာ ပြည်သူများ အနားယူနိုင်မည်ဖြစ်ကြောင်း။

ဆင်းတုတော်ကြီးအား ထုဆစ်ရာတွင်လည်း ကိုးပေအရွယ်ရှိသည့် ကျောက်ဆစ်ရုပ်ပွားတော်ကို နမူနာထုဆစ်၍ ဆောင်ရွက်ခဲ့ပြီး ဆရာတော်ကြီးများထံမှ ဩဝါဒခံယူဆောင်ရွက်ခဲ့ကြောင်း၊ ဆင်းတုတော်ကြီးကိုလည်း အပိုင်းလိုက်ခွဲ၍ CNC စက်များဖြင့် အဆင့်ဆင့် ထွင်းထုခဲ့ခြင်းဖြစ်ကြောင်း။

မာရဝိဇယကျောင်းတော်နှင့်ပတ်သက်၍ မာရဝိဇယဗုဒ္ဓမုစလိန္ဒကန် ရုပ်ပွားတော်မြတ်ကြီးကို စောင့်ရှောက်ရန်အတွက် ဩဝါဒါစရိယဆရာတော်ကြီးများရှိရန်လိုအပ်သဖြင့် မာရဝိဇယကျောင်းတော်ကို တည်ဆောက်ခဲ့ကြောင်း၊ အဆိုပါကျောင်းတော်တွင် သံဃာတော်ငါးပါးသီတင်းသုံးနိုင်မည်ဖြစ်ကြောင်း၊ မုစလိန္ဒကန်နှင့် နဂါးရုံဘုရားတည်ထားရာတွင်လည်း ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒခံယူလျက် ဝိနည်းမဟာဝါ ပါဠိတော်၊ ဝိနည်းမဟာဝါ အဋ္ဌကထာ၊ သာရတ္ထဋီကာ၊ မူလပဏ္ဏာသအဋ္ဌကထာ၊ ဥဒါန်းပါဠိတော်၊ ဇာတကအဋ္ဌကထာ စသည့် ပိဋကတ်တော်လာအဆိုများနှင့် မဟာဗုဒ္ဓဝင် ကျမ်းဂန်တော်များနှင့်အညီ ပြည့်စုံစွာတည်ထား ကိုးကွယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျည်းပင်သုံးပင်ကိုလည်း စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်း။

ဆင်းတုတော်အပိုင်းများ တွဲဆက်ခြင်းများကို အခက်အခဲများကြားမှ အဆင့်ဆင့်ဆောင်ရွက်ခဲ့ကြောင်း၊ ဆင်းတုတော် အစိတ်အပိုင်းများ ရွှေ့ပြောင်းရာတွင်လည်း အမှားအယွင်းများမရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ကျောက်စာရုံစေတီများ တည်ဆောက်ခြင်းနှင့်ပတ်သက်၍ ဘုရားဖူးလာ မိဘပြည်သူများအနေဖြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ချိန်တွင် ကျောက်စာတိုက်အတွင်းရှိ ပိဋကတ်သုံးပုံတော်လာ အဋ္ဌကထာဋီကာ ကျမ်းစာများကို တစ်ပါတည်း လေ့လာဖတ်ရှု ကြည်ညို

**မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး**
**တည်ထားကိုးကွယ်ခြင်းနှင့်ပတ်သက်၍**
**ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် ထေရဝါဒ**
**ဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်း**
**တောက်ပလျက်ရှိမှုကိုပြသရန်၊**
**မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာ**
**ကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊**
**နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊**
**ကမ္ဘာကြီးငြိမ်းချမ်း သာယာမှုဖြစ်စေရန်**
**စသည့်ရည်ရွယ်ချက် (၄) ရပ်ဖြင့်**
**ဆောင်ရွက်ခဲ့ခြင်းဖြစ်။**

နိုင်ရေးအတွက် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီ စက်ကိရိယာများ အသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ ထွင်းထုထည့်သွင်း၍ တည်ထား ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျောက်စာရုံစေတီတော် များကို မန္တလေးမြို့ မဟာကုသိုလ်တော်ဘုရား ကျောက်စာ ရုံများပုံစံယူ၍ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျောက်စာ များ ရေးထိုးရာတွင်လည်း မှားယွင်းမှုမရှိစေရေးအတွက် ရန်ကုန်၊ မန္တလေးနှင့် သီတဂူသာသနာ့တက္ကသိုလ်တို့မှ ပါမောက္ခချုပ်များဦးဆောင်မှုဖြင့် ဆရာတော်ကြီးများမှ နေ့စဉ်တည်းဖြတ်၍ စနစ်တကျ မှတ်တမ်းတင် ဆောင်ရွက် ခဲ့ခြင်းဖြစ်ကြောင်း၊ ကျောက်စာရုံစေတီတော်များတည် ဆောက်ရာတွင်လည်း မြေနေရာခိုင်ခံ့မှုရှိစေရေး စနစ်တကျ ဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ပြင်ဦးလွင်မြို့ ရွှေစင်မင်း သီလရှင်သင်အမျိုးသမီးပရဟိတ ပညာရေးမူလွန်ကျောင်း နှင့် လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာမှ သီလရှင်ဆရာလေး များက လှူဒါန်းသည့် ဇောခိပင် ၁၀၀၀ ကိုလည်း ကျောက် စာရုံများ၏ ပတ်လည်တွင် စိုက်ပျိုးထားရှိကြောင်း။

**ခက်ခက်ခဲခဲဖြင့် ဆောင်ရွက်နိုင်ခဲ့**

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော် အပိုင်းများတွဲဆက်ရာတွင် ခိုင်မာမှုရှိစေရေးအတွက် ခေတ်မီ နည်းပညာများဖြင့် ဆောင်ရွက်ထားရှိကြောင်း၊ အလားတူ တွဲဆက်ထားသည့် ဆင်းတုတော်အပိုင်းများကို ပင့်ဆောင် ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ အင်ဂျင် နီယာအသင်းနှင့် တပ်မတော်အင်ဂျင်နီယာတပ်ဖွဲ့တို့ပူးပေါင်း ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ပြည်ပပညာရှင်များ လုံးဝ ပါရှိခြင်းမရှိကြောင်း၊ တန်ချိန်ပေါင်း ၁၇၀၀ ရှိသည့် ဆင်းတုတော်အပိုင်း(၁၊ ၂၊ ၃) တို့တွဲဆက်ထားသည့် အပိုင်းအား ပင့်ထောင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် အတွက် သံမဏိပန်းတောင်းကို အသုံးပြုခဲ့ရကြောင်း၊ ဆင်းတုတော်အပိုင်းများ ထည့်သွင်းထားသည့် သံမဏိ ပန်းတောင်းကို တန်ချိန် ၁၅၀၀ ရှိသည့် သံမဏိမျှော်စင် ကြီးနှင့် တန်ချိန် ၂၅၀ ရှိ အထောက်အကူပြု သံမဏိစင်ကို အသုံးပြု၍ဆောင်ရွက်ခဲ့ရကြောင်း၊ ထိုသို့ပင့်ထောင်ခြင်း လုပ်ငန်းများနှင့် ပင့်ဆောင်ခြင်းလုပ်ငန်းများကို အမှား အယွင်းများမရှိစေရေး ခက်ခက်ခဲခဲဖြင့် ဆောင်ရွက်နိုင် ခဲ့ကြောင်း။

**ဥပနာသွင်းလှူပူဇော်နိုင်ခဲ့**

ဇန်နဝါရီ ၂၇ ရက်တွင် ရတနာပလ္လင်တော်ထက်၌ ဥပနာထည့်သွင်းပူဇော်ခြင်း မဟာမင်္ဂလာ အခမ်းအနားနှင့် ဖေဖော်ဝါရီ ၁၀ ရက်တွင် ရတနာပလ္လင်တော်ထက်၌ ဒုတိယ အကြိမ်ဥပနာ ထည့်သွင်းပူဇော်ခြင်း မဟာမင်္ဂလာအခမ်း အနားတို့ကို ဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်တစ်ဝန်းလုံးမှ (၇) ရက် သားသမီး၊ ဘုရား ဒါယကာ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များက ကုသိုလ် ပြုလှူဒါန်းထားသည့် အဖိုးတန်ကျောက်မျက်ရတနာ ဥပနာတော်ကုသိုလ်ပစ္စည်းများ ဥပနာသွင်းလှူပူဇော် နိုင်ခဲ့ကြောင်း။

သာသနာ့ဗိမာန်နှင့်ပတ်သက်၍ သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများကို ခမ်းနားသိုက်မြိုက်စွာဖြင့် ကျင်းပ ပြုလုပ်နိုင်ရန်အတွက် သံဃာတော်အပါး ၉၀၀ နှင့် လူ ပရိသတ် ၁၂၀၀ ဝင်ဆံ့နိုင်သည့် အလျား ၂၉၆ ပေ၊ အနံ ၂၁၃ ပေ၊ အမြင့် ၉၄ ပေရှိ သာသနာ့ဗိမာန် အဂ္ဂါဓိပတိဝိ သုံဂါမသိမ်တော်ကြီးကို ခမ်းနားထည်ဝါစွာဖြင့် တည်ဆောက်ခဲ့ကြောင်း၊ သာသနာ့ဗိမာန်တော်ကြီးသည် သိမ်သမုတ်ထားသည့် သိမ်တော်ကြီးတစ်ခုဖြစ်ကြောင်း။

**စနစ်တကျ တွက်ချက်တည်ဆောက်ခဲ့**

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လက်မှု အချောသပ်လုပ်ငန်းနှင့် ဆေးသင်္ကန်းကပ်ခြင်း လုပ်ငန်း ဆောင်ရွက်မှုနှင့်ပတ်သက်၍ ဆရာတော်ကြီးများထံမှ သြဝါဒခံယူဆောင်ရွက်ခဲ့ကြောင်း၊ ဥဏ္ဏာလုံ မွေးရှင်တော် မြတ်ကိုလည်း တပ်ဆင်ပူဇော်ခဲ့ကြောင်း၊ ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီး တည်ဆောက်ရန်အတွက် ပန္နက်ရိုက်ခဲ့သည်မှ ယနေ့အထိ ရက်ပေါင်း ၁၁၁၀၊ ၃ နှစ်နှင့် ၁၅ ရက်ကြာ မြင့်ခဲ့ပြီဖြစ်ကြောင်း၊ ရုပ်ပွားတော်မြတ်ကြီး ရေရှည်တည်တံ့ ခိုင်မြဲစေရေးအတွက် တန်ချိန် ၂၀၀၀၀ အထိ ခံနိုင်သော အောက်ခံအမာရရှိရေး၊ တစ်နာရီ လေတိုက်နှုန်း မိုင် ၁၂၀ ရှိသည့် လေပြင်းမုန်တိုင်းတိုက်ခတ်မှုဒဏ်ခံနိုင်ရေး၊ မြန်မာ နိုင်ငံတွင် အမြင့်ဆုံးလှုပ်ခတ်နိုင်သည့် ရစ်ချ်တာစကေး ၈ ဒသမ ၈ အထိ မြေငလျင်ဒဏ်ခံနိုင်ရေးနှင့် လျှပ်စီး မိုးကြိုးများကြောင့် ဆင်းတုတော်ကြီး ထိခိုက်မှုမရှိစေရေး တို့အတွက် အင်ဂျင်နီယာရှုထောင့်မှ စနစ်တကျ တွက်ချက် တည်ဆောက်ခဲ့ကြောင်း၊ ဆင်းတုတော်ကြီး၏ ကျောက် တုံးတော်ကြီးများကို တွဲဆက်ခြင်းများဆောင်ရွက်ရာတွင်

လည်း နည်းလမ်းများနှင့် ခေတ်မီနည်းလမ်းများ ပေါင်းစပ်တည်ဆောက်ထားခြင်းဖြစ်ကြောင်း။

**အသေးစိတ်ရှင်းလင်းပြသ**

ရင်ပြင်တော်ကြီး တည်ဆောက်ရေးနှင့် ပတ်သက်၍ မြက်ခင်းများကိုလည်း ထည့်သွင်းတည်ဆောက်ထားကြောင်း၊ ဂန္ဓကုဋိတိုက်များကိုလည်း စကျင်ကျောက်များ အသုံးပြု၍ မန္တလေးမြို့ အတုမရှိ ကျောင်းတော်၏ပုံစံအတိုင်း အဆောင်တစ်ခုနှင့်တစ်ခု အနုလက်ရာများ လုံးဝမတူညီသည့် ၂၄ ဆောင် တည်ဆောက်ထားပြီး ဘုရားဖူးလာပြည်သူများအနေဖြင့် နေပူပြင်းသည့်အချိန်များတွင် ဂန္ဓကုဋိတိုက်တော်များအတွင်းမှ ဘုရားကြီးကို ဖူးမြော်ကြည်ညိုနိုင်စေရန် တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ ဘုရားရင်ပြင်တော်ပေါ်သို့ တက်ရောက်နိုင်ရေးအတွက် စက်လှေကားကိုလည်း ထည့်သွင်းတည်ဆောက်ထားရှိကြောင်း၊ ဘုရားကြီးပရိဝုဏ်တော်အတွင်း အိန္ဒိယနိုင်ငံမှရရှိသည့် ဗောဓိညောင်ပင်ကိုလည်း စိုက်ပျိုးထားရှိကြောင်း၊ ဘုရားကြီး၏ ဘယ်ဘက်နှင့် ညာဘက်တို့တွင် လင်းလွန်းတောနှင့် ဘုရားကြီး၏ အနောက်ဘက်တွင် လင်းလွန်းပင်နှင့် လုမ္ဗိနီအင်ကြင်းပင်များကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ လုမ္ဗိနီအင်ကြင်းပင်များအား အိန္ဒိယနိုင်ငံမှ လှူဒါန်းခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ရေပန်းရင်ပြင်နှင့် ကျောက်စာရုံများအဆင့်ဆင့်တိုးတက်လာမှုကို Drone ဖြင့် ရိုက်ကူးထားရှိမှုမှတ်တမ်း Video Clip နှင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်ကြီး တည်ဆောက်ပြီးစီးပါက ဖူးမြော်မြင်တွေ့ရမည့်အခြေအနေ Video Clip ဖြင့် ရှင်းလင်းပြသပြီး ယခုလာရောက်သည့် ဓမ္မမိတ်ဆွေများအနေဖြင့် အမျိုးဘာသာ၊ သာသနာအတွက်သော်လည်းကောင်း၊ နိုင်ငံတော်၏ လူမှုစီးပွားဘဝတိုးတက်ရေးအတွက်သော်လည်းကောင်း တစ်စိတ်တစ်ပိုင်းတွင် ပါဝင်ထမ်းဆောင်နေကြသူများ၊ နိုင်ငံ့ဂုဏ်ကိုဆောင်နေကြသူများဖြစ်သဖြင့် အသိပေးသင့်သည်ဟုယူဆ၍ ယခုကဲ့သို့ အသေးစိတ်ရှင်းလင်းပြသပေးခြင်းပင်ဖြစ်ကြောင်း၊ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်နေမှုကို သိရှိရခြင်းဖြင့် ကုသိုလ်သဒ္ဓါများပွားနိုင်စေရန် ရည်ရွယ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တည်ဆောက်ခြင်းအတွက် ကြည်ညိုသဒ္ဓါပွားများလျက် အလှူငွေများကိုပေးအပ်လှူဒါန်းလာသဖြင့် ကြားဖြတ်အစီအစဉ်အဖြစ် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လက်ခံရယူသည်။

**ကျေးဇူးတင်စကားပြောကြား**

ယင်းနောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျေးဇူးတင်စကားပြောကြားရာတွင် မိမိတို့အနေဖြင့် ငွေကြေးအကုန်အကျများစွာဖြင့် တည်ထားခဲ့ခြင်းဖြစ်ပြီး ယခုကဲ့သို့သောဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးထပ်မံတည်ဆောက်ရန်မှာ မလွယ်ကူပါကြောင်း၊ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ချိန်တွင် အခက်အခဲများလည်းရှိခဲ့ကြောင်း၊ သာသနာ့ ဗိမာန်တော်ကြီးကိုလည်း အချိန်မီပြီးစီးနိုင်ရေး နေ့၊ ညမပြတ် ဆောင်ရွက်ခဲ့ရကြောင်း၊ သာသနာတော်ဘွဲ့တံဆိပ်ရရှိခဲ့သည့် ပုဂ္ဂိုလ်များနှင့် ဘဏ်လုပ်ငန်းရှင်များ၊ စီးပွားရေးဆိုင်ရာပုဂ္ဂိုလ်များကို အသိပေးလိုသဖြင့် ဖိတ်ကြားဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခမ်းအနားကို အချိန်နှင့်နေရာ ကန့်သတ်ချက်များအကြားမှ ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ လှူဒါန်းမှုများနှင့် ပတ်သက်၍ သဒ္ဓါတရားထက်သန်မှုများဖြင့်လှူဒါန်းခဲ့ကြသည်ကို တွေ့ရှိရကြောင်း၊ အဆောက်အအုံများအလိုက် လှူဒါန်းခဲ့သည့် အလှူရှင်များ၏ အမည်များကိုလည်း ကျောက်ချပ်များပေါ်တွင် ရေးထိုး၍ ကမ္ပည်းမှတ်တမ်းထားရှိပေးမည်ဖြစ်ကြောင်း၊ ယခုတည်ထားကိုးကွယ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ကြီးသည် ပမာဏကြီးမားပြီး လုပ်ငန်းများလည်း ကြီးမားပါကြောင်း၊ ထို့ကြောင့် ယခုတစ်ခဏအချိန်အတွင်း သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းခဲ့ကြသည့် အလှူရှင်များအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

■ ■ ■

# မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအား စွမ်းဆောင်မှုဆိုင်ရာဘွဲ့ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ် ဂုဏ်ပြုချီးမြှင့်စဉ် ပြောကြားသည့်အမှာစကား

( ၃၀ – ၆ – ၂၀၂၃ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနီးကပ်ခိုင်မာအောင် စွမ်းစွမ်းတမံ တည်ဆောက်နိုင်ခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H. E. Dr. Nikolay LISTOPADOV အား စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့၊ ဝဏ္ဏကျော်ထင်ဘွဲ့ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ဇွန်လ(၃၀)ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ ကျင်းပပြုလုပ်သည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးဇေယျကျော်ထင် စည်သူရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သီရိပျံ့ချီ ဦးသန်းဆွေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး အမြဲတမ်းအတွင်းဝန် ဦးခင်လတ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H. E. Dr. Nikolay LISTOPADOV၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး အမြဲတမ်းအတွင်းဝန် ဦးခင်လတ်က ဘွဲ့တံဆိပ်ပေးအပ်သည့်အမိန့်ကို ဖတ်ကြားတင်ပြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနီးကပ်ခိုင်မာအောင် စွမ်းစွမ်းတမံ တည်ဆောက်နိုင်ခဲ့သောကြောင့် စွမ်းဆောင်မှုဆိုင်ရာ ဘွဲ့တံဆိပ်ရရှိခဲ့သည့်

မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H. E. Dr. Nikolay LISTOPADOV ထံ ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်ကို လက်ရောက်ချီးမြှင့်အပ်နှင်းသည်။

ထို့နောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က စွမ်းဆောင်မှုဆိုင်ရာ ဘွဲ့တံဆိပ်ရရှိခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီးအား ဂုဏ်ပြုစကားပြောကြားရာတွင် အဆွေတော်သံအမတ်ကြီးအား ယခုကဲ့သို့ စွမ်းဆောင်မှုဆိုင်ရာဘွဲ့တံဆိပ်ဖြစ်သည့် ဝဏ္ဏကျော်ထင် ဘွဲ့တံဆိပ်ကို ချီးမြှင့်ပေးအပ်ရသည့်အတွက် မြန်မာနိုင်ငံကိုယ်စား များစွာဝမ်းမြောက်ပါကြောင်း၊ အဆွေတော်အနေဖြင့် မြန်မာနိုင်ငံတွင် ရိုးရိုးသံအမှုထမ်းမှ သံအမတ်ကြီးတာဝန်အထိ ၁၄ နှစ်တာကာလခန့် တာဝန်ထမ်းဆောင်ခဲ့ပြီး မြန်မာနိုင်ငံ၏ ခေတ်အဆက်ဆက်ကိုကြုံတွေ့ခဲ့ရသဖြင့် မြန်မာနိုင်ငံနှင့်ပတ်သက်သည့် အတွေ့အကြုံများစွာကို ရရှိပြီးဖြစ်ကြောင်း၊ အဆွေတော်အနေဖြင့် သံအမတ်ကြီးတာဝန်ထမ်းဆောင်ချိန်ကာလအတွင်း မြန်မာရုရှားနှစ်နိုင်ငံသံတမန်ဆက်ဆံမှုမှာ (၇၅) နှစ်ပြည့်မြောက်သည့်အချိန်ဖြစ်ကြောင်း၊ အဆိုပါကာလအတွင်း အဆွေတော်၏ တာဝန်ထမ်းဆောင်မှုမှာ နိုင်ငံရေးအပြောင်းအလဲများအကြားဆောင်ရွက်ရခြင်းဖြစ်သဖြင့် ကြီးမားကျယ်ပြန့်ပါကြောင်း၊ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကို ယခင်ကထက် ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့သဖြင့် ယခုကဲ့သို့ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ကို ချီးမြှင့်အပ်နှင်းခဲ့ရခြင်းဖြစ်ကြောင်း၊ ယခုဘွဲ့တံဆိပ်ချီးမြှင့်ချိန်တွင် အဆွေတော်အနေဖြင့် တာဝန်ပြီးဆုံး၍ ရုရှားနိုင်ငံသို့ပြန်လည်သွားရောက် တာဝန်ထမ်းဆောင်တော့မည့်အချိန်ဖြစ်ကြောင်း၊ သံအမတ်ကြီးတာဝန်ကို ၇ နှစ်တာကာလ တာဝန်ထမ်းဆောင်ချိန်ကာလအတွင်း နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှု နယ်ပယ်များတွင် ကာကွယ်ရေးပိုင်းဆိုင်ရာများ၊ နိုင်ငံတကာရေးရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် အဆွေတော်အနေဖြင့် အကောင်းဆုံးဖြစ်အောင် စွမ်းစွမ်းတမံ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ အဆွေတော်အနေဖြင့် ရုရှားနိုင်ငံသို့ ပြန်လည်ရောက်ရှိချိန်တွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များ ပိုမိုကျယ်ပြန့်ခိုင်မာစေရန်နှင့် ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်ခိုင်မာစေရန် ဆက်လက်ဆောင်ရွက်ပေးစေလိုကြောင်း၊ တပ်မတော်အစိုးရလက်ထက်မှစ၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များ ဖွံ့ဖြိုးတိုးတက်ကောင်းမွန်ခဲ့ပြီး မိမိတာဝန်ထမ်းဆောင်ချိန်တွင် အမြင့်ဆုံး အခြေအနေသို့ ရောက်ရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍လည်း ရုရှားနိုင်ငံ၏ ပူးပေါင်းကူညီပေးမှုများသည်လည်း အဓိကကျကြောင်း၊ မြန်မာနိုင်ငံအတွက်လိုအပ်သည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးရန်အတွက် ရုရှားနိုင်ငံရှိတက္ကသိုလ်များတွင် မြန်မာနိုင်ငံမှ ပညာတော်သင်များ တက်ရောက်သင်ကြားနိုင်ခဲ့ကြောင်း၊ အဆွေတော်အနေဖြင့် မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်ခဲ့မှုများနှင့် ပတ်သက်၍လည်း မိမိအနေဖြင့် အားရကျေနပ်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် မြန်မာနိုင်ငံဆိုင်ရာသံအမတ်ကြီးများကို ဂုဏ်ထူးဆောင်ဘွဲ့ပေးအပ်ခြင်းသည် ယခုရုရှားနိုင်ငံသံအမတ်ကြီးအားပေးအပ်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း၊ အဆွေတော်အနေဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို စွမ်းစွမ်းတမံ

> **နှစ်နိုင်ငံခေါင်းဆောင်များအချင်းချင်း နှစ်ဖက်နားလည်မှု၊ ယုံကြည်မှု၊ လေးစားမှုများဖြင့် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်လာခြင်းဖြစ်၊ အဓိကအားဖြင့် ကာကွယ်ရေး၊ နိုင်ငံရေး၊ ကုန်သွယ်ရေး၊ စီးပွားရေးလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရန် အရေးကြီး၊ လူသားအရင်းအမြစ်များ မွေးထုတ်နိုင်ရေးအတွက် ပညာရေးသည်အရေးကြီး၊ မြန်မာနိုင်ငံမှ ပညာတော်သင်များကို ရုရှားနိုင်ငံတွင် ပညာသင်ကြားပေးနိုင်ခဲ့ပြီး အဆင့်မြင့်ဒေါက်တာဘွဲ့များအထိ ရရှိခဲ့သူများလည်းရှိ။**

ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ ပေးအပ်ချီးမြှင့်ရခြင်းဖြစ်ကြောင်း၊ နောင်အခါတွင်လည်း ကာယကံရှင်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ နိုင်ငံတကာနယ်ပယ်များတွင် အကောင်းဆုံးဆောင်ရွက်ခြင်းများကို ဆောင်ရွက်နိုင်သည့် သံအမတ်ကြီးများကိုလည်း ချီးမြှင့်ပေးနိုင်ရန်အတွက် အခွင့်အလမ်းပင်ဖြစ်ကြောင်း ပြောကြားသည်။

**အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ခဲ့**

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H. E. Dr. Nikolay LISTOPADOV က ဘွဲ့တံဆိပ်လက်ခံရရှိခြင်းအတွက် ကျေးဇူးတင်စကားပြောကြားရာတွင် ယခုကဲ့သို့ ဘွဲ့တံဆိပ်ချီးမြှင့်ပေးသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ မိမိအတွက်သာမက ရုရှားသံရုံးရှိ သံတမန်များနှင့် အမှုထမ်းမိသားစုများအားလုံးအတွက် ဂုဏ်ယူပါကြောင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး တိုးတက်စေရန်အတွက် မိမိအနေဖြင့် တာဝန်ထမ်းဆောင်ချိန်ကာလအတွင်း အင်တိုက်အားတိုက်ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးမှာ အဆင့်မြင့်သည့်ဆက်ဆံရေးသို့ ရောက်ရှိလာပြီဖြစ်ပြီး ယခင်ကထက်များစွာ တိုးတက်ကောင်းမွန်လာပြီဖြစ်ပါကြောင်း၊ အဆွေတော်အနေဖြင့် စက်တင်ဘာလအတွင်း ရုရှားနိုင်ငံ၊ ဗလာဒီဗော့စတော့ခ်မြို့တွင် ကျင်းပပြုလုပ်သည့် (၇) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်စဉ် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဖြင့် ဆွေးနွေးနိုင်ခဲ့ပါကြောင်း၊ နှစ်နိုင်ငံခေါင်းဆောင်များအချင်းချင်း နှစ်ဖက်နားလည်မှု၊ ယုံကြည်မှု၊ လေးစားမှုများဖြင့် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်လာခြင်းဖြစ်ပါကြောင်း၊ အဓိကအားဖြင့် ကာကွယ်ရေး၊ နိုင်ငံရေး၊ ကုန်သွယ်ရေး၊ စီးပွားရေးလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရန်အရေးကြီးပါကြောင်း၊ လူသားအရင်းအမြစ်များ မွေးထုတ်နိုင်ရေးအတွက် ပညာရေးသည်အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံမှ ပညာတော်သင်များကို ရုရှားနိုင်ငံတွင် ပညာသင်ကြားပေးနိုင်ခဲ့ပြီး အဆင့်မြင့်ဒေါက်တာဘွဲ့များအထိ ရရှိခဲ့သူများလည်းရှိကြောင်း၊ ဘာသာရေးနှင့်ပတ်သက်၍လည်း နှစ်နိုင်ငံအပြန်အလှန် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိအနေဖြင့် မြန်မာနိုင်ငံတွင် ၁၄ နှစ်ခန့် တာဝန်ထမ်းဆောင်ခဲ့ပြီး မြန်မာနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲများကို တွေ့ကြုံခဲ့ရကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်နိုင်ရေး မိမိအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သမိုင်းကြောင်းအရ နှစ်နိုင်ငံဆက်ဆံရေးသည် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးရှိပြီးဖြစ်ပြီး အနာဂတ်ကာလတွင်လည်း ဆက်လက်ကောင်းမွန်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆွေတော်အနေဖြင့် မြန်မာနိုင်ငံတွင် ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်နေမှုများအပေါ်လည်း အသိအမှတ်ပြုတန်ဖိုးထားပါကြောင်း၊ မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးများကို ဆောင်ရွက်နိုင်မည်ဟု ခိုင်ခိုင်မာမာယုံကြည်ပါကြောင်း၊ ရုရှားနိုင်ငံအနေဖြင့်လည်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများတိုးတက်စေရေး မိမိအနေဖြင့် ဆတက်ထမ်းပိုး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ကို ပေးအပ်ချီးမြှင့်သည့်အတွက်လည်း ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

■ ■ ■

# နိုင်ငံ့စီးပွားမြှင့်တင်ရေးအစည်းအဝေးသို့ တက်ရောက်စဉ် ပြောကြားသည့်အမှာစကား

( ၁၀ - ၆ - ၂၀၂၃ )





နိုင်ငံ့စီးပွားမြှင့်တင်ရေးအစည်းအဝေးကို ဇွန်လ(၁၀) ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

### ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စီးပွားရေး ပြန်လည်ဦးမော့လာပြီး ၃ ဒသမ ၂ ရာခိုင်နှုန်းထိ တိုးတက်ခဲ့

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အရေးကြီးသည့် အစည်းအဝေးတစ်ခုဖြစ်ကြောင်း၊ အဓိကအားဖြင့် ကုန်ထုတ်လုပ်မှုများဆောင်ရွက်နေသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများနှင့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ဝန်ကြီးဌာနများအနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့်ပတ်သက်သည့် နည်းလမ်းများကို ဆွေးနွေးကြရန်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စီးပွားရေး ပြန်လည်ဦးမော့လာပြီး ၃ ဒသမ ၂ ရာခိုင်နှုန်းထိ တိုးတက်ခဲ့ကြောင်း၊ သို့သော် နိုင်ငံခြားကုန်သွယ်မှုနှင့်ပတ်သက်၍ လိုအပ်ချက်ရှိနေသည်ကို တွေ့ရှိရကြောင်း၊ ကုန်သွယ်မှု၌ သွင်းကုန်တွင်အဓိကပါရှိသည့် စက်မောင်းဆီနှင့် စားသုံးဆီတင်သွင်းမှုများမှာ ပမာဏများပြားနေသည်ကို တွေ့ရကြောင်း။

၂၀၁၁ ခုနှစ်မှစတင်၍ ဒီမိုကရေစီပြုပြင် ပြောင်းလဲရေးဆောင်ရွက်ခဲ့ပြီး စီးပွားရေးကိုလည်း ဈေးကွက်စီးပွားရေးစနစ်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ဒီမိုကရေစီအစိုးရ ပထမ သက်တမ်းတွင် ပြည်ပမှရင်းနှီးမြှုပ်နှံမှုဝင်ရောက်ခဲ့ပြီး နိုင်ငံ့စီးပွားရေးမှာ ထိုက်သင့်သလောက်တိုးတက်မှုရှိခဲ့

ကြောင်း၊ တိုးတက်မှုနှုန်းအနေဖြင့် ၈ ရာခိုင်နှုန်းကျော်အထိ ရှိခဲ့ကာ နောက်ဆုံးတစ်နှစ်တွင် စီးပွားရေးအနည်းငယ် ကျဆင်းခဲ့ကြောင်း၊ အလားတူ ဒီမိုကရေစီအစိုးရ ဒုတိယ သက်တမ်းပထမနှစ်တွင် စီးပွားရေးတိုးတက်မှု အားကောင်း မည့်အလားအလာတွေ့ရှိရသော်လည်း တတိယနှစ်မှစတင်၍ စီးပွားရေးများကျဆင်းလာသည်ကိုတွေ့ရကြောင်း၊ ၂၀၁၉ –၂၀၂၀ ဘဏ္ဍာနှစ်တွင် နိုင်ငံ့စီးပွားရေးတိုးတက်မှုမှာ ၃ ရာခိုင်နှုန်းကျော်ခန့်သာရှိပြီး နောက်ပိုင်းတွင် အနုတ် ဘက်သို့ ရောက်ရှိခဲ့ကြောင်း။

နိုင်ငံ့စီးပွားကျဆင်းမှုကို သိရှိရန်လိုအပ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနလေးခုကို တာဝန်ပေးအပ်၍ လေ့လာသုံးသပ်မှုများ ဆောင်ရွက်ခဲ့ကြောင်း၊ တွေ့ရှိချက် များအရ နိုင်ငံ့စီးပွားရေး အတက်အကျဖြစ်ခြင်းသည် ကုန်ထုတ်လုပ်မှုနှင့် နိုင်ငံတော်၏ ရငွေ၊ ပို့ကုန်၊ ရင်းနှီး မြှုပ်နှံမှု၊ သဘာဝဘေးဒဏ်ကျရောက်မှု၊ စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုအားနည်းချက်များ၊ စီမံကိန်းအကောင်အထည် ဖော်ရာတွင် လိုအပ်သည့်အကြောင်းအရင်းများနှင့် အဓိက သက်ဆိုင်နေသည်ကို တွေ့ရှိရသည့်အပြင် လုပ်သင့်လုပ် ထိုက်သည်များကို အချိန်မီဆောင်ရွက်နိုင်ခဲ့ခြင်းမရှိခြင်း ကြောင့် နိုင်ငံတော်အနေဖြင့် ဆုံးရှုံးမှုများဖြစ်ပေါ်စေခဲ့ သည်ကို တွေ့ရှိရကြောင်း၊ ထို့အပြင် ပြည်ပအဖွဲ့အစည်း များနှင့် နိုင်ငံကြီးအချို့က ၎င်းတို့လိုရာ စိတ်တိုင်းကျ ဆောင်ရွက်ပေးနိုင်မည့် အစိုးရကို ငွေကြေးထောက်ပံ့မှု များအား နည်းလမ်းမျိုးစုံဖြင့် ပံ့ပိုးလုပ်ဆောင်ခဲ့မှုများ၊ အစိုးရ၏စွမ်းဆောင်ရည်မြင့်မားမှုပုံစံမျိုးဖြစ်စေရန် ဖန်တီးဆောင်ရွက်ပေးသည်ကိုလည်း တွေ့ရှိရသည်ဟု လေ့လာသုံးသပ်ချက် အစီရင်ခံစာအရ သိရှိရကြောင်း။

**စီးပွားရေးကောင်းမွန်မှုသည် လူသားအရင်းအမြစ် ကြွယ်ဝမှုအပေါ်တွင် မူတည်သည်ကိုလည်း တွေ့ရှိရ**

နိုင်ငံတစ်ခု၏ စီးပွားရေးနှင့်ပတ်သက်၍ ကုန်သွယ်မှု၊ အခြားလမ်းကြောင်းမှရရှိသည့် ဝင်ငွေများအပေါ်မူတည်၍ စီးပွားရေးအပြောင်းအလဲများရှိသည်ကို မိမိအနေဖြင့် သုံးသပ်ကြောင်း၊ စီးပွားရေးကောင်းမွန်မှုသည် လူသား အရင်းအမြစ်ကြွယ်ဝမှုအပေါ်တွင် မူတည်သည်ကိုလည်း တွေ့ရှိရကြောင်း၊ စီးပွားရေးကို ကောင်းမွန်အောင် လုပ်ဆောင်နိုင်သည့်၊ ကုန်ထုတ်လုပ်မှုတိုးတက်အောင် လုပ်ဆောင်နိုင်သည့် လူသားအရင်းအမြစ်များ ပေါ်များ လာပါက နိုင်ငံ့စီးပွားသည် တိုးတက်လာမည်ဖြစ်ကြောင်း၊ စီးပွားရေးကောင်းမွန်မှုကို နိုင်ငံများ၌လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍစသည့် ကဏ္ဍသုံးခုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မှုကိုကြည့်၍ နိုင်ငံ၏ GDP ကို တွက်ချက်ကြသည်ကိုတွေ့ရကြောင်း၊ မိမိတို့ နိုင်ငံ၏ GDP မှာ အာဆီယံနိုင်ငံများ၌ အဆင့် ၇၊ အဆင့် ၈ ဝန်းကျင်တွင်ရှိသည်ကို တွေ့ရှိရကြောင်း၊ ၂၀၂၂ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ GDP မှာ အမေရိကန်ဒေါ်လာ ၅၃၆ ဒသမ ၁၆ ဘီလီယံ၊ မလေးရှားနိုင်ငံ၏ GDP မှာ အမေရိကန် ဒေါ်လာ ၄၀၇ ဒသမ ၉၂ ဘီလီယံ၊ ဗီယက်နမ်နိုင်ငံ၏ GDP မှာ အမေရိကန်ဒေါ်လာ ၄၀၆ ဒသမ ၄၅ ဘီလီယံ ရှိပြီး မိမိတို့နိုင်ငံ၏ GDP မှာ အမေရိကန်ဒေါ်လာ ဘီလီယံ ၆၀ နီးပါးရှိကြောင်း၊ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဗီယက်နမ် နိုင်ငံတို့သည် ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်ပြီး စက်မှုနှင့် ကုန်သွယ်မှု လုပ်ငန်းများတွင်အရှိန်ရှိသည့် နိုင်ငံများဖြစ်ကြောင်း၊ သို့သော် အဓိကအခြေခံ ထုတ်ကုန်မှာစိုက်ပျိုးရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်ကြခြင်း ဖြစ်ကြောင်း၊ အဆိုပါ နိုင်ငံများ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးပို့ကုန်နှင့် မိမိတို့နိုင်ငံ၏ ပို့ကုန်ပမာဏများ များစွာကွာခြားလျက်ရှိသည်ကို တွေ့ရကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ကုန်ထုတ်လုပ်မှုများ နည်းပါးသည် ကို တွေ့ရကြောင်း၊ အလားတူ မြေများကိုလည်း အကျိုး ရှိစွာ အသုံးချမှုနည်းပါးပြီး အသုံးပြုသည့် မြေတစ်ကေချင်း အလိုက် အကျိုးရှိစွာဆောင်ရွက်နိုင်မှုမရှိသည်ကိုတွေ့ရ ကြောင်း၊ နိုင်ငံအတွင်း ရေ၊ မြေ၊ သယံဇာတနှင့် လူသား အရင်းအမြစ်များရှိပြီးဖြစ်သော်လည်း စွမ်းအားရှိသမျှ အသုံးမပြုနိုင်သဖြင့် မိမိတို့နိုင်ငံ၏ လယ်ယာကဏ္ဍကြီး သည် GDP တွင် ပါဝင်မှုမှာ နည်းပါးနေခြင်းဖြစ်သည်ကို တွေ့ရကြောင်း၊ စက်မှုကဏ္ဍတွင်လည်း လယ်ယာကဏ္ဍ ကြီးကို အခြေခံသည့်ကုန်ထုတ်လုပ်မှုကို အများဆုံး ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဝန်ဆောင်မှုသည်လည်း ထုတ်လုပ်သည့် ထုတ်ကုန်များအပေါ်မူတည်၍ ငွေကြေး လည်ပတ်စီးဆင်းမှုများ၊ အခြားဝန်ဆောင်မှုများကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုများ နည်းပါး ပါက ဝန်ဆောင်မှုလုပ်ငန်းများလည်း လျော့နည်းနေမည် ဖြစ်ကြောင်း။

လယ်တစ်ကေအထွက်နှုန်း၏ ပန်းတိုင်ရည်မှန်းချက်

မှာ စပါးတင်း ၁၀၀ ဖြစ်ကြောင်း၊ လက်ရှိပျမ်းမျှ ၇၅ တင်း ခန့်ထွက်ရှိသည်ဟု သိရှိရကြောင်း၊ မိုးစပါးစိုက်ပျိုးမှု အနေဖြင့် ၁၅ သန်းခန့်ရှိကြောင်း၊ လက်ရှိအထွက်နှုန်းအရ ဆန်နှင့် ဆန်ကွဲတန်ချိန် ၂ ဒသမ ၂ သန်းခန့် ပြည်ပသို့ တင်ပို့နေရကြောင်း၊ တစ်ဧက တင်း ၁၀၀ ထွက်ရှိအောင် ဆောင်ရွက်နိုင်မည်ဆိုပါက တစ်ဧက ၂၅ တင်းနှုန်းဖြင့် ပိုမိုထွက်ရှိလာမည်ဖြစ်သဖြင့် စပါးတင်းပေါင်း ၃၇၅ သန်း ပိုမိုထွက်ရှိလာပြီး ပျမ်းမျှစပါးတစ်တင်းလျှင် ကျပ်တစ်သောင်းနှုန်းဖြင့် တွက်ချက်မည်ဆိုလျှင်ပင် ထုတ်လုပ်မှုတန်ဖိုး ဘီလီယံ ၃၇၅၀ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ထိုသို့ ပိုမိုထုတ်လုပ်နိုင်ခြင်းကြောင့် တောင်သူများ၏ ငွေကြေးလည်ပတ်သုံးစွဲမှုများ တိုးတက်လာမည်ဖြစ်ပြီး ပြည်တွင်းသုံးစွဲမှုများ တိုးတက်လာမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှု တိုးတက်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် ရောင်းလိုအားနှင့် ဝယ်လိုအားကို တွက်ချက်ကြည့်မည်ဆိုပါက ဘီလီယံ ၈၀၀၀ ခန့် တိုးတက်လာမည်ဖြစ်ကြောင်း၊ ပိုမိုထွက်ရှိလာသည့် စပါးများကို ဆန်အဖြစ်ထုတ်လုပ်၍ ပြည်ပသို့ ရောင်းချမည်ဆိုပါက သန်းပေါင်းများစွာ ဝင်ငွေတိုးတက်လာမည်ဖြစ်ကြောင်း။

**လယ်ယာစိုက်ပျိုးရေးတွင် မြေကိုအကျိုးရှိစွာ အသုံးချဆောင်ရွက်မည်ဆိုပါက လယ်ယာကဏ္ဍကြီးမှ GDP ပါဝင်မှု အချိုးသည် များစွာတိုးတက်လာမည်**

မိမိတို့နိုင်ငံတွင် ယခုနှစ်အတွင်း မိုးစပါး ၁၄ ဒသမ ၉ သန်းစိုက်ပျိုးပြီး လယ်အနေဖြင့် ၁၃ သန်း ကျော်ရှိကြောင်း၊ အဆိုပါ ၁၃ သန်းကျော်တွင် ၆ ဒသမ ၆ သန်း၌ သီးထပ်များ စိုက်ပျိုးကြောင်း၊ သီးထပ်စိုက်ပျိုးခြင်းမပြုနိုင်သည့် မြေ ၇ ဒသမ ၃ သန်းတွင် ပဲအမျိုးမျိုး၊ နေကြာ၊ ပီလောပီနံ (သို့မဟုတ်) သီးနှံတစ်မျိုးမျိုးကို စိုက်ပျိုး၍ တစ်ဧကလျှင် ၁၀ သိန်းဖိုးခန့် ထုတ်လုပ်နိုင်မည်ဆိုပါက ဘီလီယံ ၇၃၀၀ နှင့်ညီမျှသည့် ထုတ်ကုန်ပစ္စည်းများရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လယ်ယာစိုက်ပျိုးရေးတွင် မြေကိုအကျိုးရှိစွာ အသုံးချဆောင်ရွက်မည်ဆိုပါက စိုက်ပျိုးရေးလုပ်ငန်း တစ်ခုတည်းဖြင့် လယ်ယာကဏ္ဍကြီးမှ GDP ပါဝင်မှု အချိုးသည်များစွာ တိုးတက်လာမည်ဖြစ်ကြောင်း၊ အလားတူ ပြည်ပပို့ကုန်များလည်း များစွာတိုးတက်ပြောင်းလဲသွားနိုင်ကြောင်း။

အလားတူ ဆီထွက်သီးနှံစိုက်ပျိုးခြင်းနှင့်ပတ်သက်၍ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ဆီထွက်သီးနှံ (ဆီအုန်းမပါ) တွက်ချက်ကြည့်ပါက စိုက်ပျိုးဧက ၈ သိန်းစိုက်ပျိုးခဲ့ပြီး ဒေသအလိုက် အထွက်နှုန်းများအရ ဆီတန်ချိန် ၆ ဒသမ ၉ သိန်းရရှိမည်ကို တွေ့ရှိရကြောင်း၊ အဆိုပါ ဆီထွက် သီးနှံများအားလုံးကို ဆီထုတ်လုပ်မည်ဆိုပါက တစ်နိုင်ငံလုံး ဆီဖူလုံမှုမှာ ၁၂၆ ဒသမ ၂ ရာခိုင်နှုန်းရှိသည်ကိုတွေ့ရကြောင်း၊ သို့သော် မြေပဲ၊ နှမ်း စသည့်သီးနှံများကို အခြားနည်းများဖြင့် စားသုံးခြင်းများရှိသကဲ့သို့ ပြည်ပသို့တင်ပို့ရောင်းချမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ပြည်ပသို့တင်ပို့မှုမှ ရရှိသည့် ရောင်းရငွေနှင့် ပြည်ပမှ ဆီတင်သွင်းမှုကြောင့် ကုန်ကျငွေများမှာ မကာမိသည်ကို တွေ့ရှိရကြောင်း၊ မြေပဲနှင့် နှမ်းများကို ပြည်ပသို့တင်ပို့ခြင်းမရှိဘဲ ပြည်တွင်းဆီ ထုတ်လုပ်မှုအတွက်သာ အသုံးပြုမည်ဆိုပါက ပြည်တွင်း စားသုံးဆီဖူလုံမှုကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ ထို့ထက် ပိုမိုသေချာစေရန်အတွက် စိုက်ပျိုးဧကများအလိုက် ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ကြိုးစား ဆောင်ရွက်ပါက မိမိတို့နိုင်ငံ၏ ဆီဖူလုံမှုမှာ ၂၄၉ ဒသမ ၅ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ဆီထွက်သီးနှံများ အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက နှစ်စဉ်ပြည်ပမှ ဒေါ်လာသန်း ၆၀၀ ဖိုးခန့် တင်သွင်းနေရသည့် ဆီတင်သွင်းမှုများကို လျှော့ချနိုင်မည်

**နိုင်ငံ့စီးပွားရေး အတက်အကျ**
**ဖြစ်ခြင်းသည် ကုန်ထုတ်လုပ်မှုနှင့်**
**နိုင်ငံတော်၏ ရငွေ၊ ပို့ကုန်၊ ရင်းနှီးမြှုပ်နှံမှု၊**
**သဘာဝဘေးဒဏ်ကျရောက်မှု၊**
**စီးပွားရေးဆိုင်ရာစီမံခန့်ခွဲမှုအားနည်းချက်များ၊**
**စီမံကိန်းအကောင်အထည်ဖော်ရာတွင်**
**လိုအပ်သည့်အကြောင်းအရင်းများနှင့်**
**အဓိကသက်ဆိုင်နေသည်ကို**
**တွေ့ရှိရသည့်အပြင် လုပ်သင့်လုပ်ထိုက်သည်**
**များကို အချိန်မီဆောင်ရွက်နိုင်ခဲ့ခြင်း**
**မရှိခြင်းကြောင့် နိုင်ငံတော်အနေဖြင့်**
**ဆုံးရှုံးမှုများဖြစ်ပေါ်စေခဲ့သည်ကို တွေ့ရှိရ။**

ဖြစ်ကြောင်း၊ အလားတူ ပဲတင်ပို့မှုတွင်လည်း မိမိတို့နိုင်ငံ အနေဖြင့် ကမ္ဘာပေါ်တွင် အဆင့် ၂ နှင့် ၃ နေရာတွင်ရှိကြောင်း၊ မတ်ပဲ၊ ပဲစင်းငုံနှင့် ပဲတီစိမ်းတို့သည် ပြည်ပဈေးကွက်သို့ အများဆုံး တင်ပို့နေသည့် ပဲများဖြစ်ကြောင်း၊ ပဲနှင့် ပတ်သက်သည့် ပစ္စည်းများကိုလည်း အထွက်နှုန်းတိုး အောင်ဆောင်ရွက်မည်၊ စိုက်ပျိုးခြင်းမပြုနိုင်သည့် စိုက်ပျိုးမြေဧက ၇ သန်းကျော်တွင် ပဲများစိုက်ပျိုး ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်မည်ဆိုပါက ပဲ ထုတ်လုပ်မှုသည်ဈေးကွက်သေချာမှုရှိသည့်ကုန်ထုတ်လုပ်မှု ဖြစ်သဖြင့် ပို့ကုန်ပမာဏများ များစွာတိုးတက်လာနိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် ဆန်၊ ဆီထွက်သီးနှံနှင့် ပဲတို့သည် စိုက်ပျိုးရေးကဏ္ဍကြီးတွင် အဓိကအနေဖြင့် ပါဝင်ပြီး GDP ကို တိုးတက်စေနိုင်သဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များအနေဖြင့် အလေးထားဆောင်ရွက်ကြ စေလိုကြောင်း။

**အားပေးဆောင်ရွက်ခဲ့မှုများ အားနည်းခဲ့**

ဝါစိုက်ပျိုးမှုနှင့်ပတ်သက်၍ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် တစ်နိုင်ငံလုံး ဝါစိုက်ပျိုးမှုမှာ စိုက်ဧက ၈ သိန်း ကျော်ရှိ ခဲ့ပြီး ၂၀၂၀-၂၀၂၁ ခုနှစ်တွင် စိုက်ဧက ၃ ဒသမ ၈၉ သိန်း အထိ ကျဆင်းသွားခဲ့သဖြင့် ဧက ၄ သိန်း ကျော်ခန့် လျော့နည်း သွားခဲ့ကြောင်း၊ ထိုသို့လျော့နည်းသွားရခြင်းမှာ ဝါစိုက်ပျိုး မှုကို သေချာစေရန် အားပေးဆောင်ရွက်ခဲ့မှုများ အားနည်း ခဲ့ခြင်းကြောင့်ဖြစ်သည်ကို စိုက်ပျိုးတောင်သူများ၏ တင်ပြချက်အရ သိရှိရကြောင်း၊ ဝါစိုက်ပျိုးဧက ၈ သိန်းကို စနစ်တကျဖြင့် အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဆို ပါက ပြည်တွင်းဝါဖူလုံမှုရှိသည်ကို တွေ့ရှိရကြောင်း၊ ပို့ ကုန်နှင့်ပတ်သက်၍ တိုးမြှင့်ဆောင်ရွက်နိုင်ရန်လိုသကဲ့သို့ ပြည်တွင်းထုတ်လုပ်မှုနှင့်ပတ်သက်၍ ပြည်တွင်းသုံးစွဲမှု အတွက် လုံလောက်စွာထုတ်လုပ်နိုင်ရန် လိုအပ်သည်ကို တွေ့ရှိရကြောင်း၊ အဓိကအားဖြင့် စိုက်ပျိုးရေးလုပ်ငန်း များအတွက် လိုအပ်သည့် မြေဩဇာနှင့် စိုက်ပျိုးရေများ လုံလောက်စွာရရှိအောင် ဆောင်ရွက်ပေးနိုင်မည်ဆိုပါက အထွက်နှုန်းများ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း။

မီးဖိုချောင်သုံးသီးနှံများဖြစ်သည့် ကြက်သွန်ဖြူ ကြက်သွန်နီ၊ အာလူးတို့သည် မိမိတို့နိုင်ငံအနေဖြင့် မရှိမဖြစ် စားသုံးသည့် သီးနှံများဖြစ်ကြကြောင်း၊ ကြက်သွန်ဖြူ အချို့အားပြည်ပမှ တင်သွင်းနေပြီး အာလူးစိုက်ပျိုးမှုမှာ လည်း ပြည်တွင်းလိုအပ်ချက် လုံလောက်ရုံမျှသာ စိုက်ပျိုး ထုတ်လုပ်နိုင်ကြောင်း၊ အဆိုပါ သီးနှံများ၏ တစ်ဧကေ အထွက်နှုန်းများ အားနည်းနေသဖြင့် အထွက်နှုန်းများ တိုးတက်စေရေး စိုက်ပျိုးထုတ်လုပ်နိုင်သည့် တိုင်းဒေသကြီး နှင့် ပြည်နယ်များအနေဖြင့် ဆောင်ရွက်ကြစေလိုကြောင်း၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီနှင့် အာလူးတို့သည် နိုင်ငံ့ စီးပွားမြှင့်တင်ရေးတွင် ကဏ္ဍတစ်ခုအနေဖြင့် ပါဝင် နေသည်ကို သိရှိရန်လိုကြောင်း။

ပြည်ပဈေးကွက်ဝင်ဖြစ်သည့် ကော်ဖီနှင့် လက်ဖက် စိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်၍ သေချာသည့် ထုတ်လုပ်မှုများဖြစ်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဝင်ငွေများ ပိုမိုရရှိစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆန်၊ ဆီထွက်သီးနှံ၊ ပဲ၊ ဝါ၊ မီးဖိုချောင်သုံး သီးနှံများ၊ ကော်ဖီနှင့် လက်ဖက်စိုက်ပျိုးခြင်းတို့ကို အောင်မြင်အောင် ဆောင်ရွက် နိုင်မည်ဆိုပါက စိုက်ပျိုးရေးကဏ္ဍကြီးတွင် များစွာပြောင်းလဲ သွားနိုင်မည်ဖြစ်ကြောင်း။

မွေးမြူရေးကဏ္ဍနှင့် ပတ်သက်၍လည်း ကြက်၊ ဝက်၊ ဆိတ်၊ နွားနှင့် ငါးတို့သည် မိမိတို့နိုင်ငံတွင် မွေးမြူဖြစ် ထွန်းကြောင်း၊ သို့သော် အသား၊ ငါးများ၏ ဈေးနှုန်းများမှာ မြင့်တက်လျက်ရှိကြောင်း၊ အရေအတွက်များများ ထုတ်လုပ် နိုင်မှသာ များများရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ဝယ်လိုအား နှင့် ရောင်းလိုအားမျှတအောင် မွေးမြူရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် တိရစ္ဆာန် အစာများကိုပြည်တွင်းမှ ထွက်ရှိသည့် စိုက်ပျိုးရေး ထုတ်ကုန် များဖြင့် အားလုံးထုတ်လုပ်၍ရကြောင်း၊ အလားတူ ပရိ တင်းခတ်ကြွယ်သည့် မြက်များစိုက်ပျိုးနိုင်သည့် မြေ နေရာများရှိပြီးဖြစ်ကြောင်း၊ အသား၊ ငါးများ၏ ဈေးနှုန်း များကြီးမြင့်ရခြင်းမှာ ထုတ်လုပ်မှုများ အားနည်းခြင်းကြောင့် ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ် များအလိုက် စနစ်တကျ ဆောင်ရွက်ကြစေလိုကြောင်း။

မိမိတို့နိုင်ငံတွင် ပြည်တွင်း၌ ထုတ်လုပ်ရန်အခြေခံ ကောင်းများရှိသော်လည်း ထုတ်လုပ်မှုအားပေးခြင်းမရှိ သဖြင့် ပြည်ပမှတင်သွင်းနေရမှုများရှိကြောင်း၊ ဥပမာအားဖြင့် နို့ထွက်ပစ္စည်းများ၊ စက္ကူများ၊ စက်ဘီးနှင့်ဆိုင်ကယ် တာယာများ၊ ကျွတ်များကို သန်းပေါင်းများစွာတင်သွင်း နေရကြောင်း၊ အလားတူဝါနှင့် ချည်ထည်ပစ္စည်းများကိုလည်း တင်သွင်းနေရကြောင်း၊ အဆိုပါပစ္စည်းများကို ယခင်က

ပြည်တွင်း၌ ထုတ်လုပ်ခဲ့သော်လည်း ထုတ်လုပ်မှုအားမပေးခဲ့ခြင်းကြောင့် စက်ရုံများရပ်ဆိုင်းခဲ့ရကြောင်း၊ ပြည်တွင်း၌ စက္ကူထုတ်လုပ်ရေးလုပ်ငန်း၊ နို့ထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ ရော်ဘာအခြေခံစက်မှုလုပ်ငန်းများနှင့် ချည်ထည်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍကြီးနှင့် စက်မှုကဏ္ဍကြီးတို့တွင် GDP များ တိုးတက်လာမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ကုန်ထုတ်လုပ်မှုများ အားနည်းပြီး ရောင်းကုန်များမရှိသဖြင့် ပြည်ပပို့ကုန်အားနည်းပြီး ပြည်ပကုန်သွယ်မှုတွင် နှစ်ပေါင်းများစွာ လိုငွေများဖြစ်ပေါ်ခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ကုန်သွယ်မှုလိုငွေ ဒေါ်လာ ၁၂ ဘီလီယံကျော်ရှိခဲ့ကြောင်း၊ အလားတူ ၂၀၁၆ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ကုန်သွယ်မှုလိုငွေ ၁၂ ဒသမ ၆၁ ဘီလီယံရှိကြောင်း၊ လိုငွေများကို Non Trade ဝင်ငွေများမှ ရရှိသည့်ငွေများဖြင့် သုံးစွဲခဲ့ခြင်းဖြစ်သည်ကို တွေ့ရကြောင်း၊ ဒီမိုကရေစီအစိုးရ ပထမသက်တမ်းနှင့် ဒုတိယသက်တမ်းတွင် နိုင်ငံတကာမှထောက်ပံ့ငွေ၊ ကူညီငွေနှင့် ချေးငွေများရရှိခဲ့ကြောင်း၊ အဆိုပါရရှိသည့် ငွေများဖြင့် နိုင်ငံတော်၏ နိုင်ငံခြားငွေသုံးစွဲမှုများကို တစ်ဖက်တစ်လမ်းမှ ဖြေရှင်းဆောင်ရွက်သွားသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက တာဝန်ယူဆောင်ရွက်ချိန်တွင် နိုင်ငံတကာမှ ပိတ်ဆို့မှုများ လုပ်ဆောင်လာကြောင်း၊ ရှိပြီးဖြစ်သည့် နိုင်ငံခြားငွေများ သုံးစွဲ၍ မရစေရန်၊ ရရန်ရှိသည့် ရောင်းကုန်ပစ္စည်းရငွေများ မပေးချေနိုင်စေရန်ပိတ်ဆို့မှုမျိုးစုံဖြင့် ဆောင်ရွက်လာကြောင်း၊ မိမိတို့အနေဖြင့် ပို့ကုန်များမရှိဘဲ လိုသမျှကို မှာယူအသုံးပြုနေမည်ဆိုပါက နိုင်ငံခြားငွေလိုအပ်မှုများလာမည်ဖြစ်သဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများမှ ရနိုင်သမျှထုတ်လုပ်နိုင်ရေး တာဝန်ရှိသည်ကို ပြောကြားလိုကြောင်း။

အသုံးစရိတ်ချွေတာရေးနှင့် ပတ်သက်၍ မဖြစ်မနေ သုံးစွဲရန်လိုအပ်သည်များမှအပ ချွေတာသုံးစွဲကြစေလိုကြောင်း၊ ဖြုန်းတီးမှုများမဖြစ်စေရေး အသုံးစရိတ်များကို စနစ်တကျဖြင့် သုံးစွဲကြရန်လိုကြောင်း၊ အသေးစိတ်မှစ၍ မြိုးမြိုးချွေတာနိုင်မှသာ ပြည်တွင်းလိုငွေပြမှုနှင့် နိုင်ငံခြားငွေလိုငွေပြမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ပမှ ဝယ်ယူသုံးစွဲခြင်းထက် ပြည်တွင်းဖြစ်ထုတ်ကုန်များကို အသုံးပြုရန်လိုကြောင်း။

မြေပေါ်မြေအောက် သယံဇာတများ ထုတ်ယူသုံးစွဲခြင်းနှင့်ပတ်သက်၍ မြေအောက်သယံဇာတများ ထုတ်ယူသုံးစွဲခြင်းကို တတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ သို့သော်တရားမဝင်နည်းလမ်းများဖြင့် ထုတ်ယူသုံးစွဲနေမှုများလည်းရှိကြောင်း၊ မြေပေါ်သယံဇာတများဖြစ်သည့် သစ်များကိုလည်း တရားမဝင်ခိုးထုတ်၍ ပြည်ပသို့ တင်ပို့ရောင်းချနေမှုများလည်းရှိကြောင်း၊ ပြည်တွင်းမှထွက်ရှိသည့် သယံဇာတများကို တရားမဝင်နည်းလမ်းများဖြင့်ထုတ်ယူပြီး ပြည်ပသို့မှောင်ခိုတင်ပို့နေခြင်း ကြောင့် နိုင်ငံတော်၏အခွန်ငွေရရှိမှုများကို များစွာထိခိုက်စေလျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်နေမှုများကိုလည်း တာဝန်ရှိသူများအနေဖြင့် စနစ်တကျထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ နယ်စပ်ကုန်သွယ်ရေးတွင် အိမ်နီးချင်းကောင်းပီသစွာဖြင့် မှန်မှန်ကန်ကန် ဆောင်ရွက်သွားရန်လိုကြောင်း။

ပြည်တွင်းစီးပွားရေးနှင့်ပတ်သက်၍ မှန်မှန်ကန်ကန် ဆောင်ရွက်ရန်နှင့် ကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်ရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် ကုန်ထုတ်လုပ်မှုများဆောင်ရွက်ရာတွင် အပိုင်းနှစ်ပိုင်းဖြင့် ဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း၊ ဒေသအလိုက်ကုန်ထုတ်လုပ်မှုမြှင့်တင်ရေး၌ ဒေသတွင်းစားသုံးမှု၊ နိုင်ငံတွင်းစားသုံးမှုအတွက် ဖူလုံအောင်ထုတ်လုပ်ခြင်းနှင့် ပြည်ပပို့ကုန်အတွက် ထုတ်ခြင်းတို့ကိုဆောင်ရွက်ရာတွင် ပြည်တွင်းထုတ်လုပ်မှုအတွက် အသေချာဆုံးဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများမှ ကုန်ထုတ်လုပ်ခြင်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မဖြစ်မနေတိုးမြှင့်ဆောင်ရွက်သွားရန်လိုကြောင်း၊ သွင်းကုန်အစားထိုးထုတ်လုပ်ခြင်းအနေဖြင့် စက္ကူ၊ ရော်ဘာပစ္စည်း၊ နို့ထွက်ပစ္စည်း၊ ချည်ထည်ပစ္စည်း စသည့်ပစ္စည်းများကို ပြည်တွင်း၌ တတ်နိုင်သမျှ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများအတွက် အဓိကလိုအပ်သည့် ဓာတ်မြေဩဇာများရရှိရေးအတွက် ထိုက်သင့်သလောက် ပြည်ပမှတင်သွင်းပေးမည်ဖြစ်ကြောင်း၊ ဓာတ်မြေဩဇာများရရှိရေး ဆောင်ရွက်သကဲ့သို့ သဘာဝမြေဩဇာများ၊ ဇီဝမြေဩဇာများဖြင့်သုံးစွဲရေးအတွက်လည်း ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်တွင်း၌ ဓာတ်မြေဩဇာများ

ထုတ်လုပ်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အားလိုအပ်ချက်နှင့်ပတ်သက်၍ ယခင် အစိုးရသက်တမ်းကာလတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစီမံကိန်းများ အကြောင်းအမျိုးမျိုးကြောင့် ဆိုင်းငံ့ခြင်းနှင့်ဖျက်သိမ်းခြင်းများကို ပြုလုပ်ခဲ့သဖြင့် လက်ရှိအချိန်တွင် မိမိတို့နိုင်ငံတွင် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိမှုမရှိသေးကြောင်း၊ အလားတူ လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းများကိုလည်း အဖျက်အမှောင့်လုပ်ရပ်များ ဆောင်ရွက်နေခြင်းကြောင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုများကို ထိခိုက်စေလျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အသေးစား ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်၊ နေရောင်ခြည်

> မိမိတို့နိုင်ငံတွင် ပြည်တွင်း၌ ထုတ်လုပ်ရန် အခြေခံကောင်းများရှိသော်လည်း ထုတ်လုပ်မှု အားပေးခြင်းမရှိသဖြင့် ပြည်ပမှ တင်သွင်းနေရမှုများရှိ၊ ဥပမာအားဖြင့် နို့ထွက်ပစ္စည်းများ၊ စက္ကူများ၊ စက်ဘီးနှင့် ဆိုင်ကယ် တာယာများ၊ ကျွတ်များကို သန်းပေါင်းများစွာ တင်သွင်းနေရ၊ အလားတူဝါနှင့် ချည်ထည် ပစ္စည်းများကိုလည်း တင်သွင်းနေရ၊ အဆိုပါ ပစ္စည်းများကို ယခင်ကပြည်တွင်း၌ ထုတ်လုပ်ခဲ့သော်လည်း ထုတ်လုပ်မှု အားမပေးခဲ့ခြင်းကြောင့် စက်ရုံများရပ်ဆိုင်းခဲ့ရ၊ ပြည်တွင်း၌ စက္ကူထုတ်လုပ်ရေးလုပ်ငန်း၊ နို့ထွက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း၊ ရော်ဘာအခြေခံစက်မှု လုပ်ငန်းများနှင့် ချည်ထည်ပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍ ကြီးနှင့် စက်မှုကဏ္ဍကြီးတို့တွင် GDP များ တိုးတက်လာမည်ဖြစ်။

စွမ်းအင်သုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများဆောင်ရွက်၍ သုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြမည်ဆိုပါက လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ အလားတူ စပါးခွံလောင်စာသုံး Gasifires Power သုံးစွဲ၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်၍ရကြောင်း၊ မိမိတို့နိုင်ငံတွင် ရေချိုများပေါများစွာရှိပြီး စိုက်ပျိုးရေးအတွက် လိုအပ်သည့် ရေများကို မြစ်ရေတင်လုပ်ငန်းများဖြင့် ဆောင်ရွက်ရန်လိုကြောင်း။

**တရားမဝင်ကုန်သွယ်မှုများနှင့် သယံဇာတပစ္စည်းများ တရားမဝင်ထုတ်လုပ်ခြင်းများသည် မိမိတို့နိုင်ငံစီးပွားရေး၏ ထိုးနှက်ချက်များဖြစ်**

ထုတ်ကုန်ပစ္စည်းများနှင့်ပတ်သက်၍ ဈေးကွက်သုတေသန၊ ထုတ်လုပ်မှုသုတေသနများ ပြုလုပ်ထားရန်လိုကြောင်း၊ ပြည်ပလိုအပ်ချက်ရှိသည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်နှင့် ပို့ကုန်ပစ္စည်းများ အရည်အသွေးကောင်းမွန်စွာဖြင့် အရေအတွက်များများ ထုတ်လုပ်နိုင်ရေး သုတေသနလုပ်ငန်းများ ပြုလုပ်ရန်လိုကြောင်း၊ ဈေးကွက်သုတေသနကိုလည်း အမြဲမပြတ်ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် စိုက်ပျိုးထုတ်လုပ်နေသည့် ထွက်ကုန်ပစ္စည်းများ အရည်အသွေးကောင်းမွန်စေရေး အမြဲမပြတ်သုတေသနပြုဆောင်ရွက်နေရန်တာဝန်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် ကုန်ထုတ်လုပ်ခြင်းထက် ဝယ်ရောင်းလုပ်ငန်းများ ဆောင်ရွက်သည်မှာ ပိုမိုများပြားကြောင်း၊ တရားမဝင်ကုန်သွယ်မှုများနှင့် သယံဇာတပစ္စည်းများ တရားမဝင်ထုတ်လုပ်ခြင်းများသည် မိမိတို့နိုင်ငံစီးပွားရေး၏ ထိုးနှက်ချက်များဖြစ်ကြောင်း။

ခိုင်မာသည့်ဝင်ငွေများရရှိနိုင်သည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်၍ ရောင်းကုန်ပစ္စည်းများရရှိအောင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြမည်ဆိုပါက လက်ရှိဖြစ်ပွားနေသည့် ကုန်ဈေးနှုန်းကြီးမြင့်မှုကို လျှော့ချနိုင်သကဲ့သို့ နိုင်ငံခြားပို့ကုန်များပြားလာပါက ထုတ်လုပ်မှုကြောင့် နိုင်ငံခြားငွေများ တိုးတက်လာနိုင်သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ယခုအချိန်တွင် နိုင်ငံချစ်စိတ်ဖြင့် စီးပွားရေးတိုးတက်အောင်၊ ကုန်ထုတ်လုပ်မှုများတိုးတက်အောင်၊ အသုံးစရိတ်များ လျှော့ချနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊

ယခုအစည်းအဝေးမှ နိုင်ငံ့စီးပွားရေးမြှင့်တင်ရေးနှင့် ပတ်သက်၍ အကြောင်းအရာများ အလိုက်ဖော်ထုတ်ချက်များရရှိပြီး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများကို ပြုလုပ်နိုင်မည်ဖြစ်ကြောင်း မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က နိုင်ငံ့စီးပွားမြှင့်တင်ရေးဆောင်ရွက်ရာတွင် လက်ရှိဖြစ်ပေါ်နေသည့် အကန့်အသတ်များနှင့် ဖြေရှင်းဆောင်ရွက်ရမည့် နည်းလမ်းများ၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် (မတ်လကုန်)အထိ ကဏ္ဍအလိုက် ဂျီဒီပီတိုးတက်မှု၊ လယ်ယာ၊ စက်မှု၊ ဝန်ဆောင်မှု စသည့်ကဏ္ဍကြီးသုံးရပ်တိုးတက်မှု၊ ရန်ပုံငွေ အမျိုးအစားအလိုက်ဆောင်ရွက်နေမှုများ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေထုတ်ချေးပြီးစီးမှု၊ ငွေကြေးဖောင်းပွမှု၊ ရငွေ၊ အသုံးစရိတ်နှင့် ကြွေးမြီ၊ ရငွေတိုးတက်ရရှိရေးနှင့် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ၏ စီမံခန့်ခွဲမှုအားကောင်းရေးကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များ၊ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု၊ သီးနှံအလိုက် အထွက်နှုန်းတိုးတက်ရေးနှင့် ဒေသအတွင်း စားရေရိက္ခာဖူလုံရေးဆောင်ရွက်ထားရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတိုးချဲ့ဆောင်ရွက်သွားရေးနှင့် ပြည်တွင်းထုတ်ကုန်များတိုးမြှင့်ထုတ်လုပ်နိုင်ရေးဆောင်ရွက်နေမှု၊ ပြည်ပသို့ ပို့ကုန်များတိုးမြှင့်တင်ပို့နိုင်ရေးနှင့် ဈေးကွက်ရရှိရေး ဆောင်ရွက်နေမှု၊ ရေထွက်ပစ္စည်း ထုတ်လုပ်နိုင်မှုနှင့် နိုင်ငံခြားဝင်ငွေရရှိမှု၊ KG+9 ပြီးမြောက်သူများ တက်ရောက်နိုင်သည့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးသင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တပ်မတော်အရာရှိကြီးများက နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ၊ စက်ရုံများကို စီးပွားရေးအရ တွက်ခြေကိုက်အောင် ပြုပြင်ပြောင်းလဲဆောင်ရွက်သွားရေး၊ ဈေးကွက်စီးပွားရေးစနစ်ပိုမိုကောင်းမွန်စေရေးနှင့် ကုန်စည်စီးဆင်းမှုပိုမိုမြန်ဆန်ရေး၊ ဈေးကွက်ယှဉ်ပြိုင်မှုမျှတအောင် တရားမဝင်ကုန်သွယ်မှုများ ထိန်းချုပ်ရေး၊ ကုန်စည်စီးဆင်းမှုနှင့် ငွေကြေးစီးဆင်းမှု မှန်ကန်စေရေး၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ MSME လုပ်ငန်းများကို ကူညီပံ့ပိုးဆောင်ရွက်ရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အထွက်နှုန်း တိုးတက်ရေးအတွက် လိုအပ်သည့်ရင်းနှီးမတည်ငွေများ၊ မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ နည်းပညာများ ထိရောက်စွာကူညီပံ့ပိုးဆောင်ရွက်ရေး၊ ပို့ကုန်မြှင့်တင်ရေးနှင့် သွင်းကုန်အစားထိုးထုတ်လုပ်နိုင်မည့်လုပ်ငန်းများ ဦးစားပေးဆောင်ရွက်ရေး၊ တပ်မတော်စက်ရုံအလုပ်ရုံများမှ ထုတ်ကုန်များ ထုတ်လုပ်ရောင်းချပေးမှုနှင့် တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်၍ ပြည်သူများသို့ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိမှု အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်ပြောကြားရာတွင် ဆီထွက်သီးနှံနှင့်ပတ်သက်၍ ပြည်ပသို့ မြေပဲနှင့် နှမ်းများ တင်ပို့ခဲ့ကြောင်း၊ မြေပဲနှင့်နှမ်းများကို ပြည်တွင်း၌ ဆီထုတ်လုပ်ခြင်း ဆောင်ရွက်မည်ဆိုပါက ပြည်တွင်းဆီဖူလုံမှုကို အထောက်အကူပြုမည်ဖြစ်သကဲ့သို့ ထွက်ရှိလာသည့် ကြိတ်ဖတ်များကိုလည်း တိရစ္ဆာန်အစားအစာများဖြင့် ထုတ်လုပ်နိုင်ကြောင်း၊ အလားတူ စက်ဘီးနှင့် မော်တော်ဆိုင်ကယ်များ၏ တာယာနှင့် ကျွတ်များကိုလည်း များစွာတင်သွင်းခဲ့ရကြောင်း၊ အဆိုပါတာယာနှင့်ကျွတ်များကို ပြည်တွင်း၌ ထုတ်လုပ်၍ရသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စဉ်းစားဆောင်ရွက်ကြစေလိုကြောင်း၊ နယ်စပ်ဒေသကုန်သွယ်မှုများမှ နိုင်ငံ့ဝင်ငွေကို ထိခိုက်စေမှုများဖြစ်သည့် မသမာသည့် ကုန်သွယ်မှုများ ဖြစ်ပေါ်နေမှုအပေါ် စနစ်တကျဖြင့်ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် တာဝန်ရှိသူများအားလုံး အနေဖြင့် မှန်မှန်ကန်ကန်ဖြင့် တင်ပြဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် နိုင်ငံပိုင်စက်ရုံ အလုပ်ရုံများအား အကျိုးအမြတ်ရှိစွာဖြင့် လည်ပတ်နိုင်ရေးဆောင်ရွက်ရန် တိုက်တွန်းပြောကြားလိုကြောင်း၊ ပုဂ္ဂလိကမှ ဆောင်ရွက်နိုင်ခြင်းမရှိသည့် စက်ရုံအလုပ်ရုံများကို ဆောင်ရွက်ရာတွင်လည်း မှန်မှန်ကန်ကန်ဖြင့် ကိုယ်ကျိုးအတွက်မကြည့်ဘဲဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များသည် MSME လုပ်ငန်းများအတွက် သေချာသည့်ကုန်ကြမ်းများဖြစ်ကြောင်း၊ အဆိုပါ ကုန်ကြမ်းများကို အကျိုးရှိစွာအသုံးချ၍ အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်များထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ဒေသစီးပွားရေးမြှင့်တင်ရေးအတွက် ရင်းနှီးမြှုပ်နှံငွေများကို ထုတ်ပေးထားပြီးအများအတွက် အကျိုးရှိစေရေး စနစ်တကျအသုံးချရန်လိုကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်းဖြစ်သည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုဆောင်ရွက်နိုင်ရန်အတွက် လူသားအရင်းအမြစ်များကိုလည်း မွေးထုတ်ပေးနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းမှာ တိုင်းပြည်၏ အနာဂတ်တိုးတက်ရေးအတွက်ပင်ဖြစ်ကြောင်း၊ အတန်းပညာရှိမှသာ အတတ်ပညာများ တတ်မြောက်မည်ဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေး၊ စက်မှုနှင့် နည်းပညာသင်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ လူသားအရင်းအမြစ်ပေါ်များ ကြွယ်ဝစွာရရှိရေးမှာ အရေးကြီးကြောင်း၊ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ကျောင်းတက်ရောက်ပြီး အတန်းပညာရရှိရေးနှင့် အတတ်ပညာများရရှိရေး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

■ ■ ■